http://www.dhammadownload.com

# မဂ်ဖိုလ်ရမည့်သမာဓိအဆင့်ဆင့်

(မယ်တော်ကြီးထံဝိပဿနာပေးစာ)










မေတ္တာချစ်
(ရွှေပြည်သာ)

http://www.dhammadownload.com







**ခန္ဓာရှိလို့သေရသည် ခန္ဓာမရှိလျှင်မသေ**
**ခန္ဓာငါးပါး (သို့မဟုတ်) လူသတ်သမားငါးယောက်**

၁။ ရူပက္ခန္ဓာ - ရေမြှုပ်နှင့်တူ၏ (မခိုင်မာသောသဘော)

၂။ ဝေဒနာက္ခန္ဓာ - ရေပွက်နှင့်တူ၏ (မတည်မြဲသောသဘော)

၃။ သညာက္ခန္ဓာ - တံလျှပ်နှင့်တူ၏ (အထင်မှားအမှတ်မှားသောသဘော)

၄။ သင်္ခါရက္ခန္ဓာ - ငှက်ပျောတုံးနှင့်တူ၏ (အနှစ်မရှိသောသဘော)

၅။ ဝိညာဏက္ခန္ဓာ - မျက်လှည့်နှင့်တူ၏ (လိမ်လည်လှည့်စားတတ်သောသဘော)

http://www.dhammadownload.com

မေတ္တာရှင်(ရွှေပြည်သာ)၏

# မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်

(မယ်တော်ကြီးထံ ဝိပဿနာပေးစာ)



ရွှေပြည်သာ စာပေ

မန္တလေးကျောင်းတိုက်၊
၆/၁၀-ရပ်ကွက်၊ ချင်းတွင်းလမ်း
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
ဖုန်း/၀၁-၆၁၁၆၂၂၊ ၀၉-၅၀၁ ၆၆၆၃

ရွှေပြည်သာစာပေ

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၃၂၀၈၃၈၁၂၀၇

❖

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၃၂၇၀၇၀၈

❖

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၀၈

❖

**အုပ်ရေ** - ၃၀၀၀၀

❖

**မျက်နှာဖုံးဒီဇိုင်း**

ကိုးဖြိုး(အင်ပါယာ)

❖

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ကိုဇော်မြင့်ဝင်း၊ ကာလာဇုံအော့ဖ်ဆက်

၁၈၄ ဘီ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဒေါ်လေးလေးမိ(တနင်္သာရီစာပေ)

အမှတ်(၅၃)၊ ဖို့မြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်ကုန်မြို့။

❖

**စီစဉ်သူ**

ဦးစိုးတင့်၊ ဦးဆန်းထွန်း

❖

**တန်ဖိုး**- ၈၀၀ ကျပ်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | (က) |
| ၁။ | မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်ကို လေ့လာခြင်း | (ခ) |
| ၂။ | မယ်တော်ကြီးထံ ဝိပဿနာပေးစာ | ၁ |
| ၃။ | တရားစစ်တရားမှန်ရဲ့ အင်္ဂါ | ၂ |
| ၄။ | ပဋ္ဌာသ-မတူဘဲ တုပြိုင်ခြင်း | ၃ |
| ၅။ | ပညာလာက သီလ,သမာဓိပါရ | ၆ |
| ၆။ | အယူမှားကို ဖြစ်စေတတ်သော သမာဓိများ | ၁၀ |
| ၇။ | သေလောက်အောင် မနာလိုသူ | ၁၂ |
| ၈။ | မိစ္ဆာသမာဓိများ | ၁၃ |
| ၉။ | သောတာပန်တည်သောသူခိုး | ၁၄ |
| ၁၀။ | သောတာပန်တည်သော တံငါသည် | ၁၇ |
| ၁၁။ | သောတာပန်တည်သော အရက်သမား | ၁၈ |
| ၁၂။ | ကျားနဲ့အား မီးနဲ့ထီး | ၂၀ |
| ၁၃။ | ဖခင်ကိုသတ်သော တရားခံအစစ် | ၂၂ |
| ၁၄။ | သမီးအရင်းကို ဖျက်ဆီးသော တရားခံအစစ် | ၂၄ |
| ၁၅။ | ခဏိကသမာဓိ၏စွမ်းရည် | ၂၆ |

http://www.dhammadownload.com

# မာတိကာ


၁၆။ တရားနာရင်း ရဟန္တာဖြစ်သူများ ၃၀

၁၇။ သဗ္ဗေ ဓမ္မာ အနတ္တာမှာ နိဗ္ဗာန် ပါ/မပါ ၃၂

၁၈။ လုံးတော်ဆရာတော်၏ အဆုံးအဖြတ် ၃၄

၁၉။ ဘာသာမဲ့ရုပ်ကြွမ်းဝါဒီနှင့် ဗုဒ္ဓတရားတော် ၃၆

၂၀။ ဖြစ်ရပ်တစ်ခုကို အသိသုံးမျိုးနှင့် သိခြင်း ၃၈

၂၁။ အနတ္တကို သိချင်သော ဘာသာခြားဓမ္မဆရာ ၄၃

၂၂။ နေယျပုဂ္ဂိုလ် သောတာပန်တည်ဖို့အလုပ်ဆိုတာ ၄၈

၂၃။ သမာဓိတစ်မျိုးတည်းနှင့် အမှန်ကို မမြင်နိုင်ကြောင်း ၅၀

၂၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်အရကောက် ၅၆

၂၅။ ပုဂ္ဂိုလ်လေးမျိုးနှင့် သတိပဋ္ဌာန်လေးမျိုး ၅၈

၂၆။ ကြားသိစိတ်ဝီထိစဉ်ဖြစ်ပုံ ၆၂

၂၇။ ခန္ဓာဉာဏ်ရောက် တရားနာနည်း ၆၈

၂၈။ နာနိစက္ကန့် ဘစ်စက္ကန့်တည်သောရုပ် ၇၁

၂၉။ အတ္တခြောက်မျိုး ၇၄

၃၀။ အရိပ်နှင့်တူသော ပညတ်ရုပ် ၇၇

၃၁။ ပထဝီဓာတ်ဖောက်ပြန်ပုံ ၇၉

၃၂။ အနတ္တအနက်ခြောက်မျိုး ၈၀

၃၃။ ဒုက္ခသစ္စာအနက်လေးချက်နှင့် ကိုက်ညီသော - ပထဝီဓာတ် ၈၂

၃၄။ ပညတ်ခန္ဓာနှင့် ပရမတ်ခန္ဓာ(သို့) ဝိပါက်ခန္ဓာနှင့်- ဥပါဒါနက္ခန္ဓာ ၈၅

၃၅။ တောဘဲများနှင့်တူသော ခန္ဓာငါးပါး ၈၇

၃၆။ သေခါနီးမှာကျတတ်သော မျက်ရည်နှစ်မျိုး ၉၁

၃၇။ ကျားနှင့် မိချောင်းအလယ်က လူဘဝ ၉၄

http://www.dhammadownload.com

## မာတိကာ


၃၈။ အဘိဓမ္မာသင်တန်းသာရှိပြီး အရက်သောက်နည်း-
သင်တန်း မရှိခြင်းအကြောင်း ၉၆

၃၉။ ရွှေတောင်ပေါ်က ရွှေရောင်ငှက်များ ၉၉

၄၀။ အပြစ်အကြီးဆုံး ခိုးမှု ၁၀၂

၄၁။ သေမည်အချိန်ကို ကြိုသိသူ ၁၀၇

၄၂။ ပြုံး၍သေရခြင်းအကြောင်းနှင့် မဲ့၍-
သေရခြင်းအကြောင်း ၁၁၀

၄၃။ မင်္ဂဖိုလ်ရအောင်တရားနာနည်း ၁၁၄

၄၄။ ပန်းကုံးအသွင် ဉာဏ်စဉ်ဆယ်ပါး ၁၁၆


မာတိကာ ပြီး၏။

* * *

http://www.dhammadownload.com

# ဆရာတော် အရှင်ဇဝန-မေတ္တာရှင်(ရွှေပြည်သာ)

* * *

- ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ (၁၆-၂- ၆၅)အင်္ဂါနေ့၊ မန္တလေးတိုင်း၊ အမရပူရမြို့၊ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်၌ ခမည်းတော် ဦးထိ+မယ်တော် ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။

- ၁၃၃၈ ခုနှစ်တွင် မူလဆီးဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန် သာသနာပြုကျောင်းဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိသည်။

- ၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း(၁၅) ရက်နေ့တွင် မန္တလေးမြို့၊ တောင်ပြင် မိုးတားတိုက် ခဏ္ဍသိမ်တော်မြတ်၌ မိုးတားတိုက်ဆရာတော် ဦးမေဃိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

- ရဟန်းဒါယကာ, ဒါယကာမများမှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး(၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူ တို့ဖြစ်ကြသည်။

- ၁၃၄၃ ခုနှစ်မှစ၍ မန္တလေးမြို့၊ မူလဆီးဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန် သာသနာပြုကျောင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့မူလိကာ ရာမကျောင်းသစ်ကျောင်း၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်တို့၌ ငယ်၊ လတ်၊ ကြီး စာမေးပွဲများ အောင်မြင်၍ ဓမ္မာစရိယတန်း ရောက်သည်အထိ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

- ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာနည်းများမှာ မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ၊ ပခုက္ကူဝိပဿနာသင်တန်း တရားတို့ ဖြစ်သည်။

- ကျမ်းစာအုပ်ကို ဆရာအနေထား၍ လေ့လာအားထုတ်ခဲ့သော နည်းများမှာ

http://www.dhammadownload.com

မဟာစည် ဝိပဿနာ၊ စွန်းလွန်း ဝိပဿနာ၊ သဲအင်းဂူဝိပဿနာ၊ သစ္စဒီပ-ကဝိပဿနာ၊ ညောင်လွန့်တောရ (ဘုံကျဉ်း)ဝိပဿနာ၊ အမြိုက်ဝိပ-ဿနာ၊ လယ်တီဝိပဿနာတို့ ဖြစ်သည်။

- ၁၉၉၉ ခုနှစ်တွင် "မျက်ရည်မကျခင် သိစေချင်"စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

- ယခုအခါ ရွှေပြည်သာမြို့-မန္တလေးကျောင်းတိုက်၊ မှော်ဘီမြို့-သုဒ္ဓဝိပဿ-နာ ဓမ္မရိပ်သာကျောင်းတိုက်၊ မြိတ်မြို့- သစ်ညီနောင် ဓမ္မရိပ်သာကျောင်းတိုက်၊ ကော့သောင်မြို့-ဝေနေယျသုခဓမ္မရိပ်သာကျောင်းတိုက်တို့တွင် လှည့်လည်၍ ဝိပဿနာတရားများကို ဟောကြားပြသလျက်ရှိသည်။

http://www.dhammadownload.com

# မဂ်ဖိုလ်ရမည့်သမာဓိအဆင့်ဆင့်
## (မယ်တော်ကြီးထံ ဝိပဿနာပေးစာ)

### နိဒါန်း

### မဂ်ဖိုလ်ရမည့်သမာဓိအဆင့်ဆင့်ကို လေ့လာခြင်း

မစ္စစ်ရိုင်း(စ်)ဒေးဗီးစ်သည် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ကို ကျွမ်းကျင် ပေါက်မြောက်စွာ လေ့လာပါလျက် တရားရဖို့ နေနေသာသာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပင် မဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း။ မဂ်ဖိုလ်ရနိုင်သော ဉာဏ်ပညာ မရှိသောကြောင့်ပင် ဖြစ်၏။ ယခုဘဝ၌ မဂ်ဖိုလ် ရနိုင်သောပုဂ္ဂိုလ်ကို တိဟိတ်ဟု ခေါ်၏။ တိဟိတ်ဟူသည် ဟိတ်သုံးပါးရှိသော ပုဂ္ဂိုလ်ဟု ဆိုလို၏။ ထိုဟိတ်သုံးပါးကား-

အလောဘဟိတ် = လောဘကိုပယ်သတ်ပြီး စွန့်လွှတ်လှူဒါန်းသောဟိတ်။

အဒေါသဟိတ် = ဒေါသကိုပယ်ပြီး မေတ္တာထားသောဟိတ်။

http://www.dhammadownload.com

# နိဒါန်း

အမောဟဟိတ် = မောဟကို ပယ်ပြီး သစ္စာတို့ကိုထိုးထွင်း သိသောဟိတ်. . . တို့ဖြစ်၏။

ထိုအမောဟဟိတ်ကိုပင် ဉာဏ်ပညာဟုခေါ်၏။ ထိုအမောဟ ဟိတ်ပါမှ မဂ်ဖိုလ်ကို ရ၏။ မွေးလာစဉ်ကတည်းက ပင်းလာ၊ ဆွံ့လာ၊ အ,လာသူများကား ပြခဲ့သည့်ဟိတ် တစ်ပါးမှ မပါသောကြောင့် "သုဂတိ အဟိတ်ပဂ္ဂိုလ်" ဟုခေါ်၏။ ထို ပုဂ္ဂိုလ်များ မဂ်ဖိုလ် မရနိုင်သည်မှာကား ထင်ရှားနေ၍ ရေးစရာ မလိုပေ။ ရေးစရာ လိုသည်ကား ဒွိဟိတ်ပုဂ္ဂိုလ် ပင်ဖြစ်၏။ ဒွိဟိတ်ပုဂ္ဂိုလ်ဟူသည် အလောဘ၊ အဒေါသ ဟူသော ဟိတ်နှစ်ပါးသာပါသူ ဖြစ်၏။

အမောဟဟုခေါ်သော ပညာဟိတ်မပါပေ၊ ထို့ကြောင့် ဒွိဟိတ် ပုဂ္ဂိုလ်များသည် လှူဒါန်းခြင်း၊ မေတ္တာထားခြင်းတို့၌ကား တိဟိတ် ပုဂ္ဂိုလ်နှင့်အတူတူပင် ဖြစ်၏။ မတူသောနေရာကား နက်နဲခက်ခဲသော ဓာတ်တရား၊ ပရမတ်တရား၊ အနတ္တတရား တို့အပေါ်၌ တိဟိတ် ပုဂ္ဂိုလ်သည် စိတ်လည်းဝင်စား၏။ နားလည်းလည်၏။ ဒွိဟိတ် ပုဂ္ဂိုလ် ကား ယင်းတရားတို့အပေါ်၌ စိတ်ဝင်စားခြင်းလည်း မရှိ။ နားလည် နိုင်ခြင်း လည်း မရှိခြင်းပင်တည်း။

ဒွိဟိတ်ပုဂ္ဂိုလ်သည် လောကီပညာတွင်ကား ကမ္ဘာမှာရှိသည့် အမြင့်ဆုံး ဘွဲ့ထူးအားလုံးကို ရချင်ရမည်။ အနတ္တကို တကယ်သဘော ပေါက်သည့် ပရမတ်ပညာကိုသာ မရနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် တိဟိတ်ပုဂ္ဂိုလ် ဟုတ်-မဟုတ်ကို လောကီဘွဲ့ထူးဂုဏ်ထူးတွေနှင့် လိုက် တိုင်း၍ မရပေ။ ရုပ်နာမ်တရားအပေါ် အနတ္တ ပေါက်အောင် နားလည် လျှင် တိဟိတ်၊ နားမလည်လျှင် ဒွိဟိတ်ဟု ခွဲခြားနိုင်၏။

ထို့ကြောင့် မစ္စစ်ရိုင်း(စ်) ဒေးဗီးစ်ကိုလည်း ဉာဏ်ပညာမပါသော ဒွိဟိတ်ပဂ္ဂိုလ်ဟုသာ သုံးသပ်ရမည်။ လောကီဘွဲ့နှစ်ဘွဲ့ သုံးဘွဲ့ခန့်

http://www.dhammadownload.com

# နိဒါန်း

ရသော အလယ်တန်း ကျောင်းအုပ်တစ်ယောက်သည် ခန္ဓာငါးပါး တရားရှုဖို့အကြောင်း စာတစ်စောင်ကို ဖတ်ကြည့်ပြီး "ဘာတွေ ရေးထား မှန်း မသိဘူး၊ တစ်လုံးမှ နားမလည်ဘူး"ဟုဆိုကာ ကျွန်ုပ်၏ နှမကို စိတ်ပျက်စွာ ပြန်ပြောဖူး၏။ ထို ကျောင်းအုပ်ဆရာသည်လည်း လောကီ ဘွဲ့ ဘယ်နှစ်ဘွဲ့ ရရ ဒွိဟိတ်ပုဂ္ဂိုလ်ပင်ဖြစ်၏။

ကျောင်းအုပ်ဖတ်သောစာကား မယ်တော်ကြီးထံသို့ ကျွန်ုပ်ရေး လိုက်သော စာပင်ဖြစ်၏။ မိဘအား ကျေးဇူးဆပ်ရာတွင် သီလ၊ သမာဓိ၊ ပညာ နည်းပါးသော မိဘများအား သီလ၊ သမာဓိ၊ပညာ များပြားလာ အောင် ကျေးဇူးဆပ်ခြင်းသည် "အမြတ်ဆုံး ကျေးဇူးဆပ်ခြင်း"ဟု ဗုဒ္ဓက ဟောတော်မူထား၏။ ထို့ကြောင့် ကျွန်ုပ်သည် မယ်တော်ကြီးထံသို့ ဝတ္ထု ငွေကြေးများ ပို့ပေးရရုံနှင့် တင်းတိမ်မနေဘဲ အသစ်တွေ့လာသော ဝိပဿနာရှုပွားနည်းများကို မကြာခဏရေးပို့၏။ မယ်တော်ကြီးထံ ရေးပို့လိုက်သော ကျွန်ုပ်၏စာကို ရေးသားဖော်ပြအံ့. . .။

**နိဒါန်းပြီး၏**

http://www.dhammadownload.com

# မယ်တော်ကြီးထံ ဝိပဿနာပေးစာ

သို့-

မယ်တော်ကြီးနှင့် မိသားစုအားလုံးထံ အရေးတကြီး သိသင့်တဲ့ တရားရှုကွက်အသစ်များကို ရေးပို့လိုက်ပါတယ်။ ဒီလို ရှုကွက်အသစ်လေးတွေဆိုတာ အလွန် ရခဲပါတယ်။ ဆယ်နှစ်နေလို့ တစ်မျိုး ရချင်မှ ရတာ။ ဆရာစွဲ မထားဘဲ ဝိပဿနာ တရားခွေမျိုးစုံကို နာ၊ ဝိပဿနာ တရားစာအုပ်မျိုးစုံကို ဖတ်ပြီး လက်တွေ့ ကျင့်ကြံပွားများမှ ဒီရှုကွက် အသစ်လေးတွေကို ရတာပါ။ နာကြားဖတ်ရှုလို့ သိရတာက ဆရာ့ကိုယ် တွေ့ပါ။ ကျင့်ကြံပွားများလို့ သိရတာက မိမိကိုယ်တွေ့ပါ။

ဒီ ကိုယ်တွေ့နှစ်ခုနဲ့ မလုံလောက်သေးပါဘူး။ ဘုရားမဖြစ်သေး သမျှ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံတယ်-လို့ မအောက်မေ့ပါနဲ့ဆိုတဲ့ ဩဝါဒအရ ဘုရားမဖြစ်သေးတဲ့အတွက် မိမိရော၊ မိမိရဲ့ ဆရာပါ မှားနိုင်ပါသေးတယ်။ ဒါကြောင့် ဒီ ကိုယ်တွေ့နှစ်ခု မှန်/မမှန်ကို ပါဠိတော်များနဲ့ တိုက်ဆိုင်ကြည့်ရပါတယ်။ ဒီ ကိုယ်တွေ့သုံးမျိုးနဲ့ ကိုက်ညီပြီဆိုမှ မယ် တော်ကြီးတို့ဆီကို ရေးပေးလိုက်တာပါ။ အသက်ကြီး မှ ရဟန်းဝတ်လာတဲ့ စာမတတ်ပေမတတ် ကမ္မဋ္ဌာန်းပြ ဆရာအချို့ဟာ

http://www.dhammadownload.com



ဆရာ့ကိုယ်တွေ့၊ ဗုဒ္ဓကိုယ်တွေ့နှစ်ခုကို ပယ်ထားပြီး မိမိကိုယ်တွေ့ တစ်ခုတည်းနဲ့ ဟောပြော ပြသကြတော့ အမှားတွေ ပါကုန်တာပေါ့။

"တရားထိုင်ရင် ရူးတယ်" ဆိုတာ အဲဒီပုဂ္ဂိုလ်တွေဆီက တရား မှားကို လက်ခံကျင့်သုံးမိကြလို့ပဲ။ ဗုဒ္ဓရဲ့ ဝိပဿနာတရားစစ်ဆိုတာ ရူးဖို့နေ နေသာသာ ရူးနေတဲ့သူကိုတောင် အရူးပျောက်သွားစေတယ်။ မယ်တော်ကြီးတို့ ကြားဖူးတဲ့ မပဋာဆိုတာ လင်က မြွေကိုက်လို့ သေ တယ်။ သားတစ်ယောက်က စွန်ချီလို့ သေတယ်။ သားတစ်ယောက် က ရေနစ်သေတယ်။ မိဘနှစ်ပါးနဲ့ မောင်တွေက မြေငလျင်လှုပ်ပြီး တိုက်ပြိုကျလို့သေတယ်။ သွက်သွက်ခါအောင် ရူးသွားလိုက်တာ ခန္ဓာကိုယ်မှာ အဝတ်တောင် မကပ်တော့ဘူးမဟုတ်လား။

## တရားစစ်တရားမှန်ရဲ့ အင်္ဂါ

မြတ်စွာဘုရားရဲ့ ဝိပဿနာတရားကိုလည်း နာကြားလိုက်ရော သောတာပန်တည်ပြီး အရူးရောဂါ ပျောက်သွားခဲ့တယ် မဟုတ်လား။ ဒါကြောင့် တရားထိုင်လို့ ရူးတယ်ဆိုရင် မှားနေပြီလို့သာ မှတ်လိုက်ပါ။ တရားစစ်,တရားမှန်ရဲ့ အင်္ဂါက နှစ်ချက်ထဲပါ။ ရှုပွားဆဲအခါမှာလည်း ကိလေသာတွေ ငြိမ်းနေလို့ စိတ်ရောကိုယ်ရော ချမ်းသာတယ်။ တရား ရသွားတဲ့အခါမှာလည်း ပယ်သတ်သင့်တဲ့ ကိလေသာတွေကို ပယ်သတ် ပစ်လိုက်တဲ့အတွက် ကိုယ်ရောစိတ်ပါ ချမ်းသာတယ်။

ဒါ့ကြောင့် ကိုယ်သော်လည်းကောင်း၊ စိတ်သော်လည်းကောင်း ပင်ပန်းစွာ လုပ်နေရပြီဆိုရင်တော့ အဲဒီတရားကို တရားမှားလို့သာ ခမ္မခိဌာန်ကျကျ မှတ်လိုက်ပါ။ မြတ်စွာဘုရားကိုယ်တိုင် ခန္ဓာကိုယ်ကို ခြောက်နှစ်တိုင်တိုင် ညှင်းဆဲပြီး ကျင့်ခဲ့ပြီးပါပြီ။ ဘာတရားမှ မရခဲ့ပါဘူး။ ဒါကြောင့် ခန္ဓာကိုယ်ကို ညှင်းဆဲတဲ့ "အတ္တကိလမထကျင့်စဉ်" ကို ဗုဒ္ဓက ပယ်မြစ်ခဲ့တာပါ။

http://www.dhammadownload.com



ခန္ဓာကိုယ် ညှင်းဆဲတိုင်းသာ တရားရမယ်ဆိုရင် ငရဲသားတွေ၊ ပြိတ္တာတွေက အရင်တရားရကြမှာပါ။ ဇွဲနဲ့ ကြာကြာထိုင်နိုင်တိုင်း တရားရကြမယ်ဆိုရင် မိုးအလင်းထိုင်ပြီး ကစားတဲ့ ဖဲသမားတွေက အရင်တရား ရကြမှာပါ။ တရားဟာ ကုန်ထမ်းပြီး ငွေရှာတဲ့ ကာယအလုပ် မဟုတ်ဘူး၊ ဉာဏအလုပ်သာ ဖြစ်တယ်။ ကုန်ထမ်းသမားက များများ ထမ်းနိုင်ရင် များများပိုက်ဆံရပေမယ့် ဝိပဿနာတရား ကတော့ ဉာဏ်ပညာမပါဘဲ ကြာကြာထိုင်တိုင်း တရားမရနိုင်ဘူး၊ ဒါ့ကြောင့် ဉာဏ် မပါတဲ့ "ပဒပရမ" လို့ခေါ်တဲ့ ဒိဟိတ်ပုဂ္ဂိုလ်တွေ ဘယ် လောက် ထိုင်ထိုင် တရားမရဘူးလို့ ဗုဒ္ဓက ဟောခဲ့တာပေါ့။

မိမိကိုယ်တွေ့ တစ်ခုတည်းကြည့်ပြီး ထင်ရာ ဟောပြောပြသတဲ့ ကမ္မဋ္ဌာန်းပြဆရာ အချို့အကြောင်း သတိထားဖွယ်ရာကို မဟာစည် ဆရာတော်ဘုရားကြီးက သလ္လေခသုတ်တရားတော် မှာ ယခုလို ဟော ထားပါတယ်။

## ပဠာသ—မတူဘဲတုပြိုင်ခြင်း

"ကိုယ့်ထက် အလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကို ကိုယ်နဲ့ ဂုဏ်ရည်တူပြု ပြီး မရိုမသေ ဖက်ပြိုင်ပြောဆို ပြုလုပ်တာကို "ပဠာသ" လို့ခေါ်တယ်။ မနိုင်းကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ နှိုင်းယှဉ် ဂုဏ်ပြိုင်တဲ့သဘောပါ။ အဲဒါလည်း အပြစ်ကြီးတယ်၊ ကိုယ်က စာမတတ်ဘဲနဲ့ တကယ့်စာတတ်ပုဂ္ဂိုလ်ကြီး တွေနဲ့ တန်းတူထားပြီး မရိုမသေ ပြောတာလည်း ရှိတယ်။

"ဒီ ဆရာတော်ကြီးလည်း ငါတို့လိုပါပဲ၊ မှားတာ မသိတာ ရှိသေး တာပဲ" စသည်ဖြင့် မိမိ ဂုဏ်ကို မြှင့်ပြီး ပြောတာမျိုးပါ။ နောက်ပြီးတော့ ကိုယ်က သီလမပြည့်စုံပါဘဲနဲ့ တကယ်သီလပြည့်စုံတဲ့ မထေရ်ကြီးတွေနဲ့ တန်းတူလုပ်ပြီး ဂုဏ်ပြိုင်ပြောဆိုတာလည်း ရှိတယ်၊ ကိုယ်က ဗဟုသုတ မရှိပါဘဲနဲ့ ဗဟုသုတပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေနဲ့ တန်းတူလုပ်ပြီး ဂုဏ်ပြိုင်

http://www.dhammadownload.com



ပြောဆိုတာလည်း ရှိတယ်။

ကိုယ်က ဘာဝနာအလုပ်ကို ကောင်းကောင်း အားမထုတ်ဖူးဘဲနဲ့ ဘာဝနာအလုပ်ကို ကောင်းကောင်း အားထုတ်တဲ့သူနဲ့ တန်းတူထားပြီး ဝေဖန်ပြိုင်ပြောဆိုတာလည်း ရှိတယ်။ အထူးအားဖြင့်တော့ မကြာမီကမှ သက်န်းဝတ်ထားတဲ့ အချို့သော "ဝုဍ္ဍပဗ္ဗဇိတ" ကိုယ်တော်ကြီးတွေက စာပေကျမ်းဂန်တတ် ဆရာတော်တွေကို သူတို့နဲ့ တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်။ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ ဆရာတော်တွေကိုလည်း သူတို့နဲ့ တန်းတူထားပြီး ဖက်ပြိုင်တတ်တယ်။

တကယ့် ဆရာတော်ကြီးတွေက မှားနေသယောင်ယောင်၊ စာပေပဲ မှားနေသယောင်ယောင် သူတို့ သိတာ၊ ဟောတာ၊ ပြောတာကပဲ မှန်သယောင်ယောင် ဝေဖန်ပြိုင်ပြောဆိုတတ်တယ်။ သူတနည်းတဲ့ သူတွေကလည်း အဲဒီလို ပြောတာကို အဟုတ်ထင်နေတတ်တယ်။ "ပဋ္ဌာသ" ကို အကြောင်းပြုပြီး အကုသိုလ်တွေ ပွားကြတာပါပဲ။

တစ်ခါတုန်းက အရူးတစ်ယောက်က ကြိုးဆွဲချ သေနေတဲ့သူ တစ်ယောက်ကို တွေ့ရတော့ ကြိုးကွင်းထဲ မတော်တဆ တိုးမိပြီး သေရတယ်လို့ ထင်တာနဲ့ "အင်း-ထောင်တဲ့သူကလည်း သစ်ပင်ပေါ် တက်ပြီး ထောင်ပါပေ့ဗျာ၊ တိုးတဲ့သူကလည်း သစ်ပင်ပေါ်တက်ပြီး တိုးပါပေ့ဗျာ"လို့ အံ့ဩတကြီး ပြောပါသတဲ့။ အဲဒီလို မဟုတ်မဟတ် တရားတွေကို ဟောတဲ့သူကလည်း ဟောပါပေရဲ့၊ အဲဒါကို တရားကောင်း မှတ်ပြီး နာတဲ့သူကလည်း နာပါပေရဲ့။ ဖြစ်မှ ဖြစ်ရလေခြင်းလို့ ဘုန်းကြီးရဲ့ စိတ်ထဲမှာ သံဝေဂတွေ ပွားမိပါတယ်။

လောကမှာ လူတွေက စူးစမ်းဆင်ခြင်ဉာဏ်နဲ့ အသိအလိမ္မာ ဉာဏ် နည်းပါးကြတယ်။ တစ်ယောက်က နှုတ်စ၊ လျှာစကောင်းကောင်း နဲ့ ရဲရဲဟင်းတင်း ပြောနေရင် ဟုတ်လေနိုးနိုး ယုံလွယ်တတ်ကြတယ်။

http://www.dhammadownload.com



ဒီအထဲမှာ ကိုယ်တွေ့ ဉာဏ်တွေ့ပါလို့ ပြောနေရင် သာပြီး အထင်ကြီး တတ်ကြသေးတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရှေ့က သွားမည့်သူ ရှိရင် နောက် က လိုက်မည့်သူတွေလည်း ရှိနေကြတာပဲ"

ဒီ-ဩဝါဒအရ "ကျုပ်တို့က စာကြည့်ဟောတာ မဟုတ်ဘူး၊ ခန္ဓာ ကြည့်ဟောတာ" လို့ ဆိုသူများရဲ့ တရားကို ချင့်ချိန်ပြီး ယုံကြဖို့ပါပဲ။ မပဋ္ဌာဟာ တရားအဆုံးမှာ သောတာပန် တည်သွားတော့၊ မယ်တော်တို့ ကတော့ အံ့ဩမှာပဲ၊ "ထွက်လေ၊ ဝင်လေ၊ ဖောင်းတာ၊ ပိန်တာ စတဲ့ သမထကမ္မဋ္ဌာန်း တစ်ခုမှ မလုပ်ဘဲနဲ့ ဘယ်လိုလုပ် မဂ်ဖိုလ်ရ သွားတာ လဲ" လို့ စဉ်းစားနေကြမှာပဲ။ ။

* * *

http://www.dhammadownload.com

## ပညာလာက သီလ၊ သမာဓိပါရ

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ရှိတဲ့အထဲမှာ ပညာကို လုပ်ရင် သမာဓိနဲ့ သီလဟာ တစ်ခါတည်း ပါသွားပါတယ်။ မပဋ္ဌာဟာ ဗုဒ္ဓရဲ့ ခန္ဓာဉာဏ်ရောက် တရားတွေကို စိုက်နာရင်းနဲ့ ရုပ်နာမ်တို့ရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ငါ မဟုတ်တဲ့ သဘောတွေကို ဆင်ခြင်ပွားများနေတယ်။ အဲဒါဟာ ပညာသိက္ခာက အလုပ် လုပ်နေတာပဲပေါ့။ ဒီအခါမှာ ရုပ်နာမ်အပေါ် အာရုံစိုက်တဲ့ သမာဓိရယ်၊ ကိုယ်,နှုတ်နှစ်ပါး စင်ကြယ်နေတဲ့ သီလရယ်ဟာ အလိုလို ပါသွားတယ်။ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိ=မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ=မှန်စွာကြံစည်ခြင်းဆိုတဲ့ ပညာမဂ္ဂင်အလုပ် လုပ်လိုက်တာနဲ့ ကျန်တဲ့ သမာဓိမဂ္ဂင်နဲ့ သီလမဂ္ဂင်တို့ဟာ အလိုလို ပါသွားရတာပေါ့။ ဒါမျိုးကို "ကျွဲကူးရေပါ" လို့ ပြောကြတယ်။ ပညာမဂ္ဂင်အလုပ် လုပ်လိုက်ရင် သမာဓိမဂ္ဂင်နဲ့ သီလမဂ္ဂင်တို့ တစ်ခါတည်း *ပါသွားတာပါ။ သမာဓိမဂ္ဂင်* အလုပ် လုပ်လိုက်တယ် ဆိုရင်တော့ ပညာမဂ္ဂင်ဟာ အလိုလို ပါမသွားဘူး။ သီလမဂ္ဂင်ပဲ ပါသွားတယ်။ ဥပမာ ဗုဒ္ဓဂုဏ်တော်တွေ ပွားများနေတယ်

http://www.dhammadownload.com



ဆိုပါတော့ ဒါဟာ ဂုဏ်တော်တွေအပေါ်မှာ အာရုံစိုက်နေတဲ့ သမာဓိအလုပ်ကို လုပ်တာပဲ။

ဒီအခါမှာ ကိုယ်,နှုတ်နှစ်ပါး စင်ကြယ်ခြင်းဆိုတဲ့ သီလမဂ္ဂင်ကတော့ ပါသွားတယ်။ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို ထိုးထွင်းသိပြီး မဂ်ဖိုလ်ကို ရစေတဲ့ ပညာမဂ္ဂင်ကတော့ အလိုလို မပါနိုင်ဘူး။ ဆရာကောင်းဆီက ဝိပဿနာရှုပွားနည်းကို နာယူမှတ်သားပြီး ဝိပဿနာကို ပြောင်းရှုမှပဲ မဂ်ဖိုလ်ကို ရနိုင်တယ်။ သီလစောင့်မယ်ဆိုရင်တော့ သီလပဲရတယ်။ သမာဓိရောပညာပါ နှစ်ခုလုံး ပါမလာနိုင်ဘူး။

တချို့ စာပေကိုပစ်ပယ်တဲ့ ကမ္မဋ္ဌာန်းဌာနတွေမှာ သမာဓိအလုပ် ကိုပဲ ဖွတ်ခိုင်းတယ်။ သူတို့ထင်တာက သမာဓိကောင်းတာနဲ့ ပညာသိက္ခာ အလိုလို ရောက်လာပြီး မဂ်ဖိုလ်ကို ရမယ်လို့ ထင်ကြတာကိုး။ သမာဓိ အားကောင်းရုံနဲ့ မဂ်ဖိုလ်ကို ထိုးထွင်း သိကြစတမ်းဆိုရင် သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်တဲ့ ကာဠဒေဝီလရသေ့တို့၊ ဘုရားအလောင်းကို ဈာန်အဘိညာဉ်ရအောင် ရှုပွားနည်းကိုပေးတဲ့ အာဠာရနဲ့ ဥဒကရသေ့တို့ဟာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံနေ လောက်ကြရောပေါ့။

သူတို့ရဲ့ ဈာန်အဘိညာဉ်နဲ့ယှဉ်တဲ့ သမာဓိဟာ ဘယ်လောက်ထိ အားကောင်းသလဲဆိုရင် ရှေ့ဖြစ်ပြီးကမ္ဘာလေးဆယ်၊ နောက်ဖြစ်လတ့် ကမ္ဘာလေးဆယ်ထိတောင် မြင်နိုင်တယ်။ ဒါပေမယ့် သူတို့ရဲ့ သမာဓိဟာ ဝိပဿနာဉာဏ်နဲ့ ယှဉ်ခွင့်မရတဲ့အတွက် အခုဆိုရင် ရုပ်ပြစ်ရှစ်ပါးထဲမှာပါတဲ့ "အရူပဗြဟ္မာဘုံ"ကို ရောက်နေရှာတယ်။

အရူပဘုံဆိုတာ နာမ်တရားသာရှိပြီး ရုပ်တရား မရှိတဲ့ဘုံပေါ့။ သူတို့မှာ ရုပ်တရားမရှိလို့ "နား" မပါဘူး။ နားမပါလို့ သူတစ်ပါးဟောတဲ့ တရားကို နာကြားလို့ မရဘူး။ ဒါကြောင့် အရူပဗြဟ္မာဘုံဟာ သောတာ

http://www.dhammadownload.com



ပန် မတည်နိုင်တဲ့ဘုံလို့ အဘိဓမ္မတ္ထဝိဘာဝနီခေါ် ဋီကာကျော်ကျမ်း မှာ ပြထားတယ်။

ဒါကြောင့် သောတာပန်တည်ဖို့အတွက် သစ္စာတရားကို များများ နာကြားဖို့က နံပါတ်တစ်၊ ရှုမှတ်ပွားများဖို့က နံပါတ်နှစ်လို့ မယ်တော် ကြီးတို့ မိသားစု သေချာ မှတ်သားထားစေချင်တယ်။ နောက် ဗုဒ္ဓဘာသာမှာ လူကြမ်းကြီး ဖြစ်တဲ့ အရှင်ဒေဝဒတ်ဆိုရင် ဈာန်အဘိ ညာဉ်ရ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ မြေလျှိုးမိုးပျံ၊ အနည်းအများ ဖန်ဆင်း အကုန်လုပ်လို့ ရတယ်။ အဇာတသတ်ကိုတောင် သူ့နန်းတော်ပေါ်ထိ တက်ပြီး တန်ခိုးနဲ့ မြွေတွေဖန်ဆင်းပြပြီး စည်းရုံးခဲ့တာ မဟုတ်လား။

ဒေဝဒတ်ရဲ့ ဈာန်အဘိညာဉ် ရလောက်အောင် အားကောင်း ခဲ့တဲ့ သမာဓိဟာလည်း ပညာသိက္ခာကို အလိုလို ရောက်လာအောင် မခေါ်နိုင်ပါဘူး။ ဒါကြောင့်လည်း ဘာမဂ်ဘာဖိုလ်မှ မရတဲ့အပြင် ဘုရားကို သုံးကြိမ်တိုင်အောင် သေကြောင်းကြံစည်ခဲ့တဲ့ ကံ၊ သံဃာ သင်းခွဲတဲ့ ကံတွေကြောင့် မြေမြိုပြီး အဝီစိငရဲ ကျခဲ့ရတယ် မဟုတ်လား။ သမာဓိအမျိုးမျိုး ရှိတဲ့အထဲမှာ အမြတ်ဆုံး သမာဓိကို ဗုဒ္ဓကိုယ်တော်တိုင် ဖော်ထုတ်ပြထားတာ "ရတနာသုတ်"မှာ ရှိတယ်။

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု။
မာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

"ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မဂ်လေးပါးနှင့် ယှဉ်သော သမာဓိကို ကိလေသာမှကင်း၍ စင်ကြယ်သောသမာဓိဟု ချီးမွမ်းမြှောက် စား ဟောကြားတော်မူခဲ့၏၊ အရိယာမဂ်နှင့် ယှဉ်သော

http://www.dhammadownload.com



သမာဓိသည် မိမိ၏ အခြားမဲ့၌ နိဗ္ဗာန်အကျိုးကို အခါမလင့် အကျိုး ပေး၏-ဟူ၍ ဘုရားရှင်တို့သည် ဟောကြားတော်မူကုန်ပြီ၊ ထို မဂ်လေး ပါးနှင့် ယှဉ်သည့် သမာဓိနှင့် တူသော ရူပ၊ အရူပ သမာဓိသည် မရှိ၊ ဤ မဂ်လေးပါးနှင့် ယှဉ်သော သမာဓိသည်သာလျှင် လောကီရတနာ တို့ထက် သာလွန်မြင့်မြတ် ချီးမွမ်းအပ်သော ကိုးကွယ်ရာအစစ် ရတနာ ကြီး ဖြစ်တော်မူပါပေ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါ များ ကျန်းမာချမ်းသာ ကြပါစေ”

ဤဒေသနာကို ထောက်ထားပြီး သမာဓိ (၇)မျိုးကို အမြတ်ဆုံး ကနေ စပြီးစီလိုက်ရင်-

၁။ အရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိ၊

၂။ အနာဂါမိမဂ်နှင့်ယှဉ်သော သမာဓိ၊

၃။ သကဒါဂါမိမဂ်နှင့်ယှဉ်သော သမာဓိ၊

၄။ သောတာပတ္တိမဂ်နှင့်ယှဉ်သော သမာဓိ၊

၅။ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဈာနသမာဓိ၊

၆။ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဥပစာရသမာဓိ၊

၇။ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ခဏိကသမာဓိ-လို့ဖြစ်လာ တယ်။

ဒါကို ကြည့်လိုက်ရင် သမာဓိဆိုတိုင်း ကောင်းတာ မဟုတ်ဘူး။ အနည်းဆုံး ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ သမာဓိဖြစ်မှ အပါယ်တံခါး ပိတ် ပေးတဲ့ သမာဓိဖြစ်နိုင်တယ်။ လောကီဈာန်အဘိညာဉ် သက်သက်နဲ့သာ ယှဉ်တဲ့ သမာဓိဆိုရင် မဂ်ဖိုလ် မရသည့်အပြင် အယူမှားမျိုးစုံကို တီထွင် တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဘဝကိုတောင် ရောက်သွားနိုင်တယ်။ သီလက္ခန် ပါဠိတော်မှာလာတဲ့ ဈာန်အဘိညာဉ်ရ သာသနာပရသေ့တွေ အ ကြောင်းကို ပြောပြဦးမယ်။

http://www.dhammadownload.com



## အယူမှားကို ဖြစ်စေသောသမာဓိများ

ရသေ့ကြီးတစ်ပါးဟာ သမထတရားကို ပြင်းထန်စွာ အားထုတ်တဲ့အတွက် ဈာန်အဘိညာဉ်ကို ရသွားတယ်။ သူ့အဘိညာဉ်တန်ခိုးက ဘဝတစ်သိန်းအတွင်း ဖြစ်ခဲ့တဲ့ ခန္ဓာအစဉ်ကို ပြန်မြင်နိုင်တယ်။ ဒီလိုမြင်တော့ သူကသတ္တဝါတွေဟာ ဘဝတစ်သိန်းအတွင်းကသာ သေလိုက်ဖြစ်လိုက်နဲ့ ပြောင်းလဲနေကြတာ။ ဘဝတစ်သိန်းကနေ ရှေး၌ဖြစ်တဲ့ ဘဝတွေမှာတော့ မအို မနာ မသေ အမြဲနေရတယ်လို့ ယူဆလိုက်သတဲ့။ သူထင်မြင်ယူဆတဲ့အတိုင်း ဟောပြောရာကနေ ဘဝခန္ဓာဟာ မြဲတယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိ အယူမှားကြီး လောကမှာ ပေါ်လာတယ်။

နောက်ရသေ့တစ်ပါးကတော့ သံဝဋ္ဋဝိဝဋ္ဋကပ်ပေါင်း ၁၀ အတွင်း ပြန်မြင်နိုင်တဲ့ အဘိညာဉ်ကို ရတယ်။ သူကလည်း ဘယ်လိုယူဆပြန်သလဲဆိုတော့ သတ္တဝါတွေဟာ သံဝဋ္ဋဝိဝဋ္ဋကပ်ပေါင်း (၁၀) အတွင်းသာ သေလိုက်ဖြစ်လိုက်နဲ့ ပြောင်းလဲနေကြတာ။ ထိုမှ ရှေးအဖို့၌ဖြစ်တဲ့ ဘဝတွေမှာတော့ မအို၊ မနာ၊ မသေ အမြဲနေရတယ်-လို့ ယူဆလိုက်သတဲ့။ ဒီအယူအဆတိုင်း ဟောပြောရာကနေ နောက်ထပ် သဿတဒိဋ္ဌိ အယူမှားကြီးတစ်ခု လောကမှာ ထပ်မံပေါ် လာရပြန်တယ်။

နောက်ရသေ့တစ်ပါးကတော့ သံဝဋ္ဋဝိဝဋ္ဋကပ်ပေါင်း (၄၀) အတွင်းရှိ ခန္ဓာအစဉ်ကို ပြန်မြင်နိုင်သွားတယ်။ ဒီတော့ သူကလည်း သူမြင်တဲ့အတိုင်း ပြောတော့တာပေါ့။ သတ္တဝါတွေဟာ သံဝဋ္ဋဝိဝဋ္ဋကပ်ပေါင်း လေးဆယ်အတွင်းသာ ဖြစ်ပျက်ပြောင်းလဲ နေကြတာ၊ ဒီမှရှေ့အဖို့ ဘဝ သင်္ခါရတွေမှာတော့ မအို၊ မနာ၊ မသေ အမြဲနေကြရတယ်-တဲ့။ ဒါနဲ့ပဲ နောက်ထပ် သဿတဒိဋ္ဌိ အယူမှားကြီးတစ်ခု

http://www.dhammadownload.com



လောကမှာ ထပ်မံ ပေါ်လာပြန်တာပေါ့။ နောက်ထပ် ဧကစ္စသဿတ ဒိဋ္ဌိ ပေါ်လာခြင်းအကြောင်းကို ပြောဦးမယ်။

ကမ္ဘာတည်ဦးက ပထမစျာန်ဗြဟ္မာ့ဘုံက စုတေပြီး လူ့ပြည်ကို ပုဂ္ဂိုလ်တစ်ယောက် ရောက်လာတယ်၊ သူဟာ ဗြဟ္မာဘုံက လာခဲ့ခြင်း ဖြစ်လို့ ကာမဂုဏ်ကို ရွံမုန်းပြီး ရသေ့ဝတ်ပြီးတော့ သမထတရားတွေ အားထုတ်လိုက်တာ ဖြစ်ပြီးသား တစ်ဘဝကို ပြန်မြင်နိုင်တဲ့ အဘိညာဉ် ကို ရသွားတယ်။ သူရတဲ့ အဘိညာဉ်တန်ခိုးနဲ့ ပြန်ကြည့်တော့ ပထမ စျာန် ဗြဟ္မာ့ဘုံက လာခဲ့တာကို မြင်တာပေါ့။

ဒီလိုကြည့်တော့ သူတို့ထက်အရင် ပထမစျာန်ဗြဟ္မာ့ဘုံမှာ ရောက် နှင့်တဲ့ ဗြဟ္မာမင်းကြီးကိုလည်း မသေမပျောက် သွားတွေ့တယ်။ ဒီတော့ သူက ဘယ်လို ယူဆလိုက်သလဲဆိုတော့ "ဪ-ငါတို့ ပထမစျာန် ဗြဟ္မာမင်းကြီးဟာ မအို၊ မနာ၊ မသေ အမြဲနေရတာပါလား၊ ဒီ ဗြဟ္မာကြီးကပဲ လောကကို ဖန်ဆင်းတယ်၊ သတ္တဝါတွေကို ဖန်ဆင်း တယ်၊ သတ္တဝါတွေရဲ့ အရှင်သခင်လည်း ဖြစ်တယ်၊ ဗြဟ္မာမင်းကြီး ဖန်ဆင်းတဲ့ သတ္တဝါတွေသာ အိုကြရ၊ နာကြရ၊ သေကြရတယ်" တဲ့။ ဒီအယူအဆတိုင်း ဟောပြောရာကနေ "ဧကစ္စသဿတဒိဋ္ဌိ" ကြီး ပေါ်ပေါက်လာရတယ်။

ဧကစ္စသဿတဒိဋ္ဌိဆိုတာ တချို့မြဲ၊ တချို့မမြဲ-လို့ယူဆတာမျိုး ပေါ့။ ဟိန္ဒူဘာသာဟာ အခုပြောနေတဲ့ရသေ့ကနေ စခဲ့တာပဲ။ ဒါကြောင့် ဟိန္ဒူဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင်ဟာ ဗြဟ္မာ့ဘုံပဲ။ သူတို့ဘုံဟာ ကမ္ဘာငါးရာတောင် အသက်ရှည်တယ်ဆိုတော့ ဝိပဿနာ ဉာဏ် မျက်စေ့နဲ့သာ မကြည့်ဘူးဆိုရင် မသေဘူး-လို့ ထင်မယ် ဆိုလည်း ထင်လောက်စရာပဲပေါ့။

နတ်ပြည်မှာ အရယ်သန်တဲ့ "ခိဍ္ဍာပဒေါသိကနတ်" ဆိုတာရှိ

http://www.dhammadownload.com



တယ်။ ဘယ်လောက် အရယ်သန်သလဲဆိုရင် တစ်ခါတစ်ရံ ရယ်နေတဲ့အချိန် ကြာလွန်းအားကြီးပြီး နတ်ဩဇာစားဖို့ အချိန် လွန်သွားတယ်။ နတ်တွေရဲ့ အစာချက်တဲ့ ပါစကဝမ်းမီးဟာ အားကောင်းတယ်။ ဒါ့ကြောင့် အစာစားချိန်မှာ မစားလိုက်တာနဲ့ ပါစကဝမ်းမီးက တစ်ကိုယ်လုံးကို လောင် ပစ်လိုက်တဲ့အတွက် ချက်ချင်း သေသွားတယ်။ ဒီနတ်ဟာ လူ့ပြည်မှာ လာဖြစ်တဲ့အခါ အရွယ်ရောက်တာနဲ့ ရသေ့ဝတ်ပြီး သမထ အားထုတ်တယ်။

ရလာတဲ့ အဘိညာဉ်တန်ခိုးနဲ့ သူလာခဲ့တဲ့ နတ်ပြည်ကို ပြန်ကြည့် လိုက်တဲ့အခါ ခိဍ္ဍာပဒေါသိကနတ်တွေသာ သေတာတွေ့ပြီး တခြားနတ်တွေ မသေတာကို တွေ့တယ်၊ ဒီတော့ သူက သူထင်တဲ့အတိုင်း "ခိဍ္ဍာ ပဒေါသိကနတ်တွေသာ သေတာ၊ တခြားနတ်တွေ မသေဘူး" လို့ ဟောပြောရာကနေ ဒုတိယမြောက် ဧကစ္စသဿတဒိဋ္ဌိ အမှားကြီးဟာ လောက မှာ ပေါ်ပေါက်လာခဲ့ရပြန်တယ်။

## သေလောက်အောင် မနာလိုသူ

နောက်တစ်မျိုးကတော့ "မနောပဒေါသိကနတ်" - - - တဲ့။ လူ့ဘဝက ကိုယ့်ထက်သာရင် မနာလိုတဲ့ အကျင့်ဟာ နတ်ပြည်အထိ ပါလာတယ်။ သူတစ်ပါးက မိမိထက် တစ်ခုခု သာတာကို တွေ့ရတဲ့အခါ မနာလိုလိုက်ရင် "ဣဿာ" ဆိုတဲ့ အကုသိုလ်ဖြစ်တယ်။ ဣဿာဟာ ဒေါသစိတ်နဲ့ ယှဉ်လို့ ဒီစိတ်နဲ့သာ သေသွားရင် ငရဲထိ ကျမှာပါ။ ကိုယ့်ထက် သာတာကို ဝမ်းသာလိုက်ရင် "မုဒိတာ" ဆိုတဲ့ ကုသိုလ် ဖြစ်တယ်။ အရည်မရ အဖတ်မရတာချင်း အတူတူ ကုသိုလ် ဖြစ်တာပဲ ကောင်းပါတယ်။ မနာလိုတဲ့ ဣဿာစိတ်ဟာ နတ်ဘဝရောက်ရင် လည်း အသေဆိုးနဲ့ သေအောင် သတ်မှာမို့လို့ လူ့ဘဝကတည်းက မိမိသန္တာန် မှာ မဖြစ်အောင် ကြိုးစားသင့်ပါတယ်။

http://www.dhammadownload.com



နတ်တစ်ပါးဟာ တခြားနတ်တစ်ပါးကို ကြည့်ရင်း မနာလိုတဲ့ ဣဿာစိတ်တွေ ဝင်လာတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ထက် အစစ အရာရာ သာနေလို့ပေါ့။ အဲဒီလို မနာလိုတဲ့စိတ်နဲ့ ကြည့်ရင်း အစားစား ချိန်လွန်သွားတဲ့အတွက် သေသွားတယ်။ သူဟာ လူ့ဘဝရောက်လာပြီး အရွယ်ရောက်တဲ့အခါ ရသေ့ဝတ်ပြီး သမထအားထုတ်လိုက်တာ အဘိ ညာဉ်ရသွားတယ်။ ရလာတဲ့ အဘိညာဉ်တန်ခိုးနဲ့ သူလာခဲ့တဲ့ နတ်ပြည် ကို ပြန်ကြည့်လိုက်တယ်။ ကြည့်ပြီးတာနဲ့ သူသိတာကို ဝါဒတစ်ခုအနေနဲ့ ဖြန့်တော့တယ်။ သူဖြန့်တဲ့ဝါဒက မနောပဒေါသိကနတ်တွေသာ သေတာ၊ တခြားနတ်တွေ မသေဘူးတဲ့၊ ဒီကနေစပြီး လောကမှာ တတိယမြောက် ဧကစ္စသဿတဒိဋ္ဌိ အမှားကြီး ပေါ်လာရတာပါ။

ဒီသာဓကတွေထောက်ပြီး စာပေကလည်းမတတ်၊ အနီးကပ် ဆရာကောင်းကလည်း မရှိဘဲ ကိုယ်တစ်ယောက်တည်း ရမ်းပြီးတရား အားထုတ်တဲ့သူဟာ ရူးချင်ရူးမယ်။ မရူးရင်လည်း သမာဓိတန်ခိုးနဲ့ ဟိုမြင်ဒီမြင် မြင်လာတာပဲ ရှိတယ်။ ဝိပဿနာပညာ စခန်းကို ရောက်ပြီး မဂ်ဖိုလ်ရဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့ မပါသူတွေရဲ့ တရားမျိုးဆိုရင် ချင့်ချိန် ပြီး ယုံသင့်ပါတယ်။

## မိစ္ဆာသမာဓိများ

သမာဓိ(၃)မျိုးထဲမှာ ခဏိကသမာဓိဟာ အားအသေးဆုံးပဲ၊ စိတ် ဖြစ်တိုင်း လိုက်ဖြစ်ရတဲ့ စေတသိက်(၇)လုံးထဲက ဧကဂ္ဂတာ စေတသိက်ကို ခဏိကသမာဓိလို့ ပြောတာပါပဲ။ ခဏိကသမာဓိတည်ဖို့ အတွက် သမထ ကမ္မဋ္ဌာန်းတွေကို တကူးတက ပွားစရာ မလိုပါဘူး။ မိမိစိတ်ဝင်စားတာကို အာရုံစိုက်လိုက်တာနဲ့ ခဏိကသမာဓိ တစ်ခါ တည်း တည်သွားတာပါပဲ။ ည(၇)နာရီ ကိုရီးယားကား ကြည့်တယ်

http://www.dhammadownload.com



ဆိုရင် (၈) နာရီမထိုးမခြင်း စိတ်ဟာတီဗွီဖန်သားပြင်ကနေ ဘယ်မှ မသွားတော့ဘူး။ အာရုံစိုက်နေတယ်၊ အဲဒါ ခဏိကသမာဓိပါ။

အမျိုးသားတွေ ကျားကစားတဲ့အခါ၊ စစ်တုရင်ကစားတဲ့အခါ၊ ဖဲကစားတဲ့အခါ စိတ်ဟာ ကျားကွက်ထဲကနေ၊ စစ်တုရင်ကွက်ထဲကနေ၊ ဖဲချပ်တွေကနေ ဘယ်မှ မပြေးတော့ဘူး။ တစ်ခါတည်း အာရုံစိုက်သွားတယ်။ အဲဒါ ခဏိကသမာဓိပါပဲ။ အကုသိုလ်နေရာမှာ တည်တဲ့သမာဓိမို့လို့ မိစ္ဆာသမာဓိလို့ခေါ်ရမှာပေါ့။ တရားနာတဲ့အခါ စိတ်ဟာ ဆရာဟော နေတဲ့ ရုပ်နာမ်ခန္ဓာပေါ် စိုက်နေတယ်။ အဲဒါ ခဏိက သမာဓိပဲ။

သမာဓိထဲမှာ ခဏိကသမာဓိဟာ အားအသေးဆုံးပဲ။ ဒါပေမယ့် ဝိပဿနာပညာနဲ့ ယှဉ်ခွင့်ရလိုက်တဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုတောင် ပေးနိုင်တဲ့သတ္တိ ရှိသွားတယ်။ မပဋ္ဌာဟာ တရားနာ နေတဲ့တစ်ချိန် လုံး ဘာသမထမှမလုပ်ပါဘူး။ အရင်ကလည်း မလုပ်ခဲ့ဖူး ပါဘူး။ ဒါကြောင့် သူ့မှာ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်မျိုးလုံး မရှိပါဘူး။ ဒါဆိုရင် ဘာသမာဓိရှိသလဲဆိုတော့ ခဏိကသမာဓိပဲ ရှိတယ်။ အဲဒီ ခဏိကသမာဓိဟာ ဝိပဿနာပညာနဲ့ ယှဉ်ခွင့်ရလိုက်တာ ကြောင့် တရားပွဲအဆုံးမှာ မပဋ္ဌာဟာ သောတာပတ္တိမဂ်ကို ရသွားခဲ့ တာပါ။

## သောတာပန်တည်သော သူစိုး

မပဋ္ဌာဟာ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့တဲ့ မဟာသာဝကမို့လို့ သာ ဒီလို အလွယ်တကူနဲ့ မဂ်ဖိုလ်ကို ရသွားတာပါ။ ပကတိသာဝကဆို ရင် မရနိုင်ပါဘူးလို့ထင်ရင် နောက်ထပ် သာဓကတွေ ထပ်ပြမယ်။ တကယ်တော့ ပကတိသာဝကကမှ မဂ်ဖိုလ်ကိုရတာ ပိုမြန်သေးတယ်။ ဘာကြောင့်လဲဆိုတော့ ပကတိသာဝကမှာ မဂ်ဖိုလ်ကိုရဖို့အတွက်

http://www.dhammadownload.com



အင်္ဂုတ္တရသာဝက၊ မဟာသာဝကတို့လို ဘဝပေါင်း သိန်းနဲ့ချီပြီး ပါရမီဖြည့်စရာမလိုဘူး။ ဒီနေ့နာကြားတဲ့ ဝိပဿနာတရားဟာ နောက်နေ့ မင်္ဂဖိုလ်ရဖို့အတွက် ပါရမီဖြစ်သွားတာပဲ။ ဉာဏ်ထက်လွန်းတဲ့ ပကတိသာဝကတွေမှာဆိုရင် (၇)နာရီထိုးက စနာတဲ့တရားဟာ (၈)နာရီထိုးမှာ မင်္ဂဖိုလ်ရဖို့အတွက် ပါရမီဖြစ်နေပါပြီ။

ဓမ္မပဒ-၆၃ မှာလာတဲ့ သူခိုးတစ်ယောက်အကြောင်းကို လေ့လာ ကြည့်ရအောင်၊ သူ့နာမည်ကို ဂဏ္ဌိဘေဒကလို့ခေါ်တယ်။ သူဟာ ဘယ်လောက် အောက်တန်းကျသလဲဆိုရင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ညစဉ်ကျင်းပတဲ့တရားပွဲမှာပဲ လာလာခိုး လေ့ရှိတယ်။ ပရိတ်သတ်တွေ ဗုဒ္ဓရဲ့တရားတော်မှာ အာရုံစိုက်နေပြီ ဆိုတဲ့အချိန်ကျမှ ဥစ္စာပစ္စည်းတွေကို ခိုးယူလေ့ရှိတယ်။ သူ ဘုရား ကျောင်းတော်ကို ညတိုင်း ရောက်တယ်။ ဒါပေမယ့် ဘုရားကိုလည်း တစ်ခါမှ မဖူးဘူး။ တရားကိုလည်း တစ်ခါမှမနာဘူး။ ဘယ်သူ့ဆီက ခိုးရမယ်ဆိုတာ ချောင်းနေရတာနဲ့ပဲ အချိန်ကုန်သွားလေ့ရှိတယ်။ ဒီလိုနဲ့ ခိုးနေလိုက်တာ တစ်ရက်မှာတော့ ဗုဒ္ဓရဲ့မျက်နှာတော်ကို ဖူးမိသွား တယ်။ မြတ်စွာဘုရားဟာ တစ်လောက လုံးမှာ အသပ္ပါယ်ဆုံးဆိုတော့ သူ ဖူးတွေ့လို့မဝဘူးဖြစ်နေတယ်။ ခိုးဖို့ရာလည်းသတိ မရတော့ဘူး။ ဘုရားကို သေချာဖူးမြင်ရင်းပဲ သစ္စာတရားကို ဆုံးခန်းတိုင်အောင် နာဖြစ်သွားတယ်။ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို ဝိဇ္ဇာမဂ္ဂင်လို့လည်း ခေါ်သေးတယ်။ မြန်မာလိုဆိုတော့ သိရမယ့်မဂ္ဂင်ပေါ့။ ကျန်မဂ္ဂင် (၆)ပါး ကိုတော့ စရဏမဂ္ဂင်လို့ ခေါ်တယ်။ မြန်မာလိုဆိုတော့ ကျင့်ရမယ့် မဂ္ဂင်ပေါ့။

သိရမယ့်မဂ္ဂင်ကို သိအောင်နာကြားလိုက်ရင် ကျင့်ရမယ့် စရဏ မဂ္ဂင်တွေဟာ အလိုလိုပါသွားတယ်။ ဒါ့ကြောင့် တရားအဆုံးမှာ

http://www.dhammadownload.com



ဂဏ္ဍိဘောဒကဟာ သောတာပန်တည်သွားတယ်။ ဒါ့ကြောင့်လည်း မိုးကုတ် ဆရာတော်ဘုရားကြီးက "အနာကင်းလွတ် ချမ်းသာမြတ်"ဆိုတဲ့ တရားတော်မှာ အခုလို အားပေးတရား ဟောကြားတော်မူခဲ့ပါတယ်။

"ဟောတဲ့ပုဂ္ဂိုလ်က သစ္စာတရားဟောလို့ တရားနာတဲ့သူက လည်း တစ်ပါးအာရုံမသွားဘဲ သစ္စာတရားမှာသာ နှလုံးထားနိုင်ရမယ်။ အဲဒီလို ထားနိုင်ရင် တရားနာရင်းက သောတာပန်တည်နိုင်တယ်လို့ ပေဋကော-ပဒေသပါဠိတော်မှာ ဟောထားတယ်။ ဟောတဲ့ဆရာက လည်း သစ္စာတရားသာပြောပြ၊ နာနေတဲ့သူကလည်း အခြားအာရုံ မထွက်ဘဲ သစ္စာမှာသာ နှလုံးသွင်းမြဲရင်တစ်ထိုင်တည်းနဲ့ ကိစ္စပြီးပါ တယ်လို့ဆိုတော့ တို့ဒကာတွေ အားကိုးဖို့များ မကောင်းဘူးလား၊ ကြိုးစားယူလိုက်ကြ"

(မဓမ္မဗျူဟာ-အတွဲ ၃၉၊ အမှတ်- ၁၁၊ ၂၀၀၁ မေ)

သောတာပန်တည်ပြီးသွားတော့ ငါးပါးသီလကိုဖေါက်ဖျက် ချင်တဲ့ စိတ်ဆိုး စေတနာဆိုးတွေဟာ ပေါ်မလာတော့ဘူး။ ဒါကြောင့် ခိုးခြင်း၊ ဝှက်ခြင်း အလုပ်ကို မလုပ်တော့တဲ့အတွက် ဒီနေ့အဖို့ သူ့မှာ ဘာမှမရတော့ဘူး။ သူ့လို ခိုးဖော်ခိုးဖက်တစ်ယောက်က သူရလာတဲ့ ဥစ္စာကို ဂဏ္ဍိဘောဒကကို လာပြတယ်၊ ပြီးတော့ ဂဏ္ဍိဘောဒကကိုရော ဘာတွေရခဲ့သလဲလို့ မေးတယ်။ ဂဏ္ဍိဘောဒကက ဘာမှမရကြောင်း မခိုးတော့ကြောင်း ပြောလိုက်တော့ သူ့မိတ်ဆွေက အပြစ်တင်တယ်။

"မင်း-တော်တော်ပညာမရှိတဲ့ကောင်၊ တော်တော် အတဲ့ ကောင်၊ ဒီလောက် ပရိသတ်အများကြီး ရှိတာတောင် ဘာမှရအောင် မခိုးနိုင်တာ အံ့ပါရဲ့" စသည်အားဖြင့် လျှောက်ပြောပြီး အပြစ်တင်တာ ပေါ့။ ဂဏ္ဍိဘောဒကက ဘာမှပြန်မပြောဘူး။ သြော် ဒီကောင် ငါတရား ရပြီး စိတ် ဓာတ်တွေပြောင်းလဲသွားတာကို သူမသိဘူး။ ငါ့ကို အရင်လိုပဲ

http://www.dhammadownload.com



ထင်နေတယ်လို့တွေးပြီး ဒီအကြောင်းအရာတွေကို ဘုရားရှင်ထံသွားပြီး လျှောက်ထားတယ်။ ဘုရားရှင်က လူမိုက်ဖြစ်လျက် ပညာရှိတယ်လို့ ထင်နေတဲ့ ဂဏ္ဌိဘေဒက မိတ်ဆွေကို အကြောင်းပြုပြီး မှတ်သားဖွယ်ရာ ကောင်းတဲ့ ဒီဂါထာလေးကို ဟောကြားတယ်။

ယော ဗာလော မညတိ ဗာလျံ
ပဏ္ဍိတောဝါပိ တေန သော
ဗာလောဝ ပဏ္ဍိတမာနီ
သ ဝေ ဗာလောတိ ဝုစ္စတိ။ (ဓမ္မပဒ- ၆၃)

"မိုက်မဲသောသူ၊တစ်နည်း တရားမရသေးသော သူသည်မိမိ၏ မိုက်မဲခြင်း၊ တရားမရခြင်းကို သိ၏။ ထိုသူ သည် လိမ္မာ၍ ပညာရှိသော သူ၊ တရားရသောသူ ဖြစ်နိုင်၏။ မိုက်မဲသောသူ၊ တရားမရသေးသော သူ ဖြစ်ပါလျက် လိမ္မာ၍ ပညာရှိသောသူ၊တရားရပြီးသောသူဟု အထင် ရောက်နေသူသည် ပညာရှိသောသူ၊ တရားရသောသူ မဖြစ်နိုင်တော့၊ ထိုသူမျိုးကို လူမိုက်အစစ်ဟု ဆိုအပ်၏"။

## သောတာပန်တည်သော တံငါသည်

သာဝတ္ထိမြို့၊ မြောက်တံခါးအနီးမှာ တံငါသည် တစ်ယောက် ရှိတယ်။ ငါးမျှား၊ ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်းနေတာ ကြာပြီပေါ့။ သူ ငါးမျှားနေတဲ့နေရာကို ဘုရားရှင်ရောက်လာပြီး သူ့နာမည်ကို မေး တယ်။ သူကဖြေတယ် အရိယာတဲ့၊ နာမည်နဲ့အလုပ်နဲ့ ဘယ်လောက် လိုက်ဖက်ညီလိုက်သလဲလို့။ အရိယာဆိုတာ မင်္ဂဖိုလ်ရပြီး စိတ်ဓာတ်ဖြူ စင်သန့်ရှင်းသွားတဲ့ သူတော်စင်တွေကို ပြောတာ။

ဒါ့ကြောင့် သူ့နာမည်နဲ့၊ သူ့အလုပ်နဲ့လိုက်သွားအောင်ဆိုပြီး ဘုရားရှင်က သစ္စာလေးပါးတရားကို ဟောလိုက်တာ တရားအဆုံးမှာပဲ သော တာပန်တည်သွားတယ်။ အရိယာအမည်ရှိတဲ့ တံငါသည်ကို

http://www.dhammadownload.com



အကြောင်းပြုပြီး ဗုဒ္ဓက ဟောဒီဂါထာလေးကို ဟောကြားပါတယ်။

န တေန အရိယော ဟောတိ၊
ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊
အရိယောတိ ပဝုစ္စတိ။

"ဒေါသစသော အကြောင်းကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်၏။ ထိုသူသည် အရိယာဟူသော အမည်ကို မရနိုင်။ ခပ်သိမ်းသော သတ္တဝါတို့ကို ညှဉ်းဆဲခြင်းမှ ကင်းသောသူကိုသာလျှင် "အရိယာ"ဟူ၍ ဆိုအပ်၏" ။

ငါးမျှားရင်း တန်းလန်းကနေ ချက်ချင်းထ တရားနာရတာဆိုတော့ သူမှာ ဘာသမထကမ္မဋ္ဌာန်းမှ လုပ်ချိန် မရပါဘူး။ ဒါကြောင့် ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိဆိုတာလည်း မရှိနိုင်ပါဘူး။ ဒါဆိုရင် ဘာသမာဓိပဲ ရှိနိုင်သလဲဆိုတော့ ဟောတဲ့ တရားအပေါ် အာရုံစိုက်နေတဲ့ ခဏိက သမာဓိပဲ ရှိနေပါတယ်။ အဲဒီ ခဏိကသမာဓိဟာ ဝိပဿနာဉာဏ်နဲ့ ယှဉ်ခွင့် ရလိုက်တဲ့အတွက် သောတာပန် တည်ခဲ့ရတာပါ။ ဒီတံငါသည် ဟာလည်း သူလိုကိုယ်လို ပကတိသာဝက တစ်ယောက်ပါပဲ။

## သောတာပန်တည်သော အရက်သမား

သောတာပန်တည်သွားတဲ့ အရက်သမားအကြောင်း မပြောမီမှာ အရက်ရဲ့ ဆိုးကျိုးတွေကို အနည်းငယ် ပြောပြချင်တယ်။ ညီတွေ၊ တူတွေ သေချာ သိစေချင်လို့ပါ။ နွားခြံတစ်ခြံမှာ နွားအကောင်ပေါင်း တစ်ရာ ကျော်ရှိတဲ့ အနက်က ချိုကုတ်ဆိုတဲ့ နွားကြီးတစ်ကောင်ကိုပဲ သေချာ ချည်နှောင်ထားရတယ်။ သူငြိမ်နေရင် ကျန်တဲ့နွားတွေ အားလုံး ငြိမ်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ချိုကုတ်က ရန်လိုတယ်။ တွေ့သမျှနွား ရန်စပြီး လိုက်ဝှေ့တတ်တယ်။ သူ့တစ်ကောင်ကို ကြိုးမ ချည်မိတာနဲ့

http://www.dhammadownload.com



နွား တစ်ခြံလုံး ပွက်လောရိုက်သွားတာပဲ။

ဒီအတိုင်းပဲ ငါးပါးသီလမှာ "သုရာမေရယကံ" ဟာ သူ့တစ်ခု လုံခြုံရင် ကျန်တဲ့ သိက္ခာပုဒ်တွေ အလိုလို လုံခြုံသွားတာ များတယ်။ သုရာမေရယကံ ပျက်စီးရင်လည်း ကျန်တဲ့ကံတွေ အလွယ်တကူ ပျက်စီးကုန်တတ်တယ်။ ၁၉၇၈ ခုနှစ်ခန့်က ရေစကြိုမြို့နယ်ထဲမှာ ပါတဲ့ မြိုင်နယ်မှာ လူသတ်မှုတစ်ခု ဖြစ်တယ်။ လူသတ်မှု ကျူးလွန်တဲ့ ကောင်လေးနာမည်က မောင်အေးသောင်-တဲ့။ အသက်က ၁၉-၂၀ လောက်ပဲ ရှိသေးတယ်။

မြင်းခြံထောင်မှာ ထောင်ဆယ်နှစ် ကျသွားတယ်။ ရုပ်ကလေးက သနားကမားနဲ့ လူမိုက်ရုပ် မပေါက်တဲ့ မောင်အေးသောင်ကို မြင်ရတော့ ထောင်မှူးက သားသမီးချင်း ကိုယ်ချင်းစာပြီး သနားသွားတယ်။ ဒါ- ကြောင့် ကရုဏာနဲ့ သေချာ မေးမြန်းနေမိတယ်။ ဘာအမှုလဲ ဆိုတော့ လူသတ်မှု-တဲ့။ ဘယ်သူ့ကို သတ်တာလဲ ဆိုတော့ အဖေကို သတ်တာတဲ့။

"မင်းအဖေက မင်းအပေါ် ဘယ်လောက်ဆိုးလို့ သတ်တာလဲ" လို့ မေးလိုက်တော့ မောင်အေးသောင် စိတ်မထိန်းနိုင်တော့ပဲ ခြုံးပွဲချ ငိုတယ်။ ငိုရင်း ပြောတာကတော့ သူ့အဖေဟာ တကယ့်သူတော်ကောင်း ကြီးပါ-တဲ့။ အမေဆုံးပြီးတဲ့ အချိန်ကစပြီး သူ့အပေါ် အလိုလိုက်ပြီး အကြိုက် ဆောင်ခဲ့တယ်။ သူကတော့ "အလိုလိုက် အရိုက်စော်ကား" ဆိုတဲ့ စကားအတိုင်း အရက်သောက်၊ ဖဲရိုက်စသော မကောင်းတဲ့ အလုပ်မှန်သမျှ အကုန် လုပ်ခဲ့တယ်။

ဒါ့ကြောင့် မိဘများဟာ ကိုယ့်သားသမီးအပေါ် ဆုံးမသင့်တာ မဆုံးမဘဲ၊ စည်းကမ်းတကျ မအုပ်ချုပ်ဘဲ၊ အလိုလိုက်လွန်း အားကြီးတာ ဟာ ချစ်ရာ မရောက်ဘဲ နှစ်,ရာရောက်တယ်-ဆိုတာကို မိဘတိုင်း

http://www.dhammadownload.com



သတိ ထားစေချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မိဘများကို သတိပေး ထားတဲ့ လင်္ကာလေး ရဖူးတယ်။

**ကျားနဲ့အား၊ မီးနဲ့ ထီး**

ငယ်သော်ကသား၊ မဆုံးမငြားက
ကြီးသောအခါ၊ ကျားပမာ
မှန်စွာကြောက်ဖို့တည်း။
ငယ်သော်ကသား၊ ဆုံးမငြားက
ကြီးသောအခါ၊ အားပမာ
မှန်စွာကိုးဖို့တည်း။
ငယ်သော်သမီး၊ ဆုံးမနည်းက
ကြီးသောအခါ၊ မီးပမာ
မှန်စွာပူဖို့တည်း။
ငယ်သော်သမီး၊ ဆုံးမပြီးက
ကြီးသောအခါ၊ ထီးပမာ
မှန်စွာခိုဖို့တည်း-တဲ့။

ကလေးတွေ ငယ်ရွယ်စဉ်ဆိုတာ ဖယောင်းလိုပဲ၊ ကိုယ်လိုတဲ့ပုံ သွင်းလို့ ရတယ်။ တရားပွဲတွေ ခေါ်သွားပေးမယ်။ စိတ်ဝင်စားစရာ ဘာ သာရေးစာအုပ်ကောင်းလေးတွေ ဝယ်ပေးပြီး ဖတ်စေမယ် ဆိုရင် သား လိမ္မာ,သမီးလိမ္မာလေးတွေ ဖြစ်လာမှာပါ။ အခုလည်း မောင်အေး သောင်ရဲ့ အဖေဟာ မောင်အေးသောင်ကို ငယ်ရွယ်စဉ်က လိမ္မာ ရေးခြားရှိအောင် မဆုံးမနိုင်ခဲ့ဘူး။ ဒါနဲ့ မောင်အေးသောင်ဟာ ကျားလို ကြောက်စရာကောင်းတဲ့ လူမိုက်ကလေးတစ်ယောက် ဖြစ်လာတယ်။ တစ်နေ့ မောင်အေးသောင်ဟာ အရက်တွေ မူးအောင်သောက်ပြီး ဖဲသွားရိုက်တယ်။ ဖဲရှုံးလာတော့ အဖေ့ဆီပြန်ပြီး ပိုက်ဆံတောင်းတယ်။

http://www.dhammadownload.com



အဖေဖြစ် သူကလည်း တားမြစ်ဆုံးမဖို့ မကြိုးစားဘူး။ ရှိတဲ့ ပိုက်ဆံတွေ ထုတ်ပေး လိုက်တာပဲ။

ပါလာတဲ့ ပိုက်ဆံတွေ အကုန်ရှုံးသွားပြန်တော့ မူးနေတဲ့ မောင်အေးသောင်ဟာ လောဘအပြင် ဒေါသပါ ကြီးလာတယ်။ အဖေ့ဆီ နောက်တစ်ခါ ပိုက်ဆံ သွားတောင်းပြန်တော့ ဟိုက ပိုက်ဆံမှ မရှိတော့ တာ။ "မရှိတော့ဘူး" လို့ အမှန်တိုင်း ပြောလိုက်တာပေါ့။ အဲဒါ အဲသလို ပြောရပ့ါမလား ဆိုပြီး မူးနေတဲ့ မောင်အေးသောင်ဟာ အသင့်တွေ့ရတဲ့ ဓားရှည်တစ်ချောင်းနဲ့ ခုတ်သတ်လိုက်တာ အဖေဖြစ်သူ ပွဲချင်းပြီး သေရှာတယ်။ ဒီလူသတ်မှုမှာ အပေါ်ယံ ကြည့်ရင် မောင်အေးသောင်က သူ့ အဖေကို သတ်လိုက်တာပဲ။

http://www.dhammadownload.com

## ဖခင်ကို သတ်သော တရားခံအစစ်

အတွေးအခေါ်နဲ့ ကြည့်ရင် မောင်အေးသောင်ဟာ လူသတ်တရားခံအစစ် မဟုတ်ဘူး။ လူသတ်တရားခံအစစ်ဟာ တရားဝင်မူးယစ်ဆေးဝါးလို့ ခေါ်တဲ့ အရက်ပဲ။ အရက်မမူးရင် ပကတိစိတ်မျိုးနဲ့ မောင် အေးသောင်ဟာ ဖခင်ကို ဘယ်လိုမှ မသတ်ရဲပါဘူး။ လူမှန်းသူမှန်း မသိအောင် အရက်မူးနေလို့သာ ဖခင်ကို သတ်ရဲသွားတာပါ။

စီးကရက်ဗူးတိုင်းမှာ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်" ဆိုတဲ့ သတိပေးစာတမ်းလေးကပ်ထား သလို အရက်ပုလင်းတိုင်းမှာလည်း "အရက်သောက်ခြင်းသည် ဘဝဆက်တိုင်း အရူးဘဝသို့ ရောက်ရှိစေပြီး၊ မိဘကို ပြန်သတ်မိတတ်သည်အထိ အကုသိုလ်မှန်သမျှကို အလွယ်တကူ ကျူးလွန်မိစေသည်" ဆိုတဲ့ စာတမ်း လေးကို ကပ်ထားသင့်တယ်။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ အရက်သမားများဟာ ဖြစ်ရာဘဝ အရူးသာဖြစ်ကြောင်း ဟောကြားထားတာ ရှိတယ်။ ဒါ့ကြောင့် အခုဘဝမှာ တွေ့နေရတဲ့ အရူးမှန်သမျှ

http://www.dhammadownload.com



ဟာ အရင်ဘဝက အရက်သမားတွေသာဖြစ်ကြောင်း သေချာသိနိုင်တာပေါ့။ မောင်အေးသောင်ရဲ့ အဖသတ်တဲ့အကုသိုလ်ကံဟာ ဒီဘဝမှာတင် မကောင်းကျိုးပေးတယ်။ သူဟာ ထောင်သားတွေအတွက် ချက်ပြုတ်တဲ့နေရာမှာ ဝိုင်းကူရတယ်။

ထမင်းချက်တဲ့အခါ အများအတွက် ချက်တာဆိုတော့ မိုးပြဲဒယ်အိုးကြီးတွေနဲ့ ရေနွေးဆူအောင် အရင်တည်ရတယ်။ ရေနွေးဆူပြီဆိုမှ ဆန်ထည့်ရတယ်။ တစ်နေ့ ပွက်ပွက်ဆူနေတဲ့ရေနွေး ထဲကို ဆန်ထည့်ဖို့ အသွားမှာ ခြေချော်လဲပြီး ရေနွေးအိုးထဲ ပစ်ကျသွားတယ်။ လူအရှင်လတ်လတ် ပြုတ်လိုက်သလို ဖြစ်သွားတာပေါ့။ ပူလောင်တဲ့ဝေဒနာကို ပြင်းထန်စွာခံစားရပြီး မြင်းခြံဆေးရုံမှာပဲ အော်ဟစ် ညည်းညူရင်း သေဆုံးသွားတယ်။ အခုဆိုရင် အဝီစိငရဲကို ရောက်နေရောပေါ့။

ပကတိစိတ်နဲ့ဆိုရင် မိမိသမီးရင်းကို သားမယားအဖြစ် ပြုကျင့်ဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး။ ဒါပေမယ့် အရက်သာဝင်သွားရင် ဒီအလုပ်မျိုးကိုလည်း လုပ်ရဲတာပဲ။ ကောလင်းဘက်က ရွာတစ်ရွာမှာ အမူးသမားကြီးတစ်ယောက်ရှိတယ်။အမူးသမားတွေဟာ တစ်ဘို့တည်းကြည့်တဲ့ အတ္တသမားတွေပဲ၊ ကိုယ် အရက်သောက်ပြီး မူးရင် ပြီးတာပဲ၊ ကျန်တဲ့မိသားစုကို ဘာမှမကြည့်ဘူး။ ဒီအမူးသမားကြီးလည်း ဒီအတိုင်းပဲ၊ အိမ်ကိုတော့ ဘာမှလုပ်မကျွေးဘဲ မိန်းမရှာလို့ရသမျှ မရမကတောင်းပြီး အရက်သောက် မူးတာပဲ၊ မူးရင်လည်း မိန်းမကို နှိပ်စက်တာပဲ၊ ဒါနဲ့ပဲ သူ့မိန်းမကြီး သေသွားလို့ သမီးပျိုတစ်ယောက်ပဲ ကျန်ခဲ့တယ်။

တစ်ညအရက်မူးပြီးပြန်လာ အိမ်ရှေ့ကျတော့ မူးလဲတာပေါ့၊ သမီးက တွဲထူပြီး အိပ်ယာထဲပို့ပေးတယ်။ မူးနေတော့ လူစိတ်မရှိ

http://www.dhammadownload.com



တော့ဘူး။ သမီးအရင်းကိုပဲ သားမယား ပြုကျင့်ပစ်လိုက်တယ်။ အမှောင်တကာ့ အမှောင်မှာ ကာမအမှောင်ဟာ ကြောက်စရာ အကောင်းဆုံးပဲ၊ အရက်ကလဲ နေ့စဉ်မူးနေတော့ ဒီကာမအမှောင်ထဲကို နေ့စဉ်တိုးဝင်နေတော့တယ်၊ နောက်ဆုံး ရပ်ကွက်က ခဲနဲ့ဝိုင်းထုကြလို့ တခြားမြို့ရွာကို ပြောင်းရွှေ့သွားကြရကြောင်း ဂျာနယ်တစ်စောင်ထဲမှာ ဖတ်လိုက်ရတယ်။

## သမီးအရင်းကိုဖျက်ဆီးသော တရားခံအစစ်

ဒီပြစ်မှုမှာလည်း သမီးရင်းကိုဖျက်ဆီးသူဟာ အပေါ်ယံအနေနဲ့ ကြည့်ရင် ဖခင်တစ်ယောက်ပေါ့၊ အတွင်းထဲကို နက်နက်နဲနဲကြည့်လိုက် မယ်ဆိုရင်တော့ အရက်ပါပဲ။ အရက်ကြောင့်သာ သမီးအရင်းကို ဖျက်ဆီး မိတဲ့အဆင့်ထိ ရောက်ရတာပါ။ သာမန်လူတစ်ယောက်ဟာ သုံးလောကထွဋ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကို ဆဲရေးတိုင်းထွာဖို့၊ ဆွမ်းငတ် အောင်လုပ်ဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ရဲတဲ့ အရာမျိုးပါ။

ဒါပေမယ့် မိမိဗိုက်ထဲကို အရက်တွေ စံချိန်ကိုက်ဝင်သွားပြီဆိုရင် တော့ လုပ်ရဲပါတယ်။ သုပ္ပဗုဒ္ဓဘုရင်ဟာ ဘုရားရှင်အပေါ်ကို ရန်ငြိုးဖွဲ့ ထားတယ်။ သူ့အယူအဆအရ သူ့သမီးတော် ယသော်ဓရာကို ထားခဲ့ပြီး ဘုရားအလောင်းရဟန်းပြုသွားတာဟာ လင့်ဝတ္တရား မကျေပွန်တာတဲ့။ သူ့သား ဒေဝဒတ် မြေမျိုသွားတာလည်း ဘုရားရှင်ကြောင့်ပဲတဲ့။ ဒါကြောင့် ဘုရားရှင်က ဟောတာပေါ့၊ အကုသိုလ်ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းဟာ"အယောနိသောမနသိကာရ မကောင်းမြင်ဝါဒ"ပဲတဲ့။

ကုသိုလ်ဖြစ်ပွားခြင်းရဲ့ အနီးဆုံးအကြောင်းကတော့ "ယောနိ-သောမနသိကာရ- အကောင်းမြင်ဝါဒ"ပဲတဲ့။ ဒါ့ကြောင့် မိမိသန္တာန်မှာ

http://www.dhammadownload.com



ဖြူစင်တဲ့ ကုသိုလ်တရားတွေချည်းပဲ ဖြစ်ချင်ပါတယ်ဆိုရင်တော့ သူတစ်ပါးရဲ့ ကောင်းကွက်ကိုသာ ရှာကြည့်တတ်ဖို့လိုပါတယ်။ စကြာမင်းဖြစ်ရမယ့် စည်းစိမ်ကြီးကိုစွန့်လွှတ်ပြီး လောင်းလှူသမျှဆွမ်းလေးနဲ့ မျှတနေတာ တစ်ခုနဲ့ကိုပဲ ဘုရားရှင်ကို ကြည်ညိုစရာကောင်းလှပါပြီ။

သုပ္ပဗုဒ္ဓကတော့ ဒီလိုကောင်းတဲ့အကွက်တွေကို မမြင်ပါဘူး။ မကောင်းတဲ့အကွက်ကိုပဲ ရှာပြီးတော့ကြည့်တယ်။

သူတစ်ပါးရဲ့မြင့်မိုရ်တောင်လောက်ရှိတဲ့ ကောင်းကွက်ကို တော့ မမြင်ဘဲ၊ ဆီးစေ့လောက်သာရှိတဲ့ မကောင်းကွက်ကိုတော့ ဆီလို အပေါက်ရှာပြီး ကြည့်တတ်တဲ့ သူဟာ မသူတော်လို့ပဲ မှတ်လိုက်ပါ။ ဒီစကားနဲ့ ဆန့်ကျင်ဘက် အနေအထားရှိတဲ့သူကို သူတော်ကောင်းလို့ မှတ်နိုင်ပြန်တာပေါ့။

မြတ်စွာဘုရား သူ့မြို့ကိုစကြွလာတဲ့နေ့မှာပဲ သုပ္ပဗုဒ္ဓဟာ အရက်တွေမူးအောင်သောက်ပြီး ဘုရားရှင်ကိုရန်ရှာပြီး စော်ကားဆဲရေးတယ်။ ဆွမ်းခံကြွမရအောင်လည်း လမ်းတွေကို ပိတ်ထားလိုက်တယ်။ ဘုရားရှင် သူ့မြို့ကိုကြွလာတာ ဆွမ်းစားဖို့ကြွလာတာမှ မဟုတ်ဘဲ၊ တရားဟောဖို့ ကြွလာတာပဲ။ ဒါ့ကြောင့် တစ်ရက်တစ်လေဆွမ်းမစားရတာကို ဘုရားရှင်က အလေးမထားပါဘူး။ ဆွမ်းမခံရတော့ အေးအေးဆေးဆေးပဲ ကျောင်းကိုပြန်ကြွသွားတယ်။

ဘုရားရှင်က သုပ္ပဗုဒ္ဓအပေါ် ခွင့်လွှတ်ပေမယ့် အကုသိုလ်ကံတွေကတော့ ခွင့်မလွှတ်ပါဘူး။ နောက်(၇)ရက်မြောက်တဲ့နေ့မှာပဲ သုပ္ပဗုဒ္ဓဟာ သူ့သား ဒေဝဒတ်ပုံစံအတိုင်းဘဲ မြေမျိုပြီး အဝီစိငရဲကို ကျသွားရတယ်။ အခုပြောချင်တဲ့ အနာထပိဏ်သူဌေးကြီးရဲ့သား မောင်ကာဠဟာလဲ၊ အရက်သမား ဖဲသမားတစ်ယောက်ပါပဲ၊ သူဌေးကြီး အပါအဝင် ကျန်တဲ့ သားသမီးတွေက သောတာပန်၊ သကဒါဂါမ်၊

http://www.dhammadownload.com



အရိယာတွေချည်းပဲ။ မောင်ကာဠတစ်ယောက်ပဲ အရက်သမား ဖဲသမား ဖြစ်နေတယ်။

ဘာသာရေးနဲ့ ဘယ်လောက်ဝေးသလဲဆိုရင် သူဌေးကြီးဟာ အိမ်မှာ သံဃာငါးရာကို နေ့စဉ်ဆွမ်းကျွေးတယ်။ ဘုရားရှင်လည်း မကြာခဏ သူတို့အိမ်ကိုကြွနေတာပဲ။ ဒါပေမယ့် ဘုရားရှင်နှင့် သံဃာတွေကို မောင်ကာဠတစ်ယောက် တစ်ခါမှ ဦးမချပါဘူး။ ဒီတော့ ပညာရှိတဲ့ အနာထပိဏ်သူဌေးကြီးက တစ်နေ့တစ်ရာပေးပြီး သူ့သားကို ဘုရားကျောင်းသွား ဥပုသ်စောင့်ပြီး တရားနာခိုင်းတယ်။ ငွေတစ်ရာ လိုချင်တော့ မောင်ကာဠ ကျောင်းကိုတော့သွားတယ်။

ဒါပေမယ့် ဘာတရားမှမနာဘူး၊ တော်ရာချောင် ထိုးအိပ်လိုက်ပြီး ညနေကျ ပြန်လာပြီး သူ့အဖေဆီက ငွေတစ်ရာတောင်းတာပဲ။ သူ့အဖေကလည်း သူ့နည်းဗျူဟာအတိုင်း ဝင်လာပြီဆိုတော့ ငွေတစ်ရာကို လွယ်လွယ်ကူကူ ပေးလိုက်တာဘဲ။ ရက်အတော်ကြာလို့ ဘုရားကျောင်းနဲ့ မောင်ကာဠ မစိမ်းတော့ဘူးဆိုတော့မှ ငွေတစ်ထောင်ထိပေးမယ်လို့ပြောပြီး ဘုရားဟောတဲ့တရားကို မှတ်မိအောင်နာခဲ့ဖို့ မှာလိုက်တယ်။ မောင်ကာဠလည်းငွေတစ်ထောင်ရဖို့အတွက် တရားကိုသေချာ မှတ်မိအောင် နာတယ်။ ဒါကြောင့် တရားအဆုံးမှာ သောတာပန်တည်သွားတယ်။

## ခဏိကသမာဓိရဲ့ စွမ်းရည်

တရားနာသခိုက်လေးမှာ အာရုံစိုက်လိုက်တဲ့ ခဏိကသမာဓိဟာ ဝိပဿနာဉာဏ်နဲ့ ယှဉ်လိုက်ရတယ်ဆိုရင်ပဲ ဘယ်လောက်ကျေးဇူးကြီး လိုက်သလဲလို့ အရင်တုန်းက ဘာသမထမှမလုပ်ဖူးတဲ့ အရက်သမား မောင်ကာဠဟာ တစ်ခါတည်း သောတာပန်တည်ခဲ့ရတာ မဟုတ်လား။ သောတာပန်တည်သွားတော့ ရတနာသုံးပါးကိုလည်း တကယ်

http://www.dhammadownload.com



ကြည်ညိုသွားပြီး ကိုယ်ကျင့်သီလကလည်း တကယ်ကို ကောင်းသွားတာပေါ့။ နောက်တစ်နေ့မနက်မှာဘဲ မောင်ကာဠ ကိုယ်တိုင်ဦးဆောင်ပြီး ဘုရားအမှူးရှိတဲ့သံဃာအားလုံးကို အိမ်ကို ဆွမ်းစားပင့် လာတယ်။

အိမ်ရောက်ရင် သူဌေးကြီးက တရားနာတဲ့အတွက် ငွေတစ်ထောင်ထုတ်ပေးမှာ မောင်ကာဠ သိပ်ရှက်နေတယ်။ တွေးကြည့်လိုက်ရင်လည်း ဘုရားရှင်ရှေ့မှာ တရားနာခ ငွေတစ်ထောင်ယူရမှာ တကယ့်ကို ရှက်စရာပါပဲ။ အဖေ ငါ့ကို ငွေတစ်ထောင်ထုတ်မပေးပါစေနဲ့လို့ သူ့စိတ်ထဲက အကြိမ်ကြိမ် ဆုတောင်းတယ်။ သူ့ဆုတောင်းမပြည့်ပါဘူး။ သူ့အဖေက တရားနာခငွေတစ်ထောင်ကို ထုတ်ပေးတာပါပဲ။ အနာထပိဏ်ကိုယ်တိုင် သူ့သားကို တရားတစ်ကြိမ်နာရုံနဲ့ သောတာပန်တည်သွားမယ်လို့ မထင်ခဲ့ရိုးအမှန်ပါ။

ဒီတော့မှ သူ့သားက ငွေကိုမယူလိုတော့ကြောင်း သူ တရားအသိဉာဏ်ရခဲ့ပြီဖြစ်ကြောင်း ထုတ်ပြောပါတယ်။ ဒီတော့မှ သူဌေးကြီးဟာ သူ့ရည်ရွယ်ချက် အောင်မြင်သွားပြီဖြစ်တဲ့အတွက် ဘုရားရှင်ကို အကြောင်းစုံလျှောက်ထားပါတယ်။ ဒီအခါမှာ ဘုရားရှင်က သောတာပန် ဖြစ်ရတဲ့ ချမ်းသာဟာ ဘာနဲ့မှနှိုင်းစာလို့မရတဲ့အကြောင်း အခုလို ဟောကြားပါတယ်-

ပထဗျာ ဧကရဇ္ဇေန
သဂ္ဂဿ ဂမနေနဝါ
သဗ္ဗလောကာဓိပစ္စေန
သောတာပတ္တိဖလံ ဝရံ။ (ဓမ္မပဒ)

"သူဌေးကြီး ကမ္ဘာမြေတစ်ပြင်လုံး၌ စကြဝတေးမင်းအဖြစ်မင်း ပြုရခြင်းထက်လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်လုံးသို့ ရောက်ရခြင်း ထက်လည်းကောင်း၊ ဗြဟ္မာပြည်နှင့်တကွ တစ်လောက

http://www.dhammadownload.com



လုံးကို အစိုးရခြင်း ထက်လည်းကောင်း၊ သောတာပတ္တိဖိုလ် (သောတာပန်ဖြစ်ရခြင်း)သည် မြတ်လှပါပေ၏။

စကြ္ဝတေးမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဖြစ်ရခြင်းထက် သောတာပန်တည်ရခြင်းက ဘာ့ကြောင့် ပိုမြတ်ရသလဲလို့မေးလာရင် အဖြေက စကြ္ဝတေးမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့မှာ စည်းစိမ်ချမ်းသာတွေတော့ ပေါများတာမှန်ပါရဲ့ ဒါပေမယ့် အပါယ်ဆွဲချနိုင်တဲ့ အတ္တဒိဋ္ဌိ ကိလေသာဆိုးကြီးက တန်းလန်းကြီးပါနေတော့ အချိန်မရွေး အပါယ် ကျနိုင်ပါတယ်။ သောတာပန်တည်သွားပြီ ဆိုရင်တော့ အတ္တဒိဋ္ဌိ ကိလေသာဆိုးကြီး မရှိတော့ပါဘူး။ သံသရာတစ်လျှောက် အပါယ် တံခါးပိတ်သွားပါပြီ။ ဒါ့ကြောင့် သောတာပန်ချမ်းသာဟာ ပိုတယ်"လို့ ဘုရားရှင်က ဟောတော်မူတာပါ။

အခုပြခဲ့တဲ့ သာဓကသုံးခုမှာဆိုရင် သုံးယောက်လုံး သီလ မစင်ကြယ်တဲ့သူတွေချည်းပဲ၊ ဂဏ္ဍိဘေဒကက သူများဥစ္စာခိုးတယ်၊ အရိယာ တံငါသည်က သူများအသက် သတ်တယ်၊ မောင်ကာဠက အရက် သောက်တယ်၊ ဒါပေမယ့် နာနေတဲ့ တရားအဆုံးမှာ မဂ်ဖိုလ်ကို ရခဲ့တာချည်းပဲ။ ဝိသုဒ္ဓိ(၇)ပါးပါးပြတဲ့နေရာမှာ သီလဝိသုဒ္ဓိက စပြတော့ သေချာ တွေးမကြည့်ရင် သီလမစင်ကြယ်ရင် မဂ်ဖိုလ် မရနိုင်တော့ဘူး ထင်စရာပါ။ ဒီအထင်ဟာရဟန်းတွေအတွက်တော့ မှန်ပါတယ်။

ရဟန်းတွေဟာ. . . . .

| | |
|---|---|
| **ပါတိမောက္ခသံဝရသီလ** | -(၂၂၇)သွယ် သိက္ခာပုဒ်ကို လုံခြုံရတယ်။ |
| **ဣန္ဒြိယသံဝရသီလ** | -မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် ဣန္ဒြေ ခြောက်ပါးလုံးမှာ အကုသိုလ် မဝင်အောင်လည်း စောင့် ထိန်းရတယ်။ |

http://www.dhammadownload.com



**အာဇီဝပါရိသုဒ္ဓိသီလ** -အသက်မွေးဝမ်းကြောင်း စင်ကြယ်ရတယ်။ ဆွမ်းခံစားတာဟာ အသက်မွေးဝမ်းကျောင်း စင်ကြယ် တာပဲ၊ ဗေဒင်ဟော၊ ဆေးကု၊ ခာတ်ရိုက်ယတြာချေ စတဲ့ အလုပ်တွေလုပ်ရင် အသက်မွေး ဝမ်းကြောင်း မစင်ကြယ်ဘူး။

**ပစ္စယသန္နိဿိတသီလ** -ရသမျှနဲ့ တင်းတိမ်ရောင့်ရဲပြီးလောဘ ကို သတ်နိုင်ရတယ်။

ဒီသီလလေးမျိုး စင်ကြယ်မှ "သီလဝိသုဒ္ဓိ" ဖြစ်တယ်။ ဒီ သီလဝိသုဒ္ဓိဖြစ်မှ ကျန်ဝိသုဒ္ဓိတွေ အစဉ်အတိုင်းဖြစ်ပြီး မဂ်ဖိုလ် ကိုရတယ်။ ရဟန်းတွေမှာတော့ အာပတ်အသေးလေး တစ်ခုရှိနေရင်လည်း မဂ်တားဖိုလ်တားဖြစ်တာပဲ။ ဒေသနာကြားပြီး စင်ကြယ်အောင် လုပ်လိုက်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရတယ်။ လူပုဂ္ဂိုလ်တွေမှာတော့ ဒီလို မဟုတ်ဘူး။ ပဉ္စာနန္တရိယကံ ငါးပါးကလွဲပြီး ကျန်တဲ့ သာမန် အကုသိုလ်တွေကတော့ ဘယ်လောက်ရှိရှိ မဂ်တား၊ ဖိုလ်တား မဖြစ်ဘူး။

ဒါ့ကြောင့် အခု သူခိုးတို့၊ တံငါသည်တို့၊ အရက်သမားတို့ဟာ တရားနာယူရင်း ကျင့်ကြံလိုက်တာနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသွားတာပါ။ ဒါ့ကြောင့် ဝမ်းရေးအတွက် မတတ်သာလွန်းလို့ တံငါအလုပ်၊ သားသတ်သမား အလုပ် လုပ်နေတဲ့သူများ ဝိပဿနာတရား နာကြားဖို့ ရှုပွားဖို့ ရောက်လာရင် "မင်းတို့က သီလဝိသုဒ္ဓိမှ မဖြစ်ဘဲနဲ့ တရားအားထုတ်နေလို့ အပိုပဲ" လို့ပြောပြီး နှင်ထုတ် မပစ်ဖို့ အရေးကြီးပါတယ်။

ခုပြခဲ့တဲ့ သာဓကတွေကို ထောက်ထားပြီး ပကတိ သာဝကတွေဟာလည်း တရားနာရင်း သောတာပန် တည်နိုင်တယ်ဆိုတာ လက်ခံ လောက်ပါပြီ။ ဒါ့ကြောင့် လယ်တီဆရာဘုရားကြီးက-

http://www.dhammadownload.com



"ဤ ဝိပဿနာအလုပ်သည် သမထအလုပ် ကဲ့သို့ ဆိတ်ငြိမ်ရာကြီးကို ရမှသာ ပြီးစီးနိုင် သည်မဟုတ်၊ ပါရမီ ဉာဏ်သည်သာ ပဓာနတည်း၊ ပါရမီဉာဏ် ရှိခဲ့ပါမူ တရား နာရင်းနှင့်ပင် ပေါက်ရောက်၍ သွားတတ်၏၊ ဃရာဝါ သ ကိစ္စ အတွင်းမှာပင် ပေါက်ရောက်နိုင်၏။ အကြောင်း မူကား ဉာဏ် ရှိသူတို့မှာ ကိုယ်တွင်း၊ ကိုယ်ပြင်၊ အိမ်တွင်း၊ အိမ်ပြင်၊ ရွာတွင်းရွာပြင် တွေ့သမျှသည် အနိစ္စဉာဏ် ပွားစီး ဖို့ချည်းသာတည်း"

(ဝိပဿနာဒီပနီ - ၅၆)

လို့ ရေးသားတော်မူခဲ့တာပါ။

ဒါလည်းပဲ "ဗုဒ္ဓကိုယ်တော်တိုင် ဟောတာမို့လို့ သောတာပန် တည် တာပါ၊ တစ်ခြားသာဝကတွေဟောတဲ့ တရား နာလို့ သောတာပန် မတည် နိုင်ပါဘူး" လို့ ထင်နေသေးရင် ဓမ္မပဒမှာလာတဲ့ သာမာဝတီမိ ဖုရားနဲ့ မောင်းမငါးရာကို ကြည့်ပါ။ သူတို့ဟာ ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မဆီကနေ သစ္စာတရားကို နာယူလိုက်ကြတာ တရားအဆုံးမှာ အားလုံးသောတာပန် တည်ကြတယ်။

## တရားနာရင်း ရဟန္တာဖြစ်သူများ

တရားနာလို့ သောတာပန်ဖြစ်တာတွေချည်းသာ ထုတ်ပြနေ တော့ "တရားနာရင်သောတာပန်သာတည်နိုင်တယ်" လို့လည်း ထင်မသွားနဲ့။ မိမိမှာ ပါရမီရင့်ကျက်နေပြီဆိုရင် လေးမင်္ဂ လေးဖိုလ်ရပြီး ရဟန္တာ အထိ ဖြစ်နိုင်ပါတယ်။ ဓမ္မပဒထဲကပဲ အနိစ္စဝတ္ထု၊ ဒုက္ခဝတ္ထု၊ အနတ္တဝတ္ထု သုံးပုဒ်ကို ကြည့်လိုက်ပါ။ သုံးပုဒ်လုံး ဇာတ်လမ်း ချင်း တူပါတယ်။ ရဟန်း ငါးရာ သုံးစုတို့ဟာ တောကြီးထဲမှာ သွားပြီး သမထ ယာနိကနည်းနဲ့ ဝိပဿနာ ရှုပွားကြတယ်။

http://www.dhammadownload.com



ဘာတရားမှ မရတဲ့အတွက် ဘုရားရှင်ကို အကြောင်းစုံ လျှောက်ရအောင် ပြန်လာကြတယ်။ အကြောင်းစုံသိသွားတဲ့ ဘုရားရှင်က ပထမတစ်သုတ်ရဲ့ ဘဝနောက်ကြောင်းကို ပြန်ကြည့် လိုက်တော့ အနိစ္စာနုပဿနာ ရှုပွားခဲ့ဖူးတာကို တွေ့မြင်သွားတယ်။ "ခန္ဓာငါးပါး အနိစ္စ" လို့ ရှုပွားတာဟာ "အနိစ္စာနုပဿနာ" ပဲ။ "ခန္ဓာငါးပါး ဒုက္ခ" လို့ ရှုပွားတာဟာ "ဒုက္ခာနုပဿနာ" ပဲ။ "ခန္ဓာငါးပါး အနတ္တ" လို့ ရှုပွားတာဟာ"အနတ္တာနုပဿနာ"ပဲ။ အရင်ဘဝက အနိစ္စာနုပဿနာ ပွားဖူးတဲ့ ရဟန်းငါးရာအား ဒီဂါထာကို ဟောကြားပေးလိုက်တယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

"လောကီစိတ် (၈၁)၊ စေတသိက်(၅၂)၊ ရုပ်(၂၈) ဟု ဆိုအပ်သည့် သင်္ခါရတရားတို့သည် အမြဲ မရှိကုန်၊ ထို သင်္ခါရတရားတို့ကို ဝိပဿနာ ပညာဖြင့် ရှုကြည့် ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်သောအခါ ဆင်းရဲအမှန် ဖြစ်သော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤသည်ပင်လျှင် စင်ကြယ်သော မဂ္ဂင်လမ်းပေတည်း"။

ထိုတရားအဆုံးမှာ ရဟန်းငါးရာလုံး ရဟန္တာဖြစ်တော်မူကြပါတယ် အရင်ဘဝက ဒုက္ခာနုပဿနာ ရှုဖူးတဲ့ ရဟန်းငါးရာကိုတော့ ဒီဂါထာကို ဟောကြားပေးလိုက်ပါတယ်။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

"လောကီစိတ် (၈၁)၊ စေတသိက်(၅၂)၊ ရုပ်(၂၈) ဟု ဆိုအပ်သည့် သင်္ခါရတရားတို့သည် အဖြစ်အပျက်နှင့် အမြဲနှိပ်စက်နေသောကြောင့် ဆင်းရဲသော တရားတို့သာတည်း။ ထို သင်္ခါရတရားတို့ကို

http://www.dhammadownload.com



ဝိပဿနာ ပညာဖြင့် ရှုကြည့် ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်သောအခါ ဆင်းရဲအမှန် ဖြစ်သော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤသည်ပင်လျှင် စင်ကြယ်သော မဂ္ဂင်လမ်းပေတည်း"။

ဒီဂါထာအဆုံးမှာလည်း ရဟန်းငါးရာလုံး ရဟန္တာ ဖြစ်တော်မူကြပါတယ်။ အရင်ဘဝက အနတ္တာနုပဿနာ ရှုခဲ့ဖူးတဲ့ ရဟန်းငါးရာကိုတော့ ဒီဂါထာကို ဟောကြားပေးလိုက်တယ်။

သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

"လောကုတ္တရာစိတ်(၈)ပါး ကိုထည့်သွင်း၍ စိတ်အကျဉ်း(၈၉)ပါး၊ စေတသိက်(၅၂)၊ ရုပ်(၂၈) ဟု ဆိုအပ်သည့် သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်သာရမရှိ၊ အစိုးမရ၊ မိမိအလိုသို့ မလိုက်သော တရားတို့ တည်း။ ထို သင်္ခါရတရားတို့ကို ဝိပဿနာ ပညာဖြင့် ရှုကြည့် ဆင်ခြင်၏။ ထိုသို့ ဆင်ခြင်သောအခါ ဆင်းရဲအမှန် ဖြစ်သော သင်္ခါရ တရားတို့၌ ငြီးငွေ့၏။ ဤသည်ပင်လျှင် စင်ကြယ် သော မဂ္ဂင်လမ်းပေတည်း"။

## သဗ္ဗေ ဓမ္မာ အနတ္တာမှာ နိဗ္ဗာန် ပါ/မပါ

"သဗ္ဗေ ဓမ္မာ အနတ္တာ"ကို ထောက်ပြီး နိဗ္ဗာန်ကို "အနတ္တ" လို့ ဟောတဲ့၊ ရေးတဲ့သူတွေ၊ လက်ခံတဲ့သူတွေ အတော်များပါတယ်။ သဘာဝ တရားနဲ့ ကြည့်ရင်ကိုပဲ ဒီစကားဟာ မှားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ပုဒ်တွေဟာ ခန္ဓာငါးပါးရဲ့ အပြစ်တွေကို ပြတဲ့ ပုဒ်တွေပါ။ နိဗ္ဗာန်ဟာ ခန္ဓာငါးပါး မဟုတ်ပါဘူး။ ဒါကြောင့် နိဗ္ဗာန်ကို အနတ္တလို့ မဆိုသင့်ဘူးလို့ ပဏ္ဏာမအနေနဲ့ မယ်တော်တို့ မှတ်ထားကြပါ။ သဗ္ဗေ ဓမ္မာ-အရ နိဗ္ဗာန်ကို ယူရမယ်။

http://www.dhammadownload.com



သို့မဟုတ် မယူရဘူးဆိုတာကို ပါဠိတော်မှာ တိုက်ရိုက်မပြဘူး။ အဋ္ဌကထာတွေမှာပဲ ပြတယ်။

နိဗ္ဗာန်ကို "သဗ္ဗေ ဓမ္မာ" အရ ယူဖို့ပြတဲ့ ပထမဆုံး အဋ္ဌကထာက "ပဋိသမ္ဘိဒါမဂ္ဂ" အဋ္ဌကထာပဲ။ ပထမအုပ် စာမျက်နှာ (၅၈)မှာ-

**သဗ္ဗေ ဓမ္မာတိ၊ နိဗ္ဗာနမ္ပိ အန္တော ကတွာ ဝုတ္တာ-**

လို့ ဖွင့်ထားတယ်၊ "သဗ္ဗေ ဓမ္မာအရ-နိဗ္ဗာန်ကို ယူပါ" တဲ့။

သံယုတ်အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ(၂၉၁)မှာ-

သဗ္ဗေ ဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘူမကာ ဓမ္မာ အနတ္တာ-

လို့ ဖွင့်တယ်။ သူလည်း နိဗ္ဗာန်ကိုပါယူဖို့ ပြောတာပဲ။ ဒီအဋ္ဌကထာ နှစ်ခုကိုကြည့်ပြီး "သဗ္ဗေ ဓမ္မာ အနတ္တာ" အရ နိဗ္ဗာန်ကို ယူ-ဆိုပြီး ဟောကြ၊ ရေးကြတာပါ။ တစ်ခါ သဗ္ဗေ ဓမ္မာ-အရ နိဗ္ဗာန်ကို မယူဖို့ ဖွင့်ပြတဲ့ အဋ္ဌကထာတွေလည်း ရှိနေပြန်တယ်။ ပထမဆုံး နေတ္တိအဋ္ဌကထာ၊ စာမျက်နှာ(၂၅၃)မှာ-

**သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ သဗ္ဗေပိ တေဘူမကာ ဓမ္မာ။**

သဗ္ဗေ ဓမ္မာအရ-ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံလို့ ခေါ်တဲ့ ဘုံသုံးပါးမှာ ဖြစ်တဲ့ လောကီစိတ်(၈၁)ပါး၊ စေတသိက်(၅၂)ပါး၊ ရုပ်(၂၈)ပါးကိုပဲ ယူပါတဲ့။ လောကုတ္တရာစိတ် (၈)ပါးနဲ့ နိဗ္ဗာန်ကို မယူပါနဲ့-လို့ ပြောတာ ပါ။

ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ် စာမျက်နှာ(၂၅၆)မှာ-

သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ။

လို့ ဖွင့်တယ်။ သူဖွင့်တာက သဘာဝ ပိုကျတယ်။ ရှေးနှစ်ဂါထာမှာ သင်္ခါရ အရ လောကီစိတ်၊ စေတသိက်၊ ရုပ်တရားတွေကို ယူထားတယ်။ အနတ္တကျတော့ လောကုတ္တရာစိတ်နဲ့ စေတသိက်ကိုပါ ယူစေချင် တယ်။ ဘာဖြစ် လို့လဲဆိုတော့ လောကုတ္တရာစိတ်နဲ့ စေတသိက်ဟာလည်း

http://www.dhammadownload.com



ခန္ဓာငါးပါး ထဲမှာ ပါနေလို့ပါ။ သဗ္ဗေ သင်္ခါရာ-လို့ ဟောရင် လောကီစိတ်၊ စေတသိက်၊ ရုပ်ပဲ ပါတယ်။ လောကုတ္တရာစိတ်နဲ့ စေတသိက် မပါနိုင်ဘူး။ လောကုတ္တရာစိတ်နဲ့ စေတသိက် ပါစေခြင်း အကျိုးငှာ "သဗ္ဗေ ဓမ္မာ" လို့ ဟောခြင်း ဖြစ်ကြောင်း ဓမ္မပဒအဋ္ဌကထာက ဖွင့်ပါတယ်။

ဒီအဋ္ဌကထာအဖွင့် အရလည်း သဗ္ဗေ ဓမ္မာ အနတ္တာ-အရ နိဗ္ဗာန် ကို မယူရပါဘူး။ ဒီတော့ အာဂမယုတ္တိအနေနဲ့ သဗ္ဗေ ဓမ္မာအရ နိဗ္ဗာန် ကို ယူတာလည်း မှန်တယ်။ မယူတာလည်း မှန်တယ်။ ဒါဆိုရင် သဘာဝ ယုတ္တိအနေနဲ့ ဆက်ကြည့်ကြရအောင်။ ဒီဂါထာ သုံးဂါထာလုံးဟာ ရဟန်းငါးရာကို ဝိပဿနာရှုပွားနည်း ဟောနေတာပါ။ ဝိပဿနာရှုပွားရတဲ့ တရားကလည်း ရုပ်နာမ်ခန္ဓာပဲ ဖြစ်ပါတယ်။ နိဗ္ဗာန်ကို ဝိပဿနာ ရှုပွားလို့ မရပါဘူး။ ဒါကြောင့် သဘာဝယုတ္တိနဲ့ ကြည့်ရင် သဗ္ဗေ ဓမ္မာ အနတ္တာ-အရ နိဗ္ဗာန်ကို မယူရတဲ့ ဝါဒက မှန်တယ် လို့ မှတ်ပါ။

သဗ္ဗေ ဓမ္မာ အနတ္တာ -အရ နိဗ္ဗာန်ကို အနတ္တအနေဖြင့် မယူသင့်ကြောင်းကို လုံးတော်ဆရာတော်ဘုရားကြီးကလည်း ပကိဏ္ဏကဝိသဇ္ဇနာကျမ်း စာမျက်နှာ(၂၄၉)နဲ့ (၂၅၀)မှာ အခုလို ရေးသား ထားပါတယ်။

## လုံးတော်ဆရာတော်၏ အဆုံးအဖြတ်

အနတ္တလက္ခဏာကို ဆင်ခြင်ရာ၌လည်း သဗ္ဗေ သင်္ခါရာ အနတ္တာဟုပင် ဆင်ခြင်ရာ၏။ သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍ပင် ဆင်ခြင်သုံးသပ်သော်လည်း တေဘူမကသင်္ခါရကိုသာ နှလုံးသွင်းအပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား တေဘူမကဖြစ်သော ခန္ဓာပဉ္စက ရုပ်နာမ် တရားတို့သည်ကား ဝိပဿနာ၏ အာရုံဖြစ်၏။

http://www.dhammadownload.com



နိဗ္ဗာန်၊ နာမပညတ်တို့သည် ဝိပဿနာ၏ အာရုံမဟုတ်။ ထို့-ကြောင့် တေဘူမကဖြစ်သော ရုပ်နာမ်တရားတို့ကိုသာ လက္ခဏာရေးသို့ တင်၍ ရှုရာ၏။ ဤ သဗ္ဗေ ဓမ္မာ အနတ္တာဟူသော ပုဒ်၏ အရ၌လည်း တေဘူမက သင်္ခါရ၌ အနတ္တလက္ခဏာ ထင်ဖူးသော ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူသော အရာ ဖြစ်သောကြောင့် (လောကီ) ခန္ဓာငါးပါးကိုသာ အလိုရှိအပ်၏။

(လုံးတော်ဆရာတော်)

ဒီနေရာမှာ ဗုဒ္ဓက နိဗ္ဗာန်ကို နိစ္စ၊ သုခလို့ တိုက်ရိုက်ဟောခဲ့သော်လည်း အတ္တ-လို့တော့ တိုက်ရိုက် မဟောခဲ့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ တိတ္ထိတွေ ယူဆထားတဲ့ အတ္တခေါ် ဝိညာဉ်ကောင်နဲ့ အယူမှား သွားမှာ စိုးလို့ပါပဲ။ နိဗ္ဗာန်ကို အတ္တလို့ ပရိယာယ်အားဖြင့် ပြောတာက ဝိညာဉ် ကောင်လို့ ပြောတာ မဟုတ်ပါဘူး။ ခိုင်မြဲတဲ့ အနှစ်သာရ ရှိတယ်လို့ ပြောတာပါ။ ဘုရားရှင်ဟောတဲ့ တရားတွေကို နာရင်း မဂ်ဖိုလ်ရကြတာ၊ ခုဒ္ဒုတ္တရာရဲ့ တရားတွေကို နာရင်း မဂ်ဖိုလ်ရကြတာ တွေကို ထုတ်ပြလိုက်တော့ တချို့က စောဒကတစ်မျိုး တက်လာနိုင် သေးတယ်။

"တရားနာရင်း ပညာမဂ္ဂင်နဲ့ ရှုပွားလိုက်တဲ့ အတွက်ကြောင့် မဂ်-ဖိုလ်ရတာကိုတော့ လက်ခံပါပြီ။ ဒါဟာ ဘုရားရှင် လက်ထက်မို့သာ ရတာပါ။ သာသနာ ၂၅၄၈ နှစ်ကျော်လာတဲ့ ခုလိုအချိန်မှာတော့ ရလောက်မယ် မထင်ပါဘူး" လို့ ပြောလာခဲ့ရင် လက်တွေ့ သာဓက နှစ်ခုနဲ့ ထပ်ရှင်းပါ့မယ်။

http://www.dhammadownload.com

# ဘာသာမဲ့ရုပ်ကြမ်းဝါဒီနှင့် ဗုဒ္ဓတရားတော်

ရွှေပြည်သာမြို့၊ ၆-ရပ်ကွက်၊ ချင်းတွင်းလမ်းထဲမှာ ဦးသိန်းထူးလို့ခေါ်တဲ့ ထားဝယ်သားကြီးတစ်ယောက် ရှိပါတယ်။ သူဟာ အနောက်တိုင်း ဒဿနစာပေတွေ၊ လက်ဝဲစာပေတွေ လေ့လာရင်း ဘာသာမဲ့ရုပ် ကြမ်းဝါဒီတစ်ယောက် ဖြစ်သွားတယ်။ စာဖတ်သူတိုင်း အရေးတကြီး သိသင့်တဲ့ အကြောင်းအရာ တစ်ခုကို ပြောပြချင်တယ်။ ဆရာကြီးဦးရွှေအောင်ရဲ့ "စာဖတ်သူများ" စာအုပ်မှာ စာဖတ်သူသုံးမျိုးကို အခုလို ခွဲပြတယ်။

စာဖတ်သူများကို စာကို နောက်ကလိုက်၍ ဖတ်သူ၊ ရင်ပေါင်တန်း၍ ဖတ်သူ၊ စာကို ရှေ့ကကြိုဖတ်သူဟူ၍ သုံးမျိုးခွဲနိုင်သည်။ စာ၏ သဒ္ဒါနက်ကိုသာ သိပြီး၊ သဒ္ဒါနက်အတိုင်း ခံယူကျင့်သုံးသူသည် စာကို "နောက်ကလိုက်၍ ဖတ်သူ" ဖြစ်ပါသည်။

စာရေးသူ၏ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းကို သိပြီး ယင်း အတိုင်း ခံယူကျင့်သုံးသူသည် စာကို "ရင်ပေါင်တန်း၍ဖတ်သူ" ဟုခေါ် ပါသည်။ စာရေးသူ၏ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းတို့ကို

http://www.dhammadownload.com



ထွင်းဖောက်၍ စာ၏ အနတ္တအနက်တိုင်အောင်သိပြီး ယင်းအတိုင်း ခံယူကျင့် သုံးသူသည် စာကို "ရှေ့က ကြို၍ ဖတ်သူ" ဖြစ်ပါသည်။

စာကို နောက်ကလိုက်၍ ဖတ်သူများနှင့် စာကို ရင်ပေါင်တန်း၍ ဖတ်သူများသည်လည်း လောက၏ အစီးအပွားအတွက် သူ့နည်းသူ့ဟန်ဖြင့် ဆောင်ရွက်ကြသူများ ဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက် ရင်း ဆောက်ရွက်ကြသူများ၏ သန္တာန်၌ တပ်မက်မှုများ၊ မောက်မာမှု များ၊ ငါတကော ကောမှုများ ပွား၍ပွား၍ လာတတ်ပါသည်။ ထို့ကြောင့် ယင်းတို့ကို ပယ်သတ်နိုင်ရန်အလို့ငှာ စာကို ဖတ်သောအခါ စာ၏အနတ္တ အနက်တိုင် သိဖို့လိုအပ်ပါသည်။

ဆရာကြီးစာက နက်နဲ၊ ခက်ခဲပြီး ကျဉ်းလွန်းအားကြီး နေတယ်။ မယ်တော်တို့ သဘောပေါက်အောင် ပုံစံတစ်ခုထုတ်ပြီး ရှင်းပြမယ်။ ဦးပဥ္စင်းက မယ်တော်ကြီးတို့ဆီကို စိတ်ဝင်စားစရာ ဖြစ်ရပ်တစ်ခု ရေးပြီး ပို့လိုက်တယ်ပေါ့။ ၁၈၉၈-ခုနှစ်က ကမ္ဘာကျော် တူရကီ နပန်းသမား ယူစွပ်အစ်ရှမေလိုဟာ အမေရိကန်ကိုလာပြီး ကြေးစား နပန်းပွဲတွေ ဆက်တိုက် ကစားတယ်။ ပွဲတိုင်းနိုင်တယ်။ ဆုအဖြစ်ရလာတဲ့ ဒေါ်လာငွေတွေကို ရွှေချောင်းတွေဝယ်ပြီး ခါးပတ်ပြား အကြီးကြီး ထဲ ထည့်တယ်။ ဒီခါးပတ် ပြားကြီးကိုလည်း ခါးမှာ အမြဲပတ်ထားတယ်။ သူ့ဖန်နေဂျာက ဘဏ်မှာ အပ်ထားလို့ရကြောင်း ပြောသော်လည်း လက်မခံဘူး။ ဥစ္စာခြောက်နေတော့ အကြံဉာဏ်တွေ တုံးကုန်ပြီး ဘယ်သူ့ကိုမှ မယုံဘူး ဖြစ်နေတယ်။

နပန်းပွဲနိုင်လိုက်၊ ရွှေချောင်းတွေဝယ်ပြီး ခါးပတ်ထဲထည့်လိုက်နဲ့ ကြာလာတော့ သူ့ခါးပတ်ကြီးဟာ အလေးကြီးဖြစ်နေတာပေါ့။ နပန်းသ မားလည်း ဖြစ်၊ ကာယဗလလည်း တောင့်တင်းတဲ့ သူကိုယ်တိုင် ခါးမှာ ပတ်ထားတဲ့ ရွှေခါးပတ်ကြီးကို မနည်း အားစိုက် သယ်နေရတယ်။

http://www.dhammadownload.com



နပန်း ပြိုင်ပွဲတွေပြီးသွားပြီ ဆိုတဲ့အခါကျတော့ ပင်လယ်ကူးသင်္ဘောကြီး စီးပြီး တူရကီနိုင်ငံကို ပြန်သွားတယ်။

လမ်းခရီးတစ်ဝက်မှာ သင်္ဘောကြီး ကျောက်ဆောင်ကို တိုက်မိပြီး ပင်လယ်ထဲ နစ်မြုပ်သွားတယ်။ တခြား ပင်လယ်ကူးသင်္ဘော တစ်စီးက အလိုက်သိစွာလာကယ်တဲ့အတွက် နပန်းသမားကြီးမှတစ်ပါး ကျန် ခရီးသည်တွေအားလုံး အသက်ချမ်းသာရာ ရသွားတယ်။ နပန်းသမားကြီး ခန္ဓာကိုယ်ဟာ ရွှေအလေးချိန်တွေနဲ့ မတန်တဆ လေးနေတော့ ရေပေါ် မှာကူးခတ်နေချိန်တောင် မရလိုက်ပဲ ပင်လယ် ရေအောက်ကို တစ်ခါတည်း နစ်မြုပ်ပြီး သေဆုံးသွားတယ်။

## ဖြစ်ရပ်တစ်ခုကို အသိသုံးမျိုးဖြင့် သိခြင်း

ဒီအကြောင်းအရာကို ဖတ်ရတဲ့အခါမှာ သန်းသန်းဝင်းက ရ,ထားတဲ့ဒေါ်လာငွေတွေ ဘဏ်မှာအပ်ထားပြီး ကိုယ့်နိုင်ငံကျမှ ပြန်ထုတ်ယူ ရင်ရတာပဲ။ အလေးခံပြီး ရွှေချောင်းတွေ ခါးပတ်ထဲထည့် ပတ်စရာမလို ပါဘူးလို့ သိလိုက်ရတယ်။ အဲဒီအသိဟာ ရေးလိုက်တဲ့စာ အတိုင်းသိပြီး ကျင့်သုံးတဲ့အတွက် စာကို နောက်ကလိုက်ဖတ်သူလို့ ခေါ်တယ်။

အ,စံခကြီး မခင်ပြည့်ကတော့ တစ်မျိုးသိတယ်။ ဒီနပန်းသမား ကြီး ဟာ ဒါနမပြုဘဲ သေသွားတော့ သူ့အတွက် ဘာမှပါမသွားတော့ ဘူး။ ရသမျှဒေါ်လာငွေတွေကို ဆင်းရဲနွမ်းပါးသူတွေကိုသာ ပေးလှူ လိုက်ရင် သူ့နောက်ကို အကုန်ပါသွားမှာ။ ဒါနမပြုဘဲ သေတော့ သူ့အတွက် တစ်ဒေါ်လာမှပါမသွားတော့ဘူး။ ပုဂ္ဂုဇဉ်အသက်ဆိုတာ အကြောင်း အမျိုးမျိုးကြောင့် အချိန်မရွေးသေနိုင်တယ်။ ဒါကြောင့် အသေမဦးမီ ဒါနကို ဦးအောင်ပြုသင့်တယ်။ ပုထုဇဉ်ပိုင်တဲ့ဥစ္စာ ပစ္စည်းကို မင်း၊ ရေ၊ မီး၊ ခိုးသူ၊ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုးငါးပါးက

http://www.dhammadownload.com



အမြဲတမ်းဖျက်ဆီးနိုင်တယ်။ ဒါ့ကြောင့် ရန်သူမျိုးငါးပါး အဖျက်ဆီး မခံရခင်မှာ ဒါနပြုသင့် တယ်။

ပုထုဇဉ်ရဲ့ သဒ္ဓါတရားဟာ ဖွဲပုံပေါ်စိုက်ထားတဲ့ ဝါးခြမ်းပြား လိုဘဲ မခိုင်မြဲဘူး။ အချိန်မရွေး လဲကျသွားနိုင်တယ်။ ဝါးခြမ်းပြားဟာ အချိန် မရွေး လဲကျနိုင်သလို ပုထုဇဉ်သဒ္ဓါဟာလည်း ဒီနေ့လှူချင် ပေမယ့် နက်ဖြန်ခါ လှူချင်စိတ်ရှိမှရှိတော့တာ။ ဒါ့ကြောင့် ငါ့မှာသာ အဲသလို ဒေါ်လာငွေတွေရရင် သဒ္ဓါပေါက်တဲ့အချိန်မှာ ချက်ခြင်း လှူပစ်လိုက်မှာ လို့ သိတယ်။ အဲဒီအသိနဲ့ ကျင့်သုံးမှုဟာ စာရေးသူရဲ့ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းကို သိပြီး ကျင့်သုံးတာဖြစ်တဲ့အတွက် စာကို ရင်ပေါင် တန်း၍ဖတ်သူလို့ ခေါ်နိုင်တယ်။

ညီတော် မောင်စိုးတင့်ကတော့ တစ်မျိုးသိတယ်။ လောဘမှန် သမျှဟာ ငါရှိတယ်လို့ အယူမှားတဲ့ အတ္တဒိဋ္ဌိကို အကြောင်းပြုပြီးမှ ဖြစ်ပေါ် လာရတယ်။ နပန်းသမားကြီးဟာ ရုပ်နာမ်ခန္ဓာကို ငါလို့ ထင်မိတဲ့အတွက် မပေးရက်၊ မကမ်းရက်ဖြစ်ပြီး အသေဆိုးနဲ့သေသွား ရတယ်။ ငါဆိုတာ မရှိတဲ့အတွက် ငါကောင်းစားဖို့ဆိုတဲ့စိတ်နဲ့ ဒါနမပြုသင့်ဘူး။ လောက ကောင်းစားဖို့ဆိုတဲ့ စိတ်နဲ့ပဲ ဒါနပြုသင့်တယ်။ ငါ ဆိုတာက ဒိဋ္ဌိကိလေသာ၊ ကောင်းစားဖို့ဆိုတာက လောဘ ကိလေသာ ဒီကိလေသာနှစ်မျိုး ဦးဆောင်ပြီးပြုတဲ့ ဒါနဟာ ပါရမီမထိုက် တဲ့ ဒါနပဲဖြစ်မှာပေါ့။

ငါကောင်းစားဖို့ ရည်ရွယ်ချက်မပါဘဲ၊ လောကကောင်းစားဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူတဲ့ဒါနသည်သာလျှင် ပါရမီထိုက်တဲ့ဒါနဖြစ် တယ်။ ပါရမီမထိုက်တဲ့ဒါနဟာ လူချမ်းသာ၊ နတ်ချမ်းသာမှာပဲ လမ်း ဆုံးသွားတယ်။ နိဗ္ဗာန်ကို ပို့မပေးဘူး။ လောကကောင်းစားဖို့ ရည်ရွယ် ချက်နဲ့ပြု လုပ်တဲ့ ပါရမီထိုက်တဲ့ဒါနသည်သာလျှင် နိဗ္ဗာန်ချမ်း သာထိ

http://www.dhammadownload.com



ပို့ပေးနိုင်တယ်။ "ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ" ဆိုတဲ့ ဒေသနာအရ ကုသိုလ်မှန်သမျှဟာ အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်းလက္ခဏာ ရှိတဲ့အတွက် နိဗ္ဗာန်မရောက်မီ ကြားကာလမှာလည်း လူချမ်းသာ၊ နတ်ချမ်းသာ အကျိုးကို ပေးဦးမှာဘဲ။

နေ့စားလုပ်တဲ့သူဟာ တစ်နေ့ကုန်တာနဲ့ သူ့လုပ်ခဟာ ရမှာပဲ။ ငါ့လုပ်ခရပါစေလို့ ဆုတောင်းစရာ မလိုဘူး။ လခစားလုပ်သူဟာလည်း တစ်လကုန်တာနဲ့ လခရမှာပဲ။ ငါ့အတွက် လခရပါစေလို့ ဆုတောင်းစရာ မလိုပါဘူး။ ဒီအတိုင်းပဲ ကုသိုလ်လုပ်တဲ့သူတို့မှာလဲ ကုသိုလ်ရဲ့ ကောင်းကျိုးတွေ အချိန်တန်ရင်ရမှာပဲ၊ ဆုတောင်းနေစရာ မလိုပါဘူး။ ဆုတောင်းစရာလိုတာက တဏှာချုပ်ရာ နိဗ္ဗာန်ပဲဆိုတဲ့ အသိမျိုးထိ မောင်စိုးတင့်က သိသွားတယ်။ ဒီအသိမျိုးကျတော့ စာရေးသူရဲ့ စေတနာ၊ ရည်ရွယ်ချက်၊ နှလုံးသွင်းတို့ကိုပါထွင်းဖောက်ပြီး စာ၏အနတ္တတိုင်အောင် သိသွားတဲ့အတွက် စာကို ရှေ့က ကြိုဖတ်သူလို့ခေါ်တယ်။

ဘယ်စာကိုဖတ်ဖတ် စာကို ရှေ့ကကြိုဖတ်တဲ့အဆင့် ရောက်သွား မှ ဖတ်သမျှစာသိဟာ လောကရဲ့ကောင်းကျိုးကို ထိရောက်စွာဆောင်ရွက်နိုင်တယ်။ အခုပြောနေတဲ့ ဦးသိန်းထူးဟာ စာကို နောက်က လိုက် ဖတ်သူအဆင့်လောက်သာရှိတော့ လောကကောင်းကျိုးကို မဆောင်ရွက် နိုင်တဲ့အပြင် လောဘ၊ ဒေါသ၊ မာန စတဲ့ကိလေသာတွေသာ ပိုမို တိုးတက်လာခဲ့တယ်။ စီးပွားရေးတော့ တိုးတက်ပါရဲ့ အတ္တဆန်လွန်းတဲ့ သူ့ကြောင့် သားမယားတွေအားလုံး စိတ်ဆင်းရဲကြရတယ်။

တစ်ခါတော့ သူ့စီးပွားရေးတွေ ပျက်ဆီးသွားတဲ့အတွက် တအား စိတ်ဆင်းရဲနေတယ်။ သူဖတ်ခဲ့တဲ့ ဒဿနစာပေတွေကလည်း သူ့စိတ်ကို ချမ်းမြေ့အောင်လုပ်မပေးနိုင်တော့ဘူး။ ဒီအချိန်မှာ သူ့

http://www.dhammadownload.com



မိတ်ဆွေတစ် ယောက်က ဖော့ကန်ရပ်ကွက်တစ်ခုမှာ ညတိုင်းဖွင့်နေတဲ့ အလုပ်ပေး ဝိပဿနာတရားခွေကို လိုက်နာခိုင်းတယ်။ ဒီအချိန်တုန်းက ရွှေပြည်သာမြို့ မတည်ရသေးပါဘူး။ ဦးသိန်းထူးကိုယ်တိုင် ဖော့ကန်မှာပဲ နေတုန်းပါ။

သူ့အိမ်ပေါ်မှာ ဘုရားရုပ်ပုံတောင် မထားတဲ့အပြင် ရဟန်းမှန်သမျှကို လူပျင်းတွေပါ၊ လုပ်ကိုင်မစားချင်လို့ ဘုန်းကြီးဝတ်နေတာလို့ မကြာ ခဏပြောတတ်တဲ့ ဦးသိန်းထူးဟာ ဝိပဿနာတရားနာဖို့ လာခေါ်တော့ ဘယ်လိုက်မလဲ။ တရားနာမလိုက်တဲ့အပြင် ပစ်ပစ်ခါခါတောင် ပြောလွှတ်လိုက်သေးတယ်။

ထိုပုဂ္ဂိုလ်ကလည်း မိတ်ဆွေကောင်းပီသလိုက်တာ၊ ဦးသိန်းထူးက ဘယ်လောက် နာအောင်ပြောပြော၊ မနာဘဲ နောက်ရက်တွေမှာလည်း အမျိုးမျိုးချော့မော့ပြီး တရားနာဖို့ ဆက်ခေါ်နေတာပဲ။ အဲဒီမိတ်ဆွေမျိုးကိုမှ တကယ့်မိတ်ဆွေစစ်လို့ ခေါ်ပါတယ်။ ဘယ်လောက်ထိ အောက်ကျ ခံပြောသလဲဆိုရင် ကျွန်တော့ကို ခင်ရင်၊ သနားရင် တစ်ရက်လောက် လိုက်နာကြည့်ပါဗျာ၊ မကြိုက်ရင်လဲ နောက်ရက်ကျတော့ မနာဘဲနေတာ ပေါ့တဲ့။

ရက်ပေါင်းများစွာ လာခေါ်နေတော့ ဦးသိန်းထူးလည်း သူ့မိတ်ဆွေကို အားနာပြီး တရားနာလိုက်သွားတယ်။ တရားပွဲကဘာမှ မခမ်းနား ပါဘူး။ အိမ်တစ်အိမ်ပေါ်မှာ ကက်စက်လေးတစ်လုံးနဲ့ တစ်နေ့တစ်ခွေ ပုံမှန်ဖွင့်ပေးနေတာပါပဲ။ တစ်ည နာလိုက်တာနဲ့ ဉာဏ်ရှိတဲ့ ဦးသိန်းထူး ဟာ တော်တော်သဘောပေါက်သွားတယ်။ နှစ်ပတ်လောက်ပဲ နာလိုက် ရတယ်။ ဦးသိန်းထူးဟာ သိသင့်သိထိုက်တဲ့ တရားကို သိလိုက်ရတဲ့အ တွက် သောကပရိဒေဝတွေပါ ပျောက်သွားတဲ့အပြင် ရတနာသုံးပါးကို လှိုက်လှိုက်လှဲလှဲကြည်ညိုသွားတယ်။

http://www.dhammadownload.com



အထူးခြားဆုံးက ငါးပါးသီလကို ဖောက်ဖျက်ချင်တဲ့ စိတ်ဆိုး၊ စေတနာဆိုးများလုံးလုံးပေါ် မလာတော့ခြင်းပါပဲ။ တရားရပြီးစနေ့က ဘုရားရုပ်ပုံတော်ကို ဝယ်ယူပူဇော်လာပြီး မိုက်မှားမိသမျှ အကြိမ်ကြိမ် ဝန်ချပြီး ပူဇော်ကန်တော့တယ်။ ပီတိမျက်ရည်တွေလည်း ဝဲလို့ပေါ့။ သံဃာတော်များကို ပင့်ဖိတ်ပြီး လှူဖွယ်ဝတ္ထုမျိုးစုံ ဝယ်ယူလှူဒါန်းတယ်၊ လောဘ,ဒေါသ,မောဟအလျောက် ပြောမှား ဆိုမှား ရှိခဲ့သမျှကိုလည်း တောင်းပန်ကန်တော့တယ်။

ဘုရား,တရား,သံဃာ,သီလ ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံသူဟာ သောတာပန်ဖြစ်ကြောင်း အပါယ်လေးပါးသို့ ဘယ်တော့မှ မရောက်တော့ကြောင်း သံယုတ်ပါဠိတော်၊ ပထမဂိဉ္ဇကာဝသထသုတ်မှာ ဗုဒ္ဓက ဟောတော်မူထားပါတယ်။ ဉာတိကရွာအုတ်ကျောင်းမှာ သီတင်းသုံးတော်မူနေစဉ် အရှင်အာနန္ဒာက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဉာတိကရွာမှာ ကွယ်လွန်သွားတဲ့ အရှင်သာဠှ၊ အရှင်မ နန္ဒာ၊ ဦးသုဒတ္တ၊ ဒေါ်သုဒတ္တာ တို့လေးဦးရဲ့ လားရာဂတိကို မေးလျှောက်ပါတယ်။ ဘယ်ဘုံရောက်သွားသလဲလို့ မေးတာပါပဲ။ ဗုဒ္ဓက "ထိုပုဂ္ဂိုလ်လေးဦးလုံး အရဟတ္တဖိုလ် မျက်မှောက် ပြုသွားကြပြီ"-လို့ ဖြေဆိုပါတယ်။၃၁-ဘုံက လွတ်သွားကြပြီလို့ ဖြေတာပါပဲ။ လူသေတိုင်းသာ လာမေးနေရင် ပင်းပန်းရုံသာရှိမယ်။ ဓမ္မာ-ဒါသမည်တဲ့ "တရားကြေးမုံ"ကို နာယူပြီး ကိုယ်ဟာ အပါယ်တံခါး ပိတ် သူ ဟုတ်/မဟုတ်၊ သောတာပန် တည်သူ ဟုတ်/မဟုတ် ဒီအင်္ဂါလေး- ချက်နဲ့စစ်ကြည့်ကြဆိုပြီး ဟောကြားတော်မူခဲ့တယ်။

၁။ ဘုရားကို အသက်နဲ့လဲပြီး ယုံကြည်ခြင်း။

၂။ တရားကို အသက်နဲ့လဲပြီး ယုံကြည်ခြင်း။

၃။ သံဃာကို အသက်နဲ့လဲပြီး ယုံကြည်ခြင်း။

http://www.dhammadownload.com



၄။ ငါးပါးသီလကို မဖောက်ဖျက်တော့ခြင်း။

ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံသူဟာ *"ငါဟာ သောတာပန်တည်ပြီ၊ အပါယ်လေးပါးကို ဘယ်တော့မှ မရောက်တော့ဘူး၊ အထက်မင်္ဂသုံးပါးကိုသာ ရဖို့ ရှိတော့တယ်"* လို့ မိမိကိုယ် မိမိ ထုတ်ပြောလိုက ထုတ်ပြောနိုင်ကြောင်း တိကျစွာ ဟောကြားတော်မူခဲ့ပါတယ်။ ဦးသိန်းထူးမှာလည်း ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံနေတာ တွေ့ရတဲ့အတွက် သောတာပန် တည်-သွားတယ်-လို့ ပြောနိုင်ပါတယ်။

တရား စနာစဉ်တုန်းက ဟောတဲ့ပုဂ္ဂိုလ်ဟာ လူဆရာလား၊ ရဟန်း ဆရာလားဆိုတာ ဦးသိန်းထူး သေချာမသိရှာပါဘူး။ ဘယ်ရိပ်သာနည်း ကို အခြေခံဟောတယ်ဆိုတာလည်း မသိပါဘူး။ ဆိုလိုတာက ပုဂ္ဂိုလ်ကို နာတာ မဟုတ်ပါဘူး။ တရားကို နာတာလို့ ပြောချင်တာပါ။ အဲသလို ပုဂ္ဂိုလ်စွဲ မပါဘဲနဲ့ နာယူခဲ့တဲ့ အတွက်ကြောင့် ဦးသိန်းထူးဟာ တရားရ သွားတာပါ။

ဒါကြောင့် မယ်တော်တို့လည်း တရားနာခွင့် ကြုံပြီဆိုရင် ပုဂ္ဂိုလ်ကို မနာဘဲ တရားကိုသာ နာဖို့အကြောင်း အထူး သတိပေးလိုပါတယ်။ တရားသားအကျဉ်းနဲ့ ဟောသူအမည်ကို နောက်တစ်ယောက် အကြောင်း ရေးပြီးမှ ပြောတော့မယ်။

## အနတ္တာကိုသိချင်သော ဘာသာခြားမွှဆရာ

ဦးသိန်းထူးရဲ့ နှမဖြစ်သူဟာ ဘာသာခြားမွှဆရာ တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ကိုယ်ကြိုက်တဲ့ ဘာသာ ကိုးကွယ်ပြီး နေကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် မစည်းရုံးကြဘူး။ တစ်နေ့တော့ ဘာသာခြား မွှဆရာဟာ ဦးသိန်းထူးအိမ်ကို ရောက်လာပြီး အနတ္တအကြောင်းကို သေချာရှင်းပြဖို့ တောင်းပန်တယ်။ ဦးသိန်းထူးက တစ်နေ့တစ်နာရီနှုန်းနဲ့ ရက်ပေါင်းနှစ်ဆယ် အချိန်ပေးနိုင်ရင် "အနတ္တ

http://www.dhammadownload.com



အကြောင်း တကယ်သိဖို့ တာဝန်ယူပါတယ်-”လို့ ပြောလိုက်တယ်။

မမွှဆရာက အချိန်ပေးနိုင်တယ်ဆိုရင်ပဲ သူကိုယ်တိုင် နားဖူးတဲ့ တရားခွေတွေထဲက အရေးအကြီးဆုံး ခွေ ၂၀-ထုတ်ပြီး တစ်နေ့တစ်ခွေ ကက်ဆက်နဲ့ ဖွင့်ပေးတယ်။ မမွှဆရာဟာ ဘာသာခြားပဲ ရှိသေးတော့ တင်ပလ္လင်ခွေထိုင်ရင်း၊ စီးကရက်သောက်ရင်းနဲ့ နာတယ်။ ၇-ခွေလောက် နာပြီးတာနဲ့ သူဟာ စီးကရက် မသောက်ဖြစ်တော့ဘူး။ ၁၄-ခွေလောက် အထိ နာအပြီးမှာတော့ တင်ပလ္လင်ခွေ ထိုင်ရာကနေ ကြံ့ကြံ့ကလေး ပြောင်းထိုင်လာတယ်။

ခွေ ၂၀-ပြည့်သွားတဲ့အချိန်မှာတော့ မျက်ရည်တွေ ဝဲကျလာပြီး ကက်ဆက်ကြီးကို ထိုင်ပြီး ရှိခိုးတယ်။ ဘုရားဆောင်ရှေ့မှာထိုင်၊ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်တယ်။ တရားကျေးဇူးဆပ်ချင်လွန်းလို့ တရားဟောတဲ့ပုဂ္ဂိုလ် ဘယ်မှာနေတယ်ဆိုတာ မရမကလိုက်မေးတယ်။ ဒီအချိန်မှာ တရားဟောသူဟာ မရှိတော့ပါဘူး။

ကွယ်လွန်သွားခဲ့ပါပြီ၊ ရန်ကုန်မြို့ပေါ်က ဘာသာခြားမမွှဆရာကြီး တစ်ယောက်ဟာ တရားနာပြီးတဲ့အဆုံးမှာ ဘုရား၊ တရား၊ သံဃာ၊ သီလ ဒီလေးချက်နဲ့ ချက်ခြင်းပြည့်စုံသွားခဲ့ပါတယ်။ ဒီလေးချက်နဲ့ပြည့်စုံသူဟာ သောတာပန်လို့ ပြောလိုကပြောနိုင်ကြောင်း ဘုရားဟောရှိတဲ့အတွက် ဒီမမွှဆရာကိုလည်း သောတာပန်လို့ ပြောနိုင်ပါတယ်။ တရားနာရင်း တရားရနိုင်တယ်ဆိုတာကို လယ်တီဆရာတော်၊ မိုးကုတ်ဆရာတော်တို့ကတင် ထောက်ခံဟောပြောခဲ့တာ မဟုတ်ပါဘူး။ မဟာစည်ဆရာတော် ဘုရားကြီးကလည်း ဟောပြောခဲ့ပါတယ်။

ဘယ်လိုဟောပြောခဲ့သလဲဆိုတော့-

တရားနာရင်း တရားထူးရတယ်ဆိုတာ စိတ်တည်ငြိမ်မှ ပြည့်စုံနိုင်တယ်။ တရားနာတဲ့သူက ဟောတဲ့တရားကိုသာ စိတ်စိုက် ပြီးနာနေမှ

http://www.dhammadownload.com



စိတ်တည်ငြိမ်နေမှ သမာဓိဖြစ်တယ်၊ သမာဓိဖြစ်မှ ဉာဏ်ဖြစ်တယ်၊ တရားနာရင်း ဟိုအကြောင်း၊ ဒီအကြောင်းတွေကို လျှောက်ပြီး တွေးနေလို့ရှိရင် သမာဓိမဖြစ်ဘူး။

ပူပန်စရာကို သွားစဉ်းစားမိရင် သာဆိုးတာပဲ၊ ဒါကြောင့်-

(၁) စီးပွားသဖွယ်ပြုကာ နှလုံးသွင်း၍

(၂) စိတ်အားလုံးဖြင့် ကောင်းစွာ နှလုံးသွင်း၍

(၃) နားစွင့်လျက် တရားနာမည်-

ဟု ကျင့်ရမည်တဲ့၊ အဲဒါက အချိုးကျကျ တရားနာပုံပါပဲ။

(မဟာစည်ဆရာတော် ဟေမဝတသုတ္တန်တရားတော်) တဲ့။

နမ္မားမြို့၊ မင်္ဂလာရာမကျောင်းဆရာတော် အရှင်ဉာဏက လည်း ဝိပဿနာပညာနဲ့ယှဉ်တဲ့ သမာဓိမှ မဂ်ဖိုလ်ကို ရနိုင်ပုံ၊ တရားဟောပုံတရားနာပုံ စနစ်မှန်လျှင် တရားနာရင်း တရားရနိုင်ပုံကို "တရားစစ်တမ်း ဆွေးနွေးခန်း"စာအုပ် စာမျက်နှာ (၃၀၇)ကနေစပြီး အခုလို ဝေဘန်ဆန်းစစ်ပြထားတယ်။

မောင်စိန်။ ။ ပုထုဇဉ်၏ သီလဝိသုဒ္ဓိသည် စိတ်မချရ၊ အရိယာဖြစ်မှ သီလဝိသုဒ္ဓိအစစ်ဖြစ်တယ်ဆိုတာ သဘောတူပါပြီဘုရား၊အရိယာဖြစ်ဖို့ဆိုတာ တရားမြင်မှဖြစ်မယ်၊ တရားမြင်ဖို့ကလည်း စိတ္တဝိသုဒ္ဓိဖြစ် (သမာဓိရှိ)မှ မြင်မယ်မဟုတ်လားဘုရား။

ဆရာ ။ ။ စိတ္တဝိသုဒ္ဓိဆိုတာ သမာဓိပဲ၊ သမာဓိဆိုတာ ဧကဂ္ဂတာစေတသိက်ပေါ့၊ ၎င်းဧကဂ္ဂတာ စေတသိက်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ကွဲ့၊ ဘယ်စိတ်ဖြစ်ဖြစ် သူပါရတယ်၊ သူမပါမှာ ပူစရာမလိုဘူး။

ဖဲရိုက်ရင်လည်း ပါတာပဲ၊ ကြက်တိုက်ရင်လည်း ပါတာပဲ၊

http://www.dhammadownload.com



ငါးများ ရင်လည်း ပါတာပဲ၊ အကုသိုလ်စိတ်မှာ ယှဉ်သော ဧကဂ္ဂတာ စေတသိက် ကို မိစ္ဆာသမာဓိ၊ ကုသိုလ်မှာ ယှဉ်သော ဧကဂ္ဂတာစေတ သိက်ကို သမ္မာသမာဓိလို့ ခေါ်တယ်။ ၎င်းသည် ဘယ်စိတ်မှာမဆို ယှဉ်သကွဲ့၊ သို့သော်လည်း ဈာန်ကို အလိုရှိလျှင်တော့ သူ့ကို တခန်း တနားပြုလုပ်ရသကွဲ့၊ ဈာန်သမာဓိလည်း သပ္ပုရိသနှင့် မတွေ့လျှင် မဟာန်ပါဘူးကွဲ့။

မောင်စိန်။ ။ ဘယ့်နှယ်မဟာန်သလဲဘုရား၊ စိတ်ကြည်လင်မှ အမှန် ကိုမြင်မယ် မဟုတ်လားဘုရား။

ဆရာ ။ ။ မဟာန်ပုံကို ပြောဦးမယ်ကွဲ့၊ ကမ္ဘာကြီးပျက်၍ အသစ် တဖန်ဖြစ်လာသောအခါ ပဥ္စမဈာန်ဘုံသို့ မဟာ ဗြဟ္မာကြီးသည် ရှေ့ဦးစွာ ရောက်နှင့်သတဲ့။ ဒါနဲ့ သူ တစ်ယောက်တည်း နေရတာ ပျင်းသလိုလို ဖြစ်လာတာပေါ့။ ဒီတော့ တစ်ခြားသော သတ္တဝါတွေ ဖြစ် ပေါ်လာမှုကား ကောင်းမှာပဲဟု တမ်းတသတဲ့။ တမ်း တ၍မကြာခင် ထန်းသီးကြွေခိုက်ကျီးနင်းခိုက် ကြုံပြီး အထက် ဗြဟ္မာဘုံက သတ္တဝါတွေလည်း သက် တမ်းကုန်၍လည်းကောင်း၊ ကံကုန်၍ လည်းကောင်း အကြောင်းနှစ်ပါးကြောင့် စုတိစိတ်ကျပြီး ပဥ္စမဈာန် ဘုံသို့ ရောက်ကြသတဲ့။

ဒီတော့ မဟာဗြဟ္မာမင်းကြီးက အောက် မေ့သတဲ့။ ဘယ်လို အောက်မေ့သလဲဆိုတော့ ဪ- ဒီသတ္တဝါတွေသည် ငါဖန်ဆင်း၍ဖြစ်လာတာပဲဟု အောက်မေ့သတဲ့။ အောက်မေ့သည့်အတိုင်းလည်း နောက်ရောက်ဗြဟ္မာတွေကို ပြောသတဲ့။ ဒီလိုပြော

http://www.dhammadownload.com



တော့ ကမ္ဘာ့ထုံးစံမှာ တန်ခိုးကြီးသူပြောရာ တန်ခိုးငယ်သူတွေ ယုံကြည်ရသည့်အတိုင်း နောက်ရောက်ဗြဟ္မာတွေလည်း တန်ခိုးငယ်သူမို့ ယုံကြည်ရတာပေါ့။ ဒီလို ယုံကြည်စွာနှင့် နေရင်း ဗြဟ္မာကြီးမသေခင် နောက်ရောက်သော ဗြဟ္မာအငယ်ကသေပြီး လူ့ပြည်သို့ လာဖြစ်သတဲ့။

လူဖြစ်လာတော့ ဗြဟ္မာ့ပြည်ကလာသူမို့ ကာမဂုဏ်ကို ရွံမုန်းပြီး ရသေ့ရဟန်း ပြုသတဲ့။ ရသေ့ရဟန်းပြု၍ မကြာမီ ဈာန်၊ အဘိညာဉ်တို့ကို ရပြီး ဖြစ်ခဲ့ပြီးဘဝကို ပြန်မြင်နိုင်သတဲ့။ ဒါနဲ့ ဘယ်ဘဝက လာတာလဲလို့ နောက်ဘဝကိုကြည့်ရာ ဗြဟ္မာ့ပြည်က လာတာကိုမြင်သတဲ့။ ငါတို့၏ ဗြဟ္မာမင်းကြီး ရှိသေးသလားလို့ ကြည့်တော့ ရှိသေးတာကို မြင်တယ်တဲ့။ ဒီလိုမြင်တော့ မဟာဗြဟ္မာကြီးကတော့ ဘယ်တော့မှမသေဘူး မြဲတယ်။ သူဖန်ဆင်းတဲ့သတ္တဝါတွေသာ သေကြေကြတာဆိုတဲ့ ဧကစ္စသဿတဒိဋ္ဌိမှားကြီးကို ယူမိတာပဲ ရှိတယ်။ ဘာမဂ်ဘာဖိုလ်မှ မရဘူး။

ဒါကြောင့် ဈာန်သမာဓိလည်း သပ္ပုရိသနဲ့ မတွေ့ရင် မဟန်ဘူးလို့ ပြောခဲ့တာပေါ့။ စိတ်ကြည်လင်ရင် သူ့ဟာသူ အမှန်ကို မြင်တယ်ဆို လျှင် နေဝသညာနာသညာဗြဟ္မာ၏ သမာဓိလောက် ကြည်လင်တာ ဘယ်ပုဂ္ဂိုလ်မှာရှိသလဲ။ ဘယ်သူမှ မရှိပါဘူး။ ဒီလောက် သမာဓိကောင်းသော ဘုံတွေသည် သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်သောကြောင့်

http://www.dhammadownload.com



ရုပ်ပြစ်ရှစ်ပါးထဲ သွင်းထားရတယ် မဟုတ်လား။

## နေယျပုဂ္ဂိုလ် သောတာပန်တည်ဖို့အလုပ်ဆိုတာ

ပြီးတော့ သောတာပန်မဖြစ်ပဲ အထက်မဂ်ဖိုလ်ကိုလည်း မရကောင်းပါဘူး၊ သောတာပန်တည်ဖို့ သောတာပန်အင်္ဂါကို မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောတာက-

သပ္ပုရိသသံသေဝ = ဆရာကောင်းကိုမှီဝဲ

သဒ္ဓမ္မသဝန = တရားကိုနာ

ယောနိသောမနသိကာရ = ရှုရှုသေသေ ဆင်ခြင်

ဓမ္မာနုဓမ္မပဋိပတ္တိ = ခန္ဓာငါးတန် ရုပ်နှင့်နာမ်အား ငါထင်မှုကို စွန့်တဲ့ကွဲ့။

ပုဂ္ဂပညတ်မှာ ဟောတာက-

ပရတောဃောသ = သူတစ်ပါးထံမှ တရားကိုနာ

ယောနိသောမနသိကာရ = ရှုရှုသေသေ ဆင်ခြင်

အဲဒီလို တရားနာဖို့ချည်း ဟောတာလားကွဲ့။

မောင်စိန်။ ။နေယျပုဂ္ဂိုလ်ဆိုတာ တရားနာရုံနှင့်ဘယ်ရမလဲ၊ အလုပ်လုပ်မှ ရမှာမဟုတ်ဘူးလား ဘုရား။

ဆရာ။ ။ အလုပ်ဆိုတာ တရားနာတာရယ်၊ နာပြီးလျှင် သဘောပေါက်အောင် ဆင်ခြင်တာရယ်၊ အဲဒါကို အလုပ်လို့ခေါ်တာကွဲ့၊ ဒီပြင်အလုပ်မရှိဘူး။ မြတ်စွာဘုရားက ပုဂ္ဂလပညတ်မှာ နေယျပုဂ္ဂိုလ်၏ အင်္ဂါကို ဟောခဲ့တယ်။

ဥဒ္ဒေသတော = အကျဉ်းအားဖြင့် တရားကိုနာရအောင်ဆောင်ရွက်၊ ဒါမှမရလျှင်-

ပရိပုစ္ဆတော = အကျယ်တဝင့် တရားကိုနာ၊ ဒါမှမရသေးလျှင်-

ကလျာဏမိတ္တေပယိရုပါသတော = သပ္ပုရိသကို အဖန်တလဲလဲဆည်း

http://www.dhammadownload.com



ကပ်ပြီး မရှင်းလင်းသေးသမျှ မေးမြန်း၍ ဆင်ခြင်နှလုံး သွင်းတဲ့ အဲဒီလို သာဟောခဲ့တာကွဲ့။

မောင်စိန်။ ။ တရားဟာ ဝါဆိုလပြည့်နေ့တို့ သီတင်းကျွတ်လပြည့်နေ့တို့မှာ မြန်မာတစ်ပြည်လုံး မနာသောသူ မရှိလောက်အောင်ပဲ တရားနာကြပါတယ်။ ဘယ်မှာ သောတာပန် တည်လဲဘုရား။

ဆရာ။ ။ အဲဒါဟာ တရားနာသူ၏ ချွတ်ယွင်းမှု၊ တရားဟောသူ၏ ချွတ်ယွင်းမှုလို့ နှစ်မျိုးရှိတယ်။ တရားနာသူရဲ့ ချွတ်ယွင်းမှုကို ပြောဦးမယ်။ တရားနာသော်လည်း တရားရအောင်ရယ်လို့ မရည်ရွယ်ဘူး။ ထုံးစံရှိလို့ နာကြတယ်။ တချို့ အိပ်ငိုက်ရင်းနာတယ်။ တချို့က တောင်တွေး မြောက်တွေး နာတယ်။ တချို့က ဝတ္ထုကြောင်းနဲ့ ရယ်စရာလောက်ကိုသာ ဂရုစိုက်တယ်။ တရားကို အရေးမစိုက်ဘူး။ အဲဒီလို ယောနိသောမနသိကာရအင်္ဂါ၊ ဓမ္မာနုဓမ္မပဋိပတ္တိအင်္ဂါ ပျက်ကြတာကြောင့် သောတာပန် မတည်ဘူး။

တရားဟောသူ၏ ချွတ်ယွင်းချက်ကို ပြောဦးမယ်။ တချို့က သီချင်းနှင့် ရယ်စရာကို တရားလုပ် ဟောတယ်။ တချို့က ဒါနကထာ,သီလကထာ, သဂ္ဂကထာမျှကိုသာ ဟောတယ်။ တရားကို မဟောဘူး။ တချို့က စာကို တရားလုပ်ဟောတယ်။ တချို့လည်း လေးတန်း မအောင်သေးသူကို ဆယ်တန်း မေးခွန်းမေးသလို ဒိဋ္ဌိသေအောင် အရင်မပြဘဲ အရဟတ္တမဂ်နှင့်သာတန်သော တဏှာသတ် တရား

http://www.dhammadownload.com



ကို ပြောတယ်။ နန်နှင့်မတား နားနှင့်မတန် တာကို ပြော၍ ယုတ်တမ်း ရမ်းတုတ် နေကြတယ်။

အဲဒီလို တရားပြောပုဂ္ဂိုလ်ဘက်က သပ္ပုရိ အင်္ဂါ ပျက်နေကြသောကြောင့် သတ္တဝါတွေ သော-တာပန် မတည်ဘူး။ မြတ်စွာဘုရားက-

"*တယော မေ ဘိက္ခဝေ အပဟာယရာဂံ ပဟာတုံ၊ ဒေါသံ ပဟာတုံ၊ မောဟံ ပဟာတုံ၊ အဘဗ္ဗော၊ ကတ မေ တယော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သီလဗ္ဗတပရာ မာသော*"

လို့ ဟောတော်မူတယ်။ အဓိပ္ပါယ်ကတော့ သက္ကာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့ကို မပယ်သေး ဘဲ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်၍ မရဘူးတဲ့။

မောင်စိန်။ ။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု သိက္ခာ သုံးပါးကို မြတ်စွာဘုရား ဟောတယ် မဟုတ်လား ဘုရား။

ဆရာ။ ။ ဟုတ်ပါတယ်ကွယ့်၊ သို့သော်လည်း ပညာမပါသော သီလသည် မခိုင်မြဲတတ်၊ ပညာမပါသော သမာဓိ သည် အမှန်တရားကို မမြင်နိုင်။ သို့အတွက် ပညာ ပါသောသီလ၊ ပညာပါသော သမာဓိဖြစ်အောင် ပြောနေတာကွယ့်။

## သမာဓိတစ်မျိုးတည်းနှင့်အမှန်ကိုမမြင်နိုင်ကြောင်း

မောင်စိန်။ ။ ဒီသမာဓိသည် ဘာကြောင့် အမှန်ကို မမြင်နိုင်တာ လဲဘုရား။

ဆရာ။ ။ စ၍ လုပ်ကတည်းက ပညတ်ကို အာရုံပြုပြီး ပွားများ

http://www.dhammadownload.com



ခဲ့တာကွယ့်။ ပရမတ်ကို အာရုံမပြုဘူး။ မျက်စိနှင့် ကသိုဏ်းဝန်းကို ကြည့်ပြီးပွားတော့ မျက်စိက မြင်တာက ရူပါရုံ၊ နှုတ်ကဆိုတာက ပထဝီ၊ ကသိုဏ်းဝန်းမှာရှိတာက အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဆိုတာရယ်၊ မြင်တာရယ်၊ ရှိတာရယ်။ ၎င်းသုံးပါးသည် မညီကြဘူး။ တလွဲ စီချည်းပဲ။ သို့သော်လည်း စိတ်သည် ကသိုဏ်းဝန်းမှတစ်ပါး အခြားကို မသွားသောကြောင့် ငြိမ်သက်တည်ကြည်တယ်။ ငြိမ်ပေမယ့် စီစစ်မှု မပါသောကြောင့် အမှန်ကို မမြင်တာကွယ့်။

မောင်စိန်။ ။ ဒီလိုဆိုရင် ဘယ်တရားမှ အမှန်ကို မြင်ပါသလဲဘုရား။

ဆရာ။ ။ ဝိပဿနာတရားမှ အမှန်ကို မြင်တာကွယ့်၊ ဝိပဿနာတရားကတော့ တစ်ခုသောတရားကို အမှန်ပေါ်အောင် စီစစ်တယ်။ သမထက "ဉာဏ်သေ"၊ ဝိပဿနာက "ဉာဏ်ရှင်"၊ အဲဒီလို ခြားနားတယ်။ ဝိပဿနာ စီစစ်ပုံကို ပြောဦးမယ်။ မြတ်စွာဘုရားသည် အာဠာရ ရသေ့၊ ဥဒကရသေ့တို့ထံမှာ စျာန်အဘိညာဉ်ကို ရခဲ့တယ်။ အမှန်မမြင်၍ ဘုရားမဖြစ်ဘူး။ ၎င်းနောက် ဥရုဝေဠတောမှာ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကျင့်တယ်။ ဘုရားမဖြစ်ဘူး။ နောက် ဗောဓိပင်အောက်မှာ ထိုင်ပြီး ဆင်ခြင်တယ်။

ဘယ်လို ဆင်ခြင်သလဲဆိုတော့ သတ္တဝါတွေ ဘာကြောင့် သေကြရတာလဲ့ဟု အကြောင်းကို

http://www.dhammadownload.com



ရှာတယ်။ စီစစ်တယ်။ ဒီတော့ "သြော်-ဇာတိဖြစ်မှု ရှိလို့ ဇရာ၊ မရဏ၊ အိုရ၊ နာရ၊ သေရတာပါလား" လို့ ဇာတိပစ္စယာ ဇရာမရဏဆိုတဲ့အကြောင်း အကျိုးတစ်စုံကို မြင်လာတယ်။

နောက်တစ်ခါ ဘာကြောင့် ဇာတိခေါ် ဖြစ်မှု ပေါ်ရတာလဲလို့ ဇာတိ၏ အကြောင်းကို ရှာ-တယ်။ စီစစ်တယ်။ ဒီတော့ သြော်- မျိုးစေ့ရှိလို့ အပင် ပေါက်သလို ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော ကမ္မ ဘဝမျိုးစေ့ကြောင့် ဇာတိခေါ် အပင် ပေါက်မှုဖြစ်တာ ပါလားလို့ ဘဝပစ္စယာ ဇာတိကို မြင်လာတယ်။

နောက် ဘာကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဖြစ်လာတာလဲဟု အကြောင်းကို စီစစ်ပြန် တော့ အဝိဇ္ဇာက အမှန်တရားသစ္စာကို ဖုံးထားသော ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟု အထင်မှားမှု ဒိဋ္ဌုပါဒါန်ဖြစ်။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ စည်းစိမ်ကို တောင့်တတဲ့ ကာမုပါဒါန်တွေဖြစ်။ ကာမုပါဒါန်ဖြစ်တော့ ၎င်းကို အကြောင်းခံပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံတွေဖြစ်လာတာပဲဟု ဥပါဒါန ပစ္စယာ ဘဝေါ်ကို မြင်လာတယ်။

နောက် ဘာ့ကြောင့် ဥပါဒါန်ဖြစ်တာလဲလို့ အကြောင်းကို ရှာပြန်တော့ မီးတောက်ကလေးက စပြီး မီးတောက်ကြီးဖြစ်ရတာလို တဏှာဆိုသော မီးကလေးကြောင့် ဥပါဒါန်ဆိုသော မီးတောက်ကြီး

http://www.dhammadownload.com



ဖြစ်တာပဲဟု တဏှာပစ္စယာ ဥပါဒါန်ကို မြင်လာတယ်။

နောက် ဘာ့ကြောင့် တဏှာဖြစ်တာလဲဟု အကြောင်းကို စီစစ်ပြန်တော့ အာရုံအရသာကို ခံစား မှုဝေဒနာကြောင့် ဖြစ်ရတာပါလားလို့ ဝေဒနာပစ္စယာ တဏှာကို မြင်ပြန်တယ်။

နောက် ဘာ့ကြောင့် ဝေဒနာဖြစ်ရတာလဲဟု အကြောင်းကို စီစစ်ပြန်တော့ အာရုံ၊ ဒွါရ၊ ဝိညာဉ် သုံးပါးတို့ ပေါင်းဆုံခြင်းခေါ်သော ဖဿကြောင့် ဖြစ်ပေါ်တာပါလားဟု ဖဿပစ္စယာ ဝေဒ-နာကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ဖဿဖြစ်တာလဲဟု အကြောင်းကို စီစစ်ပြန်တော့ စက္ခာယတနရှိလို့ ရူပါရုံ နှင့်တွေ့နိုင်တာ။ တွေ့လို့သာ ဝိညာဉ်ပေါ်တာ။ ပေါ် ၍ ၎င်းသုံးပါးပေါင်းဆုံမိတာဟု သဠာယတန ပစ္စယာ ဖဿောကို မြင်လာပြန်တယ်။

တစ်ခါ ဘာကြောင့် သဠာယတနဖြစ်ရတာလဲဟု အကြောင်းကို ရှာပြန်တော့ မင်္ဂသန္ဓေတည်စက ကလလရေကြည် အမြှုပ်သားတစ်ဟူသော ရုပ်နှင့် ၎င်းရုပ်ကိုမှီ၍ဖြစ်သော နာမ်တရား၊ ၎င်းနှစ်ပါးကို အကြောင်းခံပြီးတော့ (၇၇) ရက်ကြာသောအခါ စက္ခာယတနစသော သဠာယတနဖြစ်ရတာပဲဟု နာမရူပပစ္စယာ သဠာယတနံကို မြင်ပြန်တယ်။

http://www.dhammadownload.com



တစ်ခါ ဘာကြောင့် ရုပ်နာမ်ဖြစ်ရတာလဲဟု အကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေစိတ်ကြောင့်ဖြစ်ရတာပဲဟု ဝိညာဏ ပစ္စယာ နာမရူပံကို မြင်ပြန်တယ်။

တစ်ခါ ဘာကြောင့် ပဋိသန္ဓေဝိညာဉ်ဖြစ်ရတာလဲဟု အကြောင်းကို စီစစ်ပြန်တော့ မျိုးစေ့ကြောင့် အပင်ပေါက်ရသလို ကုသိုလ်ကံ၊ အကုသိုလ်ကံ မျိုးစေ့ကြောင့် ဖြစ်ရတာပဲဟု သင်္ခါရပစ္စယာ ဝိညာဏံကို မြင်ပြန်တယ်။

ကုသိုလ်ကံ၊ အကုသိုလ်ကံသည် ဘာကြောင့် သင်္ခါရဖြစ်ရသလဲဟု စီစစ်ပြန်တော့ မျိုးစေ့တို့သည် ရေ၊ မြေ နှစ်ပါးနှင့် မတွေ့လျှင်မပေါက်ဘဲ၊ တွေ့မှ ပေါက်နိုင်သလို ကုသိုလ်၊ အကုသိုလ်မျိုးစေ့ဟာလည်း သစ္စာလေးပါး မသိမှု၊ အဝိဇ္ဇာတည်းဟူသော မြေ၊ တဏှာဒိဋ္ဌိတည်းဟူသော ရေတို့၏ အထောက်အပံ့ကြောင့် ပဋိသန္ဓေအပင်ကို ပေါက်စေနိုင်သော သင်္ခါရ ဖြစ်ရတာပါလားဟု အဝိဇ္ဇာပစ္စယာ သင်္ခါရကို မြင်လာတယ်။

အဲဒီလို အမှန်ပေါ်လာအောင်စီစစ်လို့ အမှန်မြင်ပြီး ဘုရားဖြစ်ရတာကွဲ့၊ အဲဒီလို စီစစ်မှုရှိမှ ဝိပဿနာ၊ မစီစစ်လျှင် သမထ၊ ဒီလို ဝိပဿနာဖြင့် စီစစ်လိုက်တော့ အမှန်ကို ကာကွယ်ထားတဲ့ အဝိဇ္ဇာ အညစ်အကြေးတွေ ပြောင်စင်ပြီး စိတ္တဝိသုဒ္ဓိ အစစ်ပေါ်လာတော့တာပေါ့ကွဲ့။

http://www.dhammadownload.com



ဒါက နမ္မားဆရာတော်ကြီးရဲ့ တရားနာရင်းတရားရနိုင်ပုံကို ဆန်းစစ်ဝေဖန်ချက်ပါပဲ၊ ဉာဏ်ပညာကြီးကျယ်လှတဲ့ အဋ္ဌကထာကျမ်းပြု အကျော် အရှင်မဟာဗုဒ္ဓဃောသ ဆရာတော်ကတော့ တရားနာရင်း မဂ်ဖိုလ်ရသွားပုံကို အတွေးအခေါ်လေး တစ်ခုနဲ့ ဖွင့်ပြပါတယ်၊ သူဖွင့် ပြတာက ဗိဠာလပါဒကသူဌေးကြီး မာဝမညေထ ပုညဿ စတဲ့ဂါထာ အဆုံးမှာ သောတာပန်တည်သွားပုံကို ပြတဲ့နေရာမှာပါ၊ အဋ္ဌကထာဆရာ ဖွင့်ပြတာက-

*ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မေသု ကိစ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ- တဲ့။*

ဒါက လိုရင်းလေးကို ထုတ်ပြတာပါ၊ နောက်ထပ်ပါဠိတွေက ကျန်ပါသေးတယ်။ ဒီပါဠိ အဓိပ္ပါယ်က ဗိဠာလပါဒကသူဌေးကြီးဟာ တရားဂါထာအဆုံးမှာ သောတာပန်တည်သွားတာဟာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မလို့ခေါ်တဲ့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးကို တရားနာရင်း ပွားများနေလို့ပဲ ဖြစ်တယ်။ မဂ်ဖိုလ်ဆိုတာ ဘာဝနာပါမှ ရတယ်။ သစ္စာတရားကို အာရုံစိုက်နာနေတာဟာလည်း ဘာဝနာပါပဲလို့ ဖွင့်ပြခြင်းပဲ ဖြစ်ပါတယ်။

တရားနာရင်း အလိုလို စူးစိုက်ပွားများပြီးသား ဖြစ်နေတဲ့ သတိပဋ္ဌာန်ဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်ဖို့ပဲ များပါတယ်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်အရ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကိုပဲ ယူရမယ် ဆိုတဲ့ အယူအဆက ဗုဒ္ဓအလိုနဲ့ အတိအကျ မကိုက်ညီသေးပါဘူး၊ ယောဂီတွေ သိလွယ်အောင် အလွယ်ဆုံးနည်းနဲ့ ခွဲပြတာပဲ ဖြစ်နိုင်ပါတယ်။ ဒီလို ခွဲပြတာကို မဟာဝဂ္ဂအဋ္ဌကထာ(၃၆၇)နဲ့ မူလပဏ္ဏာသအဋ္ဌကထာ-(၂၈၆)မှာ အခုလို တွေ့ရတယ်။

ကာယာနုပဿနာယ ဝါ ရူပက္ခန္ဓပရိဂ္ဂဟောဝ ကထိတော

http://www.dhammadownload.com



ဝေဒနာနုပဿနာယ ဝေဒနာက္ခန္ဓပရိဂ္ဂဟော
စိတ္တာနုပဿနာယ ဝိညာဏက္ခန္ဓပရိဂ္ဂဟောဝါတိ
ဣဒါနိ သညာ သင်္ခါရက္ခန္ဓပရိဂ္ဂဟမ္ပိ ကထေတုံ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ(၂၅၆)မှာလည်း-

တသ္မာ ဣဒါနိ သမ္ပယုတ္တဓမ္မာ သီသေန သညာ သင်္ခါရက္ခန္ဓာ ပရိဂ္ဂဟမ္ပိ ကထေတုံ ဓမ္မာနုပဿနံ ဒဿေန္တော။

လို့ ဖွင့်ပြတယ်။ အဓိပ္ပါယ်ကတော့ သုံးအုပ်လုံး အတူတူပါပဲ။

ကာယာနုပဿနာသတိပဋ္ဌာန်အရ ရူပက္ခန္ဓာကို ယူရမယ်။

ဝေဒနာနုပဿနာသတိပဋ္ဌာန်အရ ဝေဒနက္ခန္ဓာကို ယူရမယ်။

စိတ္တာနုပဿနာသတိပဋ္ဌာန်အရ ဝိညာဏက္ခန္ဓာကို ယူရမယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်အရ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကို ယူရမယ်လို့ ဖွင့်ပြတာချည်းပါပဲ။

မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဓမ္မာနုပဿနာအရ-

**ဓမ္မာနုပဿနာသတိပဋ္ဌာန် အရကောက်**

| | |
|---|---|
| ၁။ နီဝရဏပဗ္ဗ | = စေတသိက်တို့ကို ရှုရပုံ |
| ၂။ ခန္ဓာပဗ္ဗ | = ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ရှုရပုံ |
| ၃။ အာယတနပဗ္ဗ | = ရုပ်၊ နာမ် ရှုရပုံ |
| ၄။ ဗောဇ္ဈင်္ဂပဗ္ဗ | = နာမ် ရှုရပုံ |
| ၅။ သစ္စပဗ္ဗ | = ရုပ်၊ နာမ်အားလုံး ရှုရပုံ |

လို့ ငါးမျိုးတိတိ ဟောထားပါတယ်။ ဒီဒေသနာအရ ခန္ဓာငါးပါး ဘယ်ခန္ဓာရဲ့ မမြဲမှုကိုရှုရှု သဏ္ဌာန်စွဲပညတ်၊ ငါစွဲပညတ်တွေ ပျောက်သွားပြီး သဘောတရားထိ ဆိုက်သွားရင် ဓမ္မာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်လို့ မှတ်ရမယ်။ ပညတ်စွဲတွေကင်းပြီး သဘောတရားထိ ဆိုက်ရောက်သွားမှလည်း ဝိပဿနာဉာဏ်စစ်စစ် ဖြစ်တယ်။ ဥပမာ အားဖြင့် စင်္ကြံလျှောက်တဲ့အခါ "သွားတယ်၊ သွားတယ်"လို့ ရှုမှတ်နေတယ်။

ရှုမှတ်စအချိန်မှာ ခြေထောက်တွေက သွားတယ်-လို့ သိနေရင် ခြေထောက်ဆိုတဲ့ ပညတ်ခံနေတယ်။ "ငါသွားတယ်"လို့ သိနေရင် ငါဆိုတဲ့ ပညတ်ခံနေတယ်။ ကာယာနုပဿနာသတိပဋ္ဌာန်တော့ ခေါ်နိုင်တယ်။သဘောတရားဆိုက်အောင် အသိမပါတဲ့အတွက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်အမည်တော့ မရနိုင်သေးဘူး။ ဓမ္မာနုပဿနာသတိပဋ္ဌာန် အမည် မရရင်လည်း ဝိပဿနာဉာဏ်စစ်စစ်ကြီး မဖြစ်သေးဘူးလို့ မှတ်ရမယ်။

ဉာဏ်ရင့်လာတဲ့ အခါကျတော့မှ သွားချင်တဲ့စိတ်က စိတ္တဇဝါယောဓာတ်ကို ဖြစ်စေတယ်။ စိတ္တဇဝါယောဓာတ်ကြောင့် သွားတဲ့အမူအယာ ကာယဝိညတ်ဖြစ်တယ်။ တကယ်တော့ သွားတယ်ဆိုတာ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ရဲ့ လှုပ်ရှားနေတဲ့ သဘောလေးပါလားလို့ သိသွားတယ်။ လှုပ်ရှားတဲ့သဘောလေးလို့ သိသွားတဲ့အခါကျမှ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရ ငါ မဟုတ်တဲ့သဘောတွေပါ ဉာဏ်မှာ ထင်ရှားသွားတယ်။

ဒီအခါကျမှ ဓမ္မာနုပဿနာအထိဆိုက်ရောက်ပြီး ဝိပဿနာဉာဏ်စစ်စစ် ဖြစ်တယ်။ အာရုံရဲ့အရသာကို ခံစားတဲ့အခါမှာလည်း "ငါ ခံစားတယ်"လို့ သိနေရင် ငါဆိုတဲ့ ပညတ်ခံနေတယ်။ ဒါကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်တော့ ဖြစ်တယ်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် မဖြစ်ဘူး။ ဉာဏ်ရင့်တဲ့အခါ ငါ ဆိုတာ မရှိတဲ့တရား၊ ခံစားတဲ့ သဘောတရားလေးသာ ရှိနေတယ်။ ဒီသဘောတရားလေးလည်း

http://www.dhammadownload.com



"မမြဲတဲ့၊ ဆင်းရဲတဲ့၊ အစိုးမရတဲ့ သဘောတရားပဲ"လို့ သိသွားရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရောက်တယ်။ ဒီအခါကျမှ ဝိပဿနာ ဉာဏ်စစ်စစ် ဖြစ်တယ်။ အာရုံ သိစိတ် တစ်ခုခုကို ရှုမှတ်တဲ့အခါမှာ လည်း "ငါ သိတယ်" လို့ ရှုမှတ်နေရင် ငါဆိုတဲ့ ပညတ်ခံနေတယ်။ ဒါကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်တော့ ဖြစ်တယ်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် မဖြစ်ဘူး။ ဉာဏ်ရင့်လာတဲ့ အခါကျမှ ငါ ဆိုတာ မရှိ၊ အာရုံကိုသိတတ်တဲ့ သဘောလေးသာရှိတယ်။

ထိုအာရုံကို သိသောသဘောလေးသည် မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ ငါမဟုတ်လို့ သိသွားမှ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရောက်တယ်။ ဒီအခါကျမှ ဝိပဿနာဉာဏ်စစ်စစ်လည်း ဖြစ်တယ်။ အနိစ္စနဲ့ ဒုက္ခနှစ်ပါးဟာ အနတ္တသို့ ရောက်အောင် ပံ့ပိုးပေးတဲ့ တရားဖြစ်သလို ကာယ၊ ဝေဒနာ၊ စိတ္တတို့ဟာလည်း ဓမ္မသို့ရောက်အောင် ပံ့ပိုးပေးတဲ့ တရားတို့ပဲ ဖြစ်ပါ တယ်။

တချို့ တရားရှုပွားနေတာ အနှစ်အစိတ်၊ သုံးဆယ်ရှိနေပြီ၊ မဂ်- ဉာဏ်ဖိုလ်ဉာဏ် မပြောနဲ့ "နာမရူပပရိစ္ဆေဒ ဉာဏ်နဲ့ "ပစ္စယ ပရိဂ္ဂဟဉာဏ်" ကိုတောင် မရသူတွေ အများကြီးတွေ့ရတယ်။ အဲဒါ ဘာ့ကြောင့်လည်း ဆိုရင် မိမိစရိုက်နဲ့ ကိုက်ညီတဲ့ သတိပဋ္ဌာန်ကို ရွေးပြီး မရှုပွားလို့ပါပဲ။ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ပုဂ္ဂိုလ်လေးမျိုးနဲ့ သတိပဋ္ဌာန်လေး မျိုးကို အခုလို ခွဲခြားပြထားတယ်။

## ပုဂ္ဂိုလ်လေးမျိုးနဲ့သတိပဋ္ဌာန်လေးမျိုး

ဉာဏ်နည်းပြီး ရာဂများသူသည် ကာယာနုပဿနာသတိပဋ္ဌာန်၊
ဉာဏ်ထက်ပြီး ရာဂများသူသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
ဉာဏ်နည်းပြီး ဒိဋ္ဌိအားကြီးသူသည် စိတ္တာနုပဿနာသတိပဋ္ဌာန်၊
ဉာဏ်ထက်ပြီး ဒိဋ္ဌိအားကြီးသူသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်

http://www.dhammadownload.com



တို့နှင့်

သင့်လျော်သည်-တဲ့။ နောက်တစ်နည်း ဆက်ခွဲပြတာက-

* သမထအားသန်ပြီး ဉာဏ်နည်းသူဟာ ကာယာနုပဿနာသတိပဋ္ဌာန်
* သမထအားသန်ပြီး ဉာဏ်ထက်သူဟာ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
* ဝိပဿနာအားသန်ပြီး ဉာဏ်နည်းသူဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်
* ဝိပဿနာအားသန်ပြီး ဉာဏ်ထက်သူဟာ ဓမ္မာနုပဿနာသတိပဋ္ဌာန်

နဲ့ သင့်လျော်ပါသတဲ့။

ဦးသိန်းထူးနဲ့ ဘာသာခြား ဓမ္မဆရာတို့ဟာ ဝိပဿနာအားသန်ပြီး ဉာဏ်ထက်သူများဖြစ်လို့ ဓမ္မာနုပဿနာနည်းနဲ့ တရားရကြတာလို့ ကောက်ချက်ချနိုင်ပါတယ်။ ဒီနေရာမှာ သူတို့နှစ်ဦး နာကြားရတဲ့ တရား အကျဉ်းရယ်၊ ဟောကြားပေးသူရယ်ကို ဖော်ပြပါ့မယ်။ သုဒ္ဓဝိပဿနာကျင့်စဉ်တရားများကို ဟောကြားပေးသူကတော့ ပခုက္ကူ ဝိပဿနာသင်တန်း-နယဒေသကဆရာကြီး ဦးကြင်ရွှေ ဖြစ်ပါတယ်။

ဆရာကြီးဟာ ဒီသင်တန်းတရားကို ၁၃၀၉-ခုနှစ်၊ လွတ်လပ်ရေးမရခင် သုံးလ အလိုလောက်ကစပြီး ဟောကြားပြသခဲ့တယ်။ ဆရာကြီးဟာ ရှေးစာတတ် စာချဆရာတော်တစ်ပါးပါ၊ ပါရမီကုန်ခဲ့တော့(၁၈) ဝါအရမှာ လူဝတ်လဲခဲ့ပြီး အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ ကလေးတစ်ယောက်အရမှာ မယားနဲ့ သားဟာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ပါတယ်။ သောကမီးရဲ့ပူလောင်မှုကို ခံစားရတဲ့အခါကျမှ သင်ယူပို့ချခဲ့တဲ့ တရားတော်များကို

http://www.dhammadownload.com



အားကိုးရမှန်းသိခဲ့ပါတယ်။

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ဆရာကြီးဟာ စာသိသညာ သိ၊ ဗဟုသုတသိ အနေနဲ့ ကျွမ်းကျင်တတ်မြောက်ပြီးသားပါ။ ဒါကြောင့် ပရိယတ်ရဲ့ အနီးကပ်လမ်းညွှန်ချက်ကို ယူပြီး ပွားများအားထုတ် လိုက်တာ နှစ်အနည်းငယ်အကြာမှာပဲ မိမိနဲ့ထိုက်တန်တဲ့ တရားထူး တရားမြတ်ကို ရရှိခဲ့ပါတယ်။ ရလာတဲ့တရားကိုလည်း ပိဋကတ်နဲ့ ညီညွတ်မှု ရှိ/မရှိ တိုက် ဆိုင်ကြည့်ပါတယ်။ ကိုယ်တိုင် တိုက်ဆိုင်ကြည့် လို့ ညီညွတ်မှုရှိတာကို တွေ့ရတဲ့အခါ အားရတင်းတိမ်မှု မရရှိသေးဘဲ အဲဒီအချိန်က နိကာယ်ငါးရပ်ကို ကျမ်းကြီးပေါက်ပို့ချနေကြတဲ့ ပခုက္ကူ အလယ်တိုက်၊ ဒရှေ့တိုက် ဆရာတော်ကြီးတွေထံမှာ ထပ်မံ အစစ်ခံ လိုက်ပါသေးတယ်။

သေချာပြီဆိုတော့မှ မိမိဆွေမျိုးသားချင်းအချို့ကို စပြီးဟော ပြောပြသပါတယ်။ တဖြည်းဖြည်း လာနာတဲ့လူတွေများလာတော့ အိမ် ပေါ်မှာတင် ဟောမဖြစ်တော့ဘဲ အိမ်ရှေ့လမ်းမပေါ် ထိထွက်ပြီး ဟော ရပါတယ်။ လာရောက်နာကြားကြတဲ့ ပရိသတ်ဟာ ညစဉ် လေးထောင်နဲ့ ငါးထောင်ဝန်းကျင်မှာ ရှိပါတယ်။ သင်တန်းကာလကလည်း မြန်မာပြည် မှာတော့ ရက်အကြာဆုံး တရားသင်တန်းလို့ ပြောရမှာပါ။ ရက်ပေါင်း (၃၆၅)ရက် ကြာပါတယ်။ (၁)နှစ်တိတိ ကြာတယ်ပေါ့။

**ဆရာကြီးဟောတဲ့ တရားအစဉ်တွေကတော့-**

(၁) ပမာဏလေးမျိုး
(၂) မှာတမ်းတော်
(၃) ဘေးကြီးလေးပါး
(၄) ပညတ်နှင့် ပရမတ်
(၅) ရုပ်ဓာတ်နှင့် နာမ်ဓာတ်

http://www.dhammadownload.com



(၆) ခန္ဓာငါးပါးဖြစ်ပုံ၊ ပျက်ပုံ

(၇) ပစ္စယပရိဂ္ဂဟဉာဏ်

(၈) မဂ္ဂင် ၈-ပါး

(၉) အာယတန ၁၂-ပါး

(၁၀) ဓာတ် ၁၈-ပါး

(၁၁) ဝီထိစဉ် စိတ်အစဉ် ဖြစ်ပုံ၊ ပျက်ပုံအကျယ်

(၁၂) အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ် သုံးပါးအကျယ်

(၁၃) ဉာဏ်စဉ်ဆယ်ပါးကျင့်စဉ် အကျယ်

(၁၄) ပဋိစ္စသမုပ္ပါဒ် အကျယ်

(၁၅) သစ္စာလေးပါး အကျယ်

(၁၆) နိဗ္ဗာန်ဂုဏ်ရည် အကျယ်

တို့ပါပဲ။ ဒီအခန်း (၁၆)ခန်းထဲက ဦးသိန်းထူးနဲ့ ဘာသာခြား မွေဆရာတို့ နာကြားခဲ့ကြတာဟာ (၁၁)ခန်းမြောက်က ဝီထိစဉ်ခေါ် စိတ် အစဉ်ဖြစ်ပုံပျက်ပုံ အကျယ်ပဲ ဖြစ်ပါတယ်။ ရုပ်ကြမ်းဝါဒီ တစ်ယောက်နဲ့ ဘာသာခြားမွေဆရာတို့ကို ဗုဒ္ဓဘာသာအတွင်း ဝင်လာ စေပြီး ယဉ်ကျေး သိမ်မွေ့သူတွေဖြစ်လာအောင် စွမ်းဆောင်နိုင်တဲ့ ဗုဒ္ဓရဲ့တရားတော်ကို သိသာရုံ အနည်းငယ်ထုတ်ပြပါ့မယ်။

အသံတစ်ခုခုကို ကြားလိုက်တဲ့အခါ ဒီအသံဟာ ဘာအသံပဲလို့ သိနိုင်ဖို့အတွက် တစ်ခေါက်ဖြစ်ရင် စိတ်(၁၇)လုံးပါတဲ့ ဝီထိခေါက်ရေ ပေါင်း ကုဋေငါးထောင်ရှစ်ရာရှစ်ဆယ်ကျော် ဖြစ်ရတယ်။ စိတ်လုံးရေ အားဖြင့်ဆိုရင် ကုဋေတစ်သိန်းတောင် ဖြစ်ပျက်သွားတယ်။ ဝီထိဆိုတာ လမ်းကိုဟောပါတယ်။ လူတွေသွားလာရာလမ်းကို ဝီထိလို့ခေါ်သလို စိတ် တွေသွားရာလမ်းကိုလည်း ဝီထိလို့ ခေါ်လိုက်တာပါပဲ။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ငါးဒွါရမှာဖြစ်တဲ့

http://www.dhammadownload.com



ဝီထိစဉ်တွေကိုတော့ ပဉ္စဒွါရဝီထိလို့ ခေါ်တယ်။ ဟဒယဝတ္ထုလို့ခေါ်တဲ့ စိတ်မှာဖြစ်တဲ့ ဝီထိကိုတော့ မနောဒွါရဝီထိလို့ ခေါ်ပါတယ်။

အကျယ်သိချင်ရင်တော့ ဆရာကြီးဟောထားတဲ့ ဝီထိစဉ်ခွေ (၂၀)ကိုပဲ နာကြားကြပါ။ ဒီမှာတော့ ကြားသိစိတ်ဖြစ်ပျက်သွားပုံ ဝီထိစဉ် တစ်ခုကိုပဲ ပြောပါ့မယ်။ မယ်တော်တို့ ပိုသဘောပေါက်အောင် ဥပမာ တစ်ခုကနေ စပြောမယ်၊ လူတစ်ယောက်ဟာ အိပ်ပျော်နေတယ်။ ဒီအချိန်မှာ သရက်သီးမှည့်တစ်လုံး အပင်ပေါ်က ကြွေကျတယ်။ သရက်သီး ကြွေကျတဲ့အသံကိုကြားတော့ ဒီလူဟာ နိုးသွားပြီး အပင် အောက်သွားပြီး သရက်သီးကို ရှာတယ်။ အသံကိုကြားလိုက်တာနဲ့ သရက်သီး ကြွေကျတယ်ဆိုတာကိုလည်း သိသွားတယ်။

တွေ့တဲ့အခါ ကောက်ယူလိုက်တယ်၊ ပြီးတော့ မှည့်/မမှည့် လက်နဲ့ စမ်းကြည့်တယ်။ မှည့်တယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါမှာ ရေဆေးပြီး ခွဲစားတယ်။ စားပြီးတဲ့အခါ သိပ်ချိုတာပဲလို့ ပြန်တွေးပြီး သဘောကျ လိုက် သေးတယ်။ ပြီးတော့ အိပ်ယာထဲဝင်ပြီး ပြန်အိပ်သွားတယ်။

## ကြားသိစိတ်ဝီထိစဉ်ဖြစ်ပုံ

အိပ်ပျော်နေတယ်ဆိုတာ ဘဝင်စိတ်တွေဖြစ်နေတယ်လို့ ပြော တာပါ။ ရူပဝိပါက်စိတ် ငါးပါး၊ အရူပဝိပါက်စိတ် လေးပါး၊ မဟာဝိပါက် စိတ်ရှစ်ပါး၊ အဟိတ်ဝိပါက်စိတ် နှစ်ပါး ဒီစိတ်(၁၉)ပါးဟာ အမည်သုံးမျိုး ရပါတယ်။ အဲဒါတွေက ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တဲ့။ ဘဝတစ်ခု မှာ ပဋိသန္ဓေနေတော့မယ်ဆိုရင်လည်း ဒီစိတ်(၁၉)ပါးထဲက တစ်ပါး ပါးနဲ့ နေရပါတယ်။ ဥပမာ ရူပဗြဟ္မာ့ဘုံမှာ ပဋိသန္ဓေနေမယ် ဆိုရင် ရူပဝိပါက်စိတ် ငါးပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေရပါတယ်။

အရူပဗြဟ္မာဘုံမှာ ပဋိသန္ဓေနေတော့မယ်ဆိုရင် အရူပဝိပါက် စိတ် လေးပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေရပါတယ်။ လူ့ဘုံ၊

http://www.dhammadownload.com



နတ်ဘုံမှာ ပဋိသန္ဓေနေတော့မယ်ဆိုရင် မဟာဝိပါက်စိတ် ရှစ်ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေနေရပါတယ်။ အပါယ်လေးဘုံမှာ ပဋိသန္ဓေ နေမယ်ဆိုရင် အ ဟိတ်ဝိပါက်စိတ် နှစ်ပါးထဲက တစ်ပါးပါးနဲ့ ပဋိသန္ဓေ နေရပါတယ်။ အိပ် ပျော်နေတဲ့အချိန်မှာဆိုရင်လည်း ဒီစိတ်(၁၉)ပါး တစ်ပါးပါးဖြစ်နေပါတယ်။ အိပ်ပျော်နေတဲ့အချိန်မှာတော့ ဒီစိတ်(၁၉) ပါးဟာ ဘွင်(ဘဝင်ဟု ဖတ်) အမည်ရပါတယ်။

သတ္တဝါတွေ သေတဲ့အချိန်မှာလည်း ဒီစိတ်(၁၉)ပါးအနက် သူ့ ဆိုင်ရာတစ်ပါးပါးနဲ့ သေကြပါတယ်။ သေတဲ့အချိန်မှာတော့ စုတိစိတ်ဆို တဲ့အမည်ကို ရပါတယ်။ ဒီစိတ်(၁၉)ပါးဟာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုးအနက် တစ်မျိုးမျိုးကို အာရုံပြုပါတယ်။ ကံဆိုတာ ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်ခုခုကို ပြောတာပါ။ ကမ္မနိမိတ်ဆိုတာ ကံပြုစဉ်က အခြံအရံပစ္စည်းတွေကိုပြောတာပါ။

ဥပမာ ဒါနပြုခဲ့သူဆိုရင် လှူခဲ့တန်းခဲ့တဲ့ ဆွမ်း၊ သင်္ကန်းစသည် တို့ကို မြင်ရတာပါ၊ သူ့အသက်သတ်ခဲ့သူဆိုရင် ဓားတွေ၊ မြှားတွေ၊ ပိုက် ကွန်တွေ မြင်ရတာမျိုးပါ။ ဂတိနိမိတ်ဆိုတာကတော့ မိမိရောက်မယ့် ဘုံဌာနကို သေခါးနီးမှကပ်ပြီးမြင်ရတာမျိုးပါ။ နတ်ပြည်ရောက်မယ် ဆိုရင် နတ်သမီးတွေ၊ နတ်သားတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေကို မြင်ရပါတယ်။

လူ့ပြည်ကိုရောက်မယ်ဆိုရင် အမိဝမ်းရေ ကမ္ဗလာနီအဆင်း သဏ္ဍာန်ကို မြင်ရပါတယ်၊ ငရဲကျမယ်ဆိုရင် ငရဲမီး၊ ငရဲသားတွေ၊ ခွေးနက်ကြီးတွေကို ကြောက်မက်ဖွယ် မြင်ရတယ်။ တိရစ္ဆာန်ဘုံ ရောက် မယ်ဆိုရင် မိမိဖြစ်မယ့် တိရစ္ဆာန် ပုံသဏ္ဍာန်ကို မြင်နေရတယ်။ ပြိတ္တာ အသူရကာယ် ဖြစ်မယ်ဆိုရင် တောကြီးတောင်ကြီးတွေ၊ အင်းကြီး၊ အိုင် ကြီးတွေကို မြင်လာတတ်တယ်။ ခုပြောလိုက်တာက စုတိစိတ် ၁၉-

http://www.dhammadownload.com



ပါးရဲ့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကို အာရုံပြုပုံများ ဖြစ်ပါတယ်။

ကြားသိစိတ် ဖြစ်ပုံကို ဆက်သွားကြစို့၊ ဘဝင်စိတ်တွေ စီတန်း ဖြစ်နေတဲ့ အချိန်မှာ အမြောက်သံ တစ်ခုဟာ နားအကြည်ရုပ်ကို လာ တိုက်တယ်၊ ဘဝင်စိတ်တွေ စီတန်း ဖြစ်နေတယ်ဆိုတာ အိပ်ပျော်နေ တယ်လို့ ပြောတာ၊ အမြောက်သံဆိုတဲ့ အသံရုပ်က နားအကြည်ရုပ်ကို လာတိုက်တာနဲ့ ဖြစ်နေတဲ့ ဘဝင်တစ်လုံးဟာ ရှေ့ကို လွန်ထွက်သွား တယ်၊ အဲဒါကို "အတီတဘဝင်"လို့ ခေါ်တယ်၊ မြန်မာလိုတော့ "လွန် သောဘဝင်" ပေါ့၊ နောက်ဘဝင်တစ်လုံးကတော့ လှုပ်သွားတယ်၊ ပါဠိလို "ဘဝင်္ဂစလန"၊ မြန်မာလို "လှုပ်သောဘဝင်"ပေါ့။ နောက်ဘဝင်တစ်လုံး ကတော့ ဘဝင်တွေ ဆက်လက် မဖြစ်နိုင်တော့အောင် ပြတ်သွားတယ်၊ ပါဠိလို "ဘဝင်္ဂုပစ္ဆေဒ" ပေါ့၊ မြန်မာလို "ပြတ်သောဘဝင်" လို့ အမိပ္ပါယ် ရတယ်။

အတီတဘဝင်ချုပ်ပြီးမှ ဘဝင်္ဂစလန ဖြစ်တယ်၊ ဘဝင်္ဂစလန စိတ်ချုပ်ပြီးမှ ဘဝင်္ဂုပစ္ဆေဒဖြစ်တယ်၊ ဝီထိတစ်ခေါက်မှာ စိတ်လုံးရေ (၁၇) လုံး ရှိတယ် ဆိုသော်လည်း တစ်လုံးချုပ်ပြီးမှ တစ်လုံးဖြစ်တာပါ။ ဘဝင်္ဂုပစ္ဆေဒစိတ်ချုပ်ပြီးမှ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်တယ်၊ သူက နားမှာ ကြားလိုက်တဲ့အသံကို ဆင်ခြင်ကြည့်တာပဲ၊ သရက်သီးကြွေကျတဲ့ အသံကိုကြားလို့ အိပ်ယာက နိုးတဲ့သူနဲ့ တူတယ်၊ အမြောက်သံလို့ သိသွားတယ်၊ ဒါဟာ "သောတဝိညာဏ်စိတ်"ပဲ၊ သရက်သီးကြွေကျ တာပဲလို့ သိသွားတဲ့ အသိမျိုးပေါ့။

ကြားလိုက်တဲ့ အမြောက်သံကို အာရုံထဲမှာ ခံယူထားလိုက် တယ်၊ သရက်သီးကို တွေ့တဲ့အခါ ကောက်ယူထားလိုက်သလိုပဲ၊ အာရုံ ကို ခံယူတဲ့စိတ်ကို "သမ္ပဋိစ္ဆိုင်းစိတ်" လို့ခေါ်တယ်၊ ပြီးတော့ အဲဒီအသံ ကို ဘာအသံလဲလို့ စုံစမ်းဆင်ခြင်ကြည့်တယ်၊ ပါဠိလိုတော့ "သန္တီရဏ-

http://www.dhammadownload.com



စိတ်" လို့ခေါ်တယ်၊ သရက်သီးကို ကောက်ယူပြီးတဲ့အခါ မှည့်/မမှည့် စမ်းကြည့်သလိုပေါ့၊ သန္တီရဏစိတ် ချုပ်ပြီးတဲ့အခါမှာ "ဝုဋ္ဌောစိတ်" ဖြစ်တယ်၊ ဝုဋ္ဌောစိတ်ဆိုတာ ဘာအာရုံပဲဆိုတာကို ဆုံးဖြတ်ချက် ချလိုက်တာပဲ။

သရက်သီးမှည့်ကို စမ်းကြည့်ပြီးတဲ့အခါ မှည့်တယ်လို့ ဆုံးဖြတ်ချက်ချလိုက်သလိုပဲပေါ့၊ ဝုဋ္ဌောစိတ်ချုပ်သွားတဲ့အခါမှာ တစ်လုံးပျောက်လိုက်၊ တစ်လုံးပေါ်လိုက်နဲ့၊ အမြောက်သံရဲ့အရသာကို ခံစားတဲ့ဇော(၇) လုံး ဖြစ်ပျက်သွားပါတယ်။ ဒါကတော့ ရလာတဲ့သရက်သီးကို ခွဲစားတာနဲ့ တူပါတယ်။ နှစ်သက်တဲ့အာရုံဆိုရင် လောဘဇောနဲ့ ခံစားပြီး မနှစ်သက် တဲ့အာရုံကျတော့ ဒေါသဇောနဲ့ ခံစားပါတယ်။ အမြောက်သံဆိုတော့ ကြောက်လန့်စိတ်ပေါ် ပေါက်လာလိမ့်မယ်။ ဒါဟာ ဒေါသဇောရဲ့ လက္ခဏာပါပဲ။

ဒေါသဇော(၇)ချက်စောပြီးတာနဲ့ တဒါရုံနှစ်ကြိမ် ဖြစ်ပါတယ်။ တော်တော်ကြောက်စရာကောင်းတဲ့ အသံပါလားဆိုပြီး ထပ်သိလိုက်တာပါပဲ။ သရက်သီးကို စားပြီးတဲ့အခါ အတော်ချိုတာပဲလို့ ပြန်တွေးသလိုပါပဲ၊ ဆက်မအိပ်တော့ဘူးဆိုရင် ကြားသိစိတ် ဝီထိစဉ်ပြီးတာနဲ့ မြင်သိစိတ် ဝီထိစဉ်၊ နံသိစိတ် ဝီထိစဉ်စတာတွေ ဆက်ဖြစ်မှာပါ။ ကြားသိစိတ် ဝီထိစဉ် အကြောင်းကို သိသွားရင် ကျန်ဝီထိစဉ်များအားလုံးကိုလည်း နည်းမှီပြီးတော့ သိသွားပါလိမ့်မယ်။ ကြားသိစိတ်နေရာမှာ မြင်သိစိတ်ကို ပြောင်းယှဉ့်ရုံပါ။ ကျန်စကားလုံးက အားလုံးတူပါတယ်။

ကြားလိုက်ရင် ဒါဘာသံပဲလို့ သိဖို့အတွက်-

အတီတဘဝင် = လွန်သောဘဝင်စိတ်

ဘဝင်စလန = လှုပ်သောဘဝင်စိတ်

ဘဝင်ုပစ္ဆေဒ = ပြတ်စဲသောဘဝင်စိတ်

http://www.dhammadownload.com



| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | နား၌ကြားသောအသံကိုဆင်ခြင်သော စိတ် |
| သောတဝိညာဉ် | = | ကြားသိစိတ် |
| သမ္ပဋိစ္ဆိုင်း | = | အသံအာရုံကို ခံယူသောစိတ် |
| သန္တီရဏ | = | အသံအာရုံကို စုံစမ်းသောစိတ် |
| ဝုဋ္ဌော | = | ဘာသံပဲဟု ဆုံးဖြတ်သောစိတ် |
| ပထမဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| ဒုတိယဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| တတိယဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| စတုတ္ထဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| ပဉ္စမဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| ဆဋ္ဌမဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| သတ္တမဇော | = | အသံ၏ အရသာကို ခံစားသောစိတ် |
| ပထမတဒါရုံ | = | ထိုဇောခံစားသောအသံ၏ အရသာကို ထပ်မံ ခံစားသောစိတ် |
| ဒုတိယတဒါရုံ | = | ထိုဇောခံစားသောအသံ၏ အရသာကို ထပ်မံ ခံစားသောစိတ် |

စိတ်(၁၇)လုံးပါတဲ့ ဒီဇောတစ်ခေါက်ဖြစ်ပြီးမှ ငါကြားတာ အခြောက်သံပဲလို့ သေချာသိပါတယ်။ တဒနုဝတ္တက မနောဒွါရဝီထိဆိုတာတွေလည်း ဆက်ဖြစ်သေးတယ်။ သိပ်ရှည်လျားသွားမှာစိုးလို့ မပြောတော့ပါဘူး။ ကြားသိစိတ်ဝီထိတစ်ခေါက်၊ စိတ်(၁၇)လုံး ချုပ်ပြီးတဲ့အခါကျမှ အသံရုပ်နဲ့ နားအကြည်ရုပ်တို့က တစ်ကြိမ် ချုပ်တယ်။ ဒါကြောင့် ရုပ်တ ရားပျက်တာက နာမ်တရားပျက်တာထက် ပိုနှေးတယ်။

http://www.dhammadownload.com



မျက်တောင်တစ်ခတ်(သို့) တစ်စက္ကန့်အတွင်းမှာ ကြားသိစိတ်ဝီထိစဉ်အခေါက်ပေါင်း ကုဋေ(၅၈၈၀)ကျော် ဖြစ်ပြီးပျက်တယ်။ ဒီခေါက်ရေကိုကြည့်ပြီး အသံရုပ်နဲ့ နားအကြည်ရုပ်ဟာ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ(၅၈၈၀)ကျော် ပျက်တယ်လို့ ပြောနိုင်တာပေါ့။ ဝီထိ တစ်ခေါက်မှာ စိတ်လုံးရေ(၁၇)လုံးပါတဲ့အတွက် တစ်စက္ကန့်မှာ ကြားသိ စိတ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပြီးပျက်တယ်လို့ ဗုဒ္ဓက ဟောတာပါ။

တွေးသိစိတ်နဲ့ဆိုင်တဲ့ မနောဒွါရာဝီထိမှာတော့-

| | | |
|---|---|---|
| အတီတဘဝင် | = | လွန်သောဘဝင်စိတ် |
| ဘဝင်္ဂစလန | = | လှုပ်သောဘဝင်စိတ် |
| ဘဝင်္ဂုပစ္ဆေဒ | = | ပြတ်စဲသောဘဝင်စိတ် |

မနောဒွါရာဝဇ္ဇန်း = မနောဒွါရ၌ထင်လာသော အတွေးအာရုံကို ဆင်ခြင်သောစိတ်

| | | |
|---|---|---|
| ဇော | = | ၇- ကြိမ် |
| တဒါရုံ | = | ၂- ကြိမ် |

(၁၇)ချက်ပြည့်အောင် ဘဝင်စိတ်ကို ထပ်ထည့်သင့်သမျှ ထည့်ရတယ်။ စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိဆိုပြီး ဝီထိ(၆)မျိုးရှိတယ်။ သောတဒွါရဝီထိကို ဉာဏ်နဲ့သေချာ ဆန်းစစ်ကြည့်တဲ့အခါ ငါဆိုတာကို ဦးသိန်းထူးရော၊ ဓမ္မဆရာရော မတွေ့ကြတော့ဘူး။ အသံရုပ်နဲ့ နားအကြည်ရုပ်က ရုပ်တရား၊ စိတ်(၁၇)လုံးရယ်၊ ယှဉ်ဘက် စေတသိက်တွေရယ်က နာမ်တရား၊ ဒီရုပ်နဲ့နာမ်ကိုပဲ တွေ့သွားတယ်။

အပါယ်ဘုံသားနဲ့လူ၊ နတ်၊ ဗြဟ္မာ (၃၁)ဘုံသားအားလုံးဟာ

http://www.dhammadownload.com



နာမည်တပ်ထားတဲ့ ပညတ်တရားတွေဘဲ။ တကယ်မရှိကြဘူး။ တကယ်ရှိတာဟာ ရုပ်နဲ့နာမ်ပဲ။ တကယ်ရှိတဲ့ ရုပ်နဲ့နာမ်ကလည်း ငါ့ရုပ် ငါ့နာမ်လို့ စွဲယူစရာ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှား တစ်ခုမှ မရှိဘူး။ ရုပ်ဆိုရင် ဖောက်ပြန်တဲ့သဘောလေးပဲ ရှိတယ်။ နာမ်ဆိုရင် အာရုံကို သိတဲ့သဘောလေးပဲ ရှိတယ်။

ရုပ်၊ နာမ်နှစ်ပါးလုံးရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံကို ခန္ဓာသိထိ ရောက်အောင် သိသွားတဲ့အတွက် မဂ်ဖိုလ်ကို ရသွားကြတာပါ။ နားက တရားကိုနာပြီး ဉာဏ်က ခန္ဓာကို စိုက်လိုက်မယ်ဆိုရင် တရားနာတဲ့ အလုပ်၊ တရားရှုပွားတဲ့အလုပ် နှစ်မျိုးလုံးဟာ တစ်ပြိုင်နက် ပြီးစီးပါတယ်။ ဒါကြောင့် တရားနာရင်း တရားရသွားပုံကို မိုးကုတ်ဆရာတော်ဘုရားကြီးက အခုလို ဟောကြားတော်မူပါတယ်။

## ခန္ဓာဉာဏ်ရောက်တရားနာနည်း

"ဒကာ၊ ဒကာမတွေ တရားနာတဲ့အခါမှာ တရား အဓိပ္ပါယ်ကို သိနေရုံလောက်မျှနှင့် ကျေနပ်မနေကြနဲ့၊ အခု တရားနာနေတဲ့ အခိုက်မှာပဲ ကိုယ့်ဉာဏ်က ကိုယ့်ခန္ဓာပေါ်မှာ စိုက်ထားပါ။

ဒီကဘုန်းကြီးပြောတဲ့အတိုင်း ကိုယ့်ဉာဏ်က ကိုယ့်ခန္ဓာအစဉ်ပေါ်မှာ လျှောက်နေပါစေ။ စာကဆိုတာ'ဒေသနာဉာဏာနုသာရေန ဉာဏံ ပေသေန္တဿ ဉာဏုတ္တရဿ ဟောတိ' တဲ့"

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ကာလဝတ္ထု)

ဒေသနာဉာဏာနုသာရေန- ဟောတော်မူတဲ့ ဒေသနာတော်ဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏံ-မိမိ၏ ဉာဏ်ကို၊ ပေသေန္တဿ-ခန္ဓာထဲသို့ စေလွှတ်သော၊ အဿ-ထိုပုဂ္ဂိုလ်၏၊ ဉာဏံ-ဉာဏ်သည်၊

http://www.dhammadownload.com



ဥတ္တရံ- မြင့်မြတ်ရင့်ကျက် ထက်မြက်လာသည်၊ ဟောတိ-ဖြစ်၏။

သူ့အဓိပ္ပါယ်က ဒေသနာဉာဏ်ကို အစဉ်လျှောက်ပြီး ကိုယ့်ဉာဏ်ကို ကိုယ့်ခန္ဓာထဲ စေလွှတ်လိုက်တဲ့အခါ ဉာဏ်ထူးဉာဏ်မြတ်ကြီး ဖြစ်သွားလို့ တရားထူးရနိုင်တယ်-တဲ့၊ ဘုရားလက်ထက်တော်တုန်းက တရားတစ်ပွဲအပြီးမှာ တရားထူးတွေ ရကုန်ကြတယ်ဆိုတော့ အဲဒီဉာဏ်ကို စေလွှတ်လို့ ရကြတာ။

နာရုံသက်သက်နဲ့ ဘယ်တရားရလိမ့်မလဲ၊ ဉာဏ်က ခန္ဓာကိုယ်ပေါ် ရောက်လို့ ရကြတာ၊ ခန္ဓာပေါ် မရောက်ဘဲနဲ့ ဘယ်တရားရလိမ့်မလဲ၊ ခန္ဓာဉာဏ်ရောက်ဖြစ်မှ တရားရနိုင်မှာပေါ့၊ ဒါ့ကြောင့် နားက တရားကို နာ၊ ဉာဏ်က ခန္ဓာပေါ် လှည့်ထားပါ၊ *(မိုး(၅) နဝ-၅၈၃)* တဲ့။

ဒီသြဝါဒကို အမှတ်ရပြီး မယ်တော်တို့လည်း ဘယ်ဆရာတော်ရဲ့ ဝိပဿနာတရားကိုပဲ နာနာ နားက တရားကိုနာပြီး ဉာဏ်က ခန္ဓာပေါ် လှည့်ထားကြပါလို့ တိုက်တွန်းပါတယ်၊ ဝီထိစဉ်ကို တကယ်သိသွားတာနဲ့ ငါးစွဲ သက္ကာယဒိဋ္ဌိကွာပုံကို ပြပြီးတော့ အခုတစ်ခါ ရုပ်နာမ်ကို မြတယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိနဲ့ သေရင်ပြတ်တာပဲလို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ ကွာသွားပုံကို ပြောဦးမယ်။

သောတဒွါရဝီထိမှာ စိတ် ၁၇-လုံး ရှိတယ်၊ စိတ်တစ်လုံးတစ်လုံးမှာ ဖြစ်တာရယ် ပျက်တာရယ် နှစ်ချက် ရှိတယ်၊ ဖြစ်တာကို "ဥပါဒ်"လို့ ခေါ်တယ်၊ ပျက်တာကို "ဘင်" လို့ ခေါ်တယ်၊ ဋ္ဌီ-ဆိုတာကတော့ ဘုရားဟော မရှိပါဘူး၊ ရှိသင့်တယ်လို့ ယူဆပြီး နှောင်းပညာရှင်တွေ ထည့်ထားတာပါ၊ ဒီ-ဋ္ဌီဆိုတဲ့ စကားကို အကြောင်းပြုပြီး အဘိဓမ္မာလိုက်စားတဲ့ မြိတ်မြို့က လူငယ်လေးတစ်ယောက်က မေးခွန်းတစ်ခု လာမေးတယ်။

ပရမတ် ရုပ်တရား နာမ်တရားတွေဟာ ဥပါဒ်၊ ဋ္ဌီ၊ ဘင်လို့

http://www.dhammadownload.com



ခဏငယ် သုံးချက်ရှိကြောင်း သိရပါတယ်တဲ့၊ ဋ္ဌီဆိုတာက တည်နေတာပါတဲ့၊ ဒါ့ကြောင့် တည်နေတဲ့ ဋ္ဌီခဏကို ကြည့်ပြီး မြဲတဲ့အချိန်ရှိတယ်လို့ မပြော နိုင်ဘူးလားတဲ့၊ အဖြေက ဋ္ဌီခဏကို ကြည့်ပြီး ရုပ်တရား နာမ်တရားတွေ ကို မြဲတယ်လို့ မပြောနိုင်ဘူး၊ ဒီ ဋ္ဌီစကားဟာ တစ်စက္ကန့်လောက်ပဲ ကြာမယ်၊ ဒါမှ မဟုတ် တစ်စက္ကန့်ရဲ့ အပုံတစ်ထောင်ပုံ တစ်ပုံလောက် ကြာဦးမယ်ဆိုရင် နိစ္စလို့ ပြောချင်ပြောနိုင်သေးတယ်။

အခု ဋ္ဌီခဏဆိုတာက အဲဒီလောက်ကို မကြာဘူး၊ နာမ်တရားဆိုရင် တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေတစ်သိန်း ပျက်သွားတယ်၊ ရုပ် တရားဆိုရင် အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွားတယ်၊ ဒီလောက်မြန်နေမှတော့ တည်နေတဲ့ အချိန်ဆိုတာ ရှာလို့တောင် မရပါ ဘူး၊ ဆေးဘက်ဆိုင်ရာက အသေးဆုံးတွေ့ထားတဲ့ ရုပ်တရားကို CELL လို့ခေါ်တယ်၊ သိပ္ပံလောကဓာတ်ဆရာတွေ ကတော့ PROT - OPLASM ပရိုဘိုပလပ်ဇမ် လို့ ခေါ်သတဲ့၊ အဆပေါင်း ထောင်ပေါင်း များစွာ ချဲ့ထား တဲ့ မှန်ဘီလူးနဲ့ ဒီ အသေးဆုံး ရုပ်နုကလေးတွေကို လောကဓာတ်ဆရာတွေ မြင်တာပါ၊ ပုံသဏ္ဍာန်ပညတ်အနေနဲ့ မြင်နေရသေးတဲ့အတွက်ကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ မြင်ရတဲ့ ပရမတ်ရုပ် မဟုတ်သေးပါဘူး၊ ပညတ်ရုပ်သာဖြစ်ပါတယ်၊ တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ ငါးထောင်ကျော် ဖြစ်ပျက်နေတယ်ဆိုတာက သဘောတရားသာရှိတဲ့ ပရမတ်ရုပ်ပါ၊ ဘာ မှန်ဘီလူးနဲ့မှ မြင်လို့ မရပါဘူး။

## နာရီစက္ကန့် တစ်စက္ကန့် တည်သောရုပ်

လောကဓာတ်ဆရာတွေ တွေ့ရတဲ့ အသေးဆုံးရုပ်နု ပရိုတိုပလပ်ဇမ်တွေဟာ ထခုန်လိုက် ပျက်လိုက်၊ နောက်ထပ် အသစ်ဖြစ်လိုက်နဲ့

http://www.dhammadownload.com



တအားကို မြန်တာပဲတဲ့၊ ဖြစ်တာပျက်တာ မြန်လွန်းအားကြီးတော့ ရိုးရိုး စက္ကန့်နဲ့တောင် သူတို့ရဲ့ တည်ချိန် ဘယ်လောက်ကြာတယ်ဆိုတာ မတိုင်း နိုင်တော့ဘူး၊ ဒါတောင် ပညတ်ရုပ်နော်၊ ပရမတ်ရုပ် မဟုတ် သေးဘူး၊ သိပ္ပံလောကဓာတ်ဆရာတွေရဲ့ နောက်ဆုံးတိုင်းတာချက်အရ ပရိုတိုပ လပ်ဇမ်တွေဟာ NANO SECOND နာနိုစက္ကန့် တစ်စက္ကန့် အချိန် ကြာသတဲ့။

နာနိုစက္ကန့် တစ်စက္ကန့် အချိန်ဟာ အခုသုံးစွဲနေကြတဲ့ ရိုးရိုးတစ် စက္ကန့်ရဲ့ သန်းပေါင်းတစ်ထောင်ပုံ တစ်ပုံသာရှိသတဲ့။ သန်းပေါင်းတစ် ထောင်ကို ကုဋေဖွဲ့လိုက်ရင် ကုဋေ ၁၀၀-ပေါ့၊ လောက ဓာတ်ဆရာတွေဟာ တစ်စက္ကန့်မှာ ရုပ်တရားတွေ ကုဋေတစ်ရာ ဖြစ်ပျက်သွားတာကို သိလာပြီဆိုတဲ့ သဘောပေါ့၊ ဒီထက်ပိုသိချင်ရင် တော့ လောကဓာတ်ဆရာတွေကိုယ်တိုင် ဝိပဿနာတရားကို နာကြား အားထုတ်ကြည့်မှ သိကြရမှာပဲ။

ပရမတ်ရုပ်တရားတွေ ပျက်တာက တစ်စက္ကန့်မှာ ကုဋေ- ၅၀၀၀ ကျော်ဆိုတော့ သူတို့ လောကီဉာဏ်နဲ့ သိဖို့တော့ မလွယ်ပါဘူး။ ဒီအချက် ကို ထောက်ပြီး ပရမတ်ရုပ်နာမ်တရားတွေရဲ့ တည်ချိန် ဌီကာလဆိုတာ ပြောချိန်တောင် မရှိတဲ့အတွက် ရုပ်နာမ်တရားတွေကို မြဲတယ်လို့ မပြော နိုင်ပါဘူး။ နောက်တစ်ချက်က ပရမတ်ရုပ်နာမ် တရားတွေဆိုတာ သဘောတရားသာရှိတာပဲ။ အမှုန်အမွှားရယ်လို့မှ မရှိတာ။ ဒီတော့ သဏ္ဌာန်ဒြပ် အနေနဲ့မရှိတဲ့ ပရမတ်ရုပ်နာမ် တရားတွေကို ဘယ်လိုမှ မြဲတယ်လို့ မပြောနိုင်တဲ့ အကြောင်း။

နောက်ပြီး ဌီကာလဆိုတာကိုလည်း မြတ်စွာဘုရား တိုက်ရိုက် မဟောတဲ့ အကြောင်း ရှင်းပြလိုက်ရပါတယ်။ ကဲ- သဿတနဲ့ ဥစ္ဆေဒခွဲ ခန်းကို ဆက်ရအောင်၊ သောတဒွါရဝီထိမှာပါတဲ့ စိတ်(၁၇)လုံးဟာ

http://www.dhammadownload.com



တစ် လုံးတစ်လုံးမှာ ဖြစ်ပျက်တစ်စုံစီ ပါတယ်။ စိတ်(၁၇)လုံးကို စီတန်းပြီး အဖြစ်ကို ဖယ်ထားပြီး အပျက်တွေကိုချည်း ကြည့်လိုက်ပါ။ အတီတဘဝင် ပျက်၊ ဘဝင်စလနပျက်၊ ဘဝင်္ဂုပစ္ဆေဒပျက်၊ ပဉ္စဒွါရာဝဇ္ဇန်း ပျက်၊ ပျက်၊ ပျက်၊ ပျက် (၁၇)လုံးလုံး ပျက်တာချည်းပဲ တွေ့ရလိမ့်မယ်။

ဘင်္ဂဉာဏ်ဝင်ရောက်လို့ အပျက်ချည်းပဲမြင်တယ်ဆိုတာလည်း ဒီလို မြင်တာကို ပြောတာပဲ။ ဒီလို ပျက်တာတွေချည်းပဲ မြင်လိုက်တော့ ရုပ်နာမ်တရားတွေကို မြဲတယ်လို့ အယူမှားတဲ့ သဿတဒိဋ္ဌိ ပြုတ်သွားတယ်။ ဒါကိုကြည့်ပြီး အပျက်မြင်ရင် သဿတဒိဋ္ဌိစင်တယ်လို့ ပြောကြတာပါ။ တစ်ခါ စိတ်(၁၇)လုံးရဲ့ ပျက်တာကိုမကြည့်ပဲ ဖြစ်တာတွေချည်းပဲ စီတန်းကြည့်လိုက်ပါ။ ဒီလိုကြည့်လိုက်ရင် တစ်လုံးပြီးတစ်လုံး ဖြစ်နေတာတွေကိုချည်း တွေ့ရမယ်။

ဒီလိုဖြစ်နေတာတွေကို မြင်လိုက်ရင် ရုပ်နာမ်ကို သေရင် ပြတ်တာပဲ။ ဘာမှ မဖြစ်တော့ဘူးလို့ အယူမှားတဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပြီးသား ဖြစ်သွားတယ်။ အဝိဇ္ဇာ၊ တဏှာ၊ ကံ(ကုသိုလ်၊ အကုသိုလ်)ဆိုတဲ့ တရားတွေရှိနေသ၍ ရုပ်နာမ်တွေဟာ ဒီလိုပဲ ဖြစ်ပျက်နေဦးမယ်ဆိုတာ ဦးသိန်း ထူးနဲ့ ခမ္ဘဆရာတို့ သဘောပေါက်သွားတယ်။ အကြောင်း အကျိုးအနေနဲ့ သူ့ဖာသာဖြစ်ပြီး သူ့ဖာသာပျက်သွားတဲ့ ရုပ်နာမ် တရားတွေကို ငါ့ရုပ်နာမ် လို့ဝင်စွဲပြီး အယူမှားလိုက်တာနဲ့ အပါယ်ကျကြ ရတာကိုလည်း သိသွားတယ်။

သဘောတရား ရုပ်နာမ်တရားတွေသာ ရှိတယ်၊ ငါဆိုတာ မရှိ ပါလားလို့ ငါစွဲ (သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိ) ပြုတ်သွားတာနဲ့ အပါယ်မကျ နိုင်တော့ဘူးဆိုတာကိုလည်း ကိုယ်တိုင် သိသွားတယ်။ တစ်ခါ အဲဒီဝီထိစဉ်ထဲမှာပါတဲ့ ရုပ်နာမ်တရားတွေကို ခန္ဓာငါးပါး ဖွဲ့ကြည့်ပြီး အနတ္တပေါက် သွားပုံကိုလည်း ပြောဦးမယ်။ သောတဒွါရ

http://www.dhammadownload.com



ဝီထိစဉ်ထဲမှာပါတဲ့ အသံရုပ်နဲ့ နားအကြည်ရုပ်တို့ဟာ ဖောက်ပြန်တတ်တဲ့ သဘောတရားရှိတဲ့ ရူပက္ခန္ဓာ ဖြစ်လာတယ်။

စိတ်အားလုံးက အသံအာရုံကို သိတတ်တဲ့သဘောတရား ဝိညာဏက္ခန္ဓာ ဖြစ်လာတယ်။ ယှဉ်ဘက်စေတသိက်တွေထဲက အသံအာရုံရဲ့အရသာကို ခံစားတဲ့ သဘောတရား ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာ ဖြစ်လာတယ်။ ဘာသံပဲလို့ မှတ်သားတဲ့သဘောတရား သညာစေတသိက်က သညာက္ခန္ဓာ ဖြစ်လာတယ်။ အသံကို နားထောင်ဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်း သဘောတရားရှိတဲ့ စေတနာနဲ့ ကြွင်းတဲ့စေတသိက်တွေက သင်္ခါရက္ခန္ဓာ ဖြစ်လာတယ်။

ဖောက်ပြန်တဲ့ သဘောတရားရယ်
ခံစားတဲ့ သဘောတရားရယ်
မှတ်သားတဲ့ သဘောတရားရယ်
တိုက်တွန်းနှိုးဆော်တဲ့ သဘောတရားရယ်
အာရုံကို သိတတ်တဲ့ သဘောတရားရယ်
အမှန်အမှားဘာမှမရှိတဲ့ သဘောတရားငါးခုဟာ-

နားထဲမှာဖြစ်ပြီး နားထဲမှာပဲ ပျက်သွားကြတယ်၊ ဒီသဘောတရားငါးခုရဲ့အနတ္တကို တကယ်နားလည်မှ တရားထူးကို ရနိုင်တယ်။ အန- တ္တကိုသိချင်ရင် အတ္တအဓိပ္ပါယ်ကို အရင်သိအောင် လုပ်ရတယ်။ ဘာဖြစ် လို့လဲဆိုတော့ အနတ္တဆိုတာ အတ္တကို ဆန့်ကျင်ဘက်လုပ်ထားတဲ့ ပုဒ် တစ်ပုဒ်ဖြစ်နေလို့ပဲ။

## အတ္တခြောက်မျိုး

တိတ္ထိတွေ ကြံဆပြောခဲ့ကြတဲ့ အတ္တက ခြောက်မျိုး ရှိတယ်။

သာမိကအတ္တ = မိမိကိုယ်မိမိ ပိုင်တယ်လို့ ယူဆတဲ့အတ္တ

http://www.dhammadownload.com



သယံဝသီအတ္တ = မိမိအလိုသို့လိုက်သောအတ္တ
နိဝသီအတ္တ = သူတစ်ပါးနှင့်မဆက်ဆံသောအတ္တ
ကာရကအတ္တ = ချမ်းသာဆင်းရဲကို ပြုလုပ်နိုင်သောအတ္တ
ဝေဒယိကအတ္တ = ချမ်းသာဆင်းရဲကို ခံစားနိုင်သောအတ္တ
အဓိဋ္ဌာယကအတ္တ= စိတ်ကို ကိုယ်ထားသလို နေနိုင်သော အတ္တတို့ပါပဲ။

သူတို့ယူဆတဲ့ အတ္တကောင်လေးဟာ ဘယ်သောအခါမှ မပျက်စီးပါဘူး၊ ခိုင်မြဲခြင်းသဘော ရှိပါတယ်။ ရုပ်ခန္ဓာကြီးကတော့ သေပြီးပျက်စီးချင် ပျက်စီးမယ်။ အတ္တကောင်လေးကတော့ မပျက်စီးဘဲ နောက်ဘဝခန္ဓာထဲမှာ ထပ်ဖြစ်တယ်လို့ ယူဆကြတာဟာ အတ္တပါပဲ။ ဒါ့ကြောင့် ပါဠိလို အတ္တ၊ မြန်မာလို မပျက်မစီး ခိုင်မြဲတဲ့ အနှစ်သာရရှိခြင်းလို့ ဖြစ်လာတယ်။ ဒါ့ကြောင့် ဘယ်အရာဝတ္ထုမဆို အတ္တအမည်ရချင်ရင် အနည်းနဲ့အများ မပျက်မစီးခိုင်မြဲတဲ့ အနှစ်သာရရှိရမယ်။

ငွေခွက်တစ်ခွက်ကို ကြည့်ပါ။ ငွေပြားကို အခွက်ကြီးလုပ်ထားလို့ ငွေခွက်ခေါ်တာပါ။ ငွေခွက်လို့ အလွယ်တကူခေါ်နေသော်လည်း ငွေနဲ့ခွက်နဲ့ဟာ တခြားစီပါ။ ငွေဟာ ခွက်မဟုတ်ပါဘူး၊ ငွေကသာ ခွက်ဆိုရင် ငွေဒင်္ဂါး ငွေတုံးတွေမှန်သမျှ ခွက်ဖြစ်ကုန်မှာပေါ့။ ဒီလိုလည်း မဖြစ်ပါဘူး။ ခွက်ဟာလည်း ငွေမဟုတ်ပါဘူး။ ခွက်ဟာငွေဆိုရင် သစ်သားခွက်တွေ၊ ဒန်ခွက်တွေဟာ ငွေဖြစ်ကုန်မှာပေါ့။ ဒီလို မဖြစ်ကောင်းပါဘူး။

ဒါ့ကြောင့် ငွေနဲ့ခွက်နဲ့ဟာ တခြားစီပါ။ ရောပစ်လို့ မရပါဘူး။ တစ်ခြားစီဖြစ်သော်လည်း ခွက်နေတဲ့ပုံသဏ္ဌာန်ပညတ်ဟာ ငွေသားကို မှီနေရပါတယ်။ ငွေသားဆိုတဲ့ အမှီရှိပါတယ်။ ပြောရရင် ငွေခွက်မှာ အတ္တရှိပါတယ်။ ဒီနေရာမှာ အတ္တဆိုတာ ဝိညာဉ်ကောင်လို အတ္တကို

http://www.dhammadownload.com



ပြောတာမဟုတ်ပါဘူး။ ခိုင်မြဲတဲ့သဘောတရား အတ္တကို ပြောတာပါ။ ဒီခွက်ရဲ့အတ္တဟာ ဘယ်သူလဲလို့ မေးခွန်းထုတ်ရင် ငွေသားလို့ အဖြေထွက်လာပါတယ်။

ဟုတ်ပါတယ်၊ ဒီခွက်မှာ ငွေသားဆိုတဲ့ အတ္တခေါ် ကိုယ်ရှိနေပါတယ်။ ဒါ့ကြောင့် အတ္တခေါ်ငွေသား မပျက်စီးမခြင်း ဒီခွက်ဟာ မပျက်စီးပါဘူး။ ငွေသားက ဆယ်နှစ်ခံယင် ဒီခွက်ကလည်း ဆယ်နှစ်ခံမှာပါ။ ဒါ့ကြောင့် ဒီငွေခွက်မှာ အတ္တရှိတယ်။ အနှစ်သာရ ရှိတယ်။ ခိုင်မြဲခြင်း ရှိတယ်လို့ ဆိုနိုင်ပါတယ်။ နောက်ဆုံး ကလေးတွေကစားတဲ့ မြေခွက်လေးမှာလည်း အတ္တရှိတာပဲ။

ဒီမှာလည်း မြေနဲ့ခွက်နဲ့တစ်ခြားစီဖြစ်ပုံကို ငွေခွက်နည်းမှီပြီးသိပါ။ ဒီခွက်မှာလည်း မြေသားဆိုတဲ့ အတ္တရှိတယ်။ ဒါ့ကြောင့် မြေသားဆိုတဲ့ အတ္တမပျက်စီးသေးသမျှ ခွက်လည်း မပျက်စီးဘူး။ မြေသားက ငါးနှစ်ခံရင် ခွက်လည်းငါးနှစ်ခံမှာပဲ။ ဒီတော့ အတ္တအမည်ရဖို့ အတွက်ဆိုရင် အနည်းဆုံး တစ်စက္ကန့်လောက် မပျက်မစီး ခိုင်မြဲစွာ တည်နိုင်ရမယ်။ အသံနဲ့နားနဲ့ တိုက်လိုက်တဲ့အခါ ဖြစ်ပျက်သွားတဲ့ ပရမတ်ခန္ဓာငါးပါးကို ဉာဏ်နဲ့ ကြည့်လိုက်စမ်းပါ။

ရိုးရိုးတစ်စက္ကန့် မပြောနဲ့၊ နာနိုစက္ကန့် တစ်စက္ကန့်ကြာအောင်တောင် မတည်နိုင်ဘူးမဟုတ်လား။ နာနိုစက္ကန့်ဆိုတာ ရိုးရိုးတစ်စက္ကန့်ရဲ့ သန်းပေါင်းတစ်ထောင်ပုံ တစ်ပုံသာကြာတဲ့ စက္ကန့်ပေါ့။ နားအကြည်ရုပ်နဲ့ အသံရုပ်တို့က တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွားတယ်။ ခန္ဓာအနေနဲ့ဆိုရင် ရူပက္ခန္ဓာပေါ့၊ ကြားသိစိတ် ဝိညာဏက္ခန္ဓာ၊ ကြားရတဲ့အသံရဲ့ အရသာကို ခံစားမှု ဝေဒနာက္ခန္ဓာ၊ ဘာသံလဲလို့ မှတ်သားမှု သညာက္ခန္ဓာ။

ဆက်နားထောင်ဖြစ်အောင် တိုက်တွန်းမှု သင်္ခါရက္ခန္ဓာဆိုတဲ့

http://www.dhammadownload.com



နာမ်ခန္ဓာလေးပါးက တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေတစ်သိန်း ချုပ်ပျက်သွားတယ်၊ ဒါကို ကြည့်ရင် ပရမတ်ခန္ဓာငါးပါးမှာ မပျက်မစီးခိုင်မြဲစွာတည်နိုင်တဲ့ အတ္တ လုံးလုံးမရှိဘူး၊ ဒါ့ကြောင့် အနတ္တသာ ရှိတယ်၊ အတ္တမရှိလို့ ဟောတော်မူတာပါ။ အနတ္တဟာ ပုံမှန်အတိုင်းဆိုရင် နအတ္တလို့ နေရမယ်။

အတ္တက မပျက်မစီး ခိုင်မြဲစွာတည်နိုင်သော အတ္တသဘောသည် န-မရှိလို့ အဓိပ္ပါယ်ရတယ်၊ သဒ္ဒါကျမ်းအလိုတော့ ဝါစာသိလိဋ္ဌ ဖြစ်အောင်ပေါ့၊ အရပ်စကားနဲ့ ပြောရင်တော့ နားထောင်ကောင်းအောင်၊ ဆိုလို့ကောင်းအောင် အ,နဲ့ န,ကို ရှေ့နောက်ပြန်လိုက်ပြီး အနတ္တလို့ ခေါ်နေကြတာပါ၊ စာပေမှာ အနတ္တကို မမြင်အောင် ဃနဖုံးတယ်လို့ ဆိုကြတယ်၊ ဃနဆိုတာ အတုံး၊ အလုံး၊ အခဲကို ပြောတာ။

http://www.dhammadownload.com

## အရိပ်နှင့်တူသော ပညတ်ရုပ်

တကယ်တော့ မယ်တော်တို့ အခု မြင်နေရတဲ့ ကိုယ်လုံးကြီးဟာ ပညတ်ရုပ်ပါ၊ တကယ့် အရှိတရား မဟုတ်ပါဘူး၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဆိုတဲ့ တကယ့်အရှိတရား ရုပ်ဓာတ်ရှစ်ပါးကို ပေါင်းလိုက်တဲ့အခါ ပေါ်လာတဲ့ သဏ္ဌာနပညတ်လို့ ခေါ်တဲ့ ပုံသဏ္ဌာန် အရိပ်တစ်ခုပါ၊ သစ်ပင်ရယ်၊ နေရောင်ရယ် ပေါင်းမိတဲ့အခါ အရိပ်ထွက်လာတယ်၊ သစ်ပင်ရိပ်ပေါ့၊ ဒီအရိပ်ဟာ တကယ့် အရှိတရား မဟုတ်ပါဘူး။

ထို့အတူ ဓာတ် ၈-ပါးပေါင်းမိတဲ့အခါ လူပုံစံ၊ ယောကျ်ားပုံစံ၊ မိန်းမပုံစံ၊ ခေါင်းပုံစံ၊ ကိုယ်ပုံစံ၊ ခြေပုံစံ၊ လက်ပုံစံ၊ အရိုးပုံစံ၊ ဆံပင် အမွေးပုံစံ၊ အူပုံစံ၊ အသဲပုံစံ၊ အဆုတ်ပုံစံဆိုတဲ့ အရိပ်တွေပေါ်လာတာပါ၊ တကယ့် အရှိတရားတွေ မဟုတ်ပါဘူး။

ဓာတ်ရှစ်ပါး ပေါင်းမိလို့ ပေါ်လာတဲ့ အရိပ်တွေပါ၊ တကယ့် အရှိတရားကတော့ ရုပ်ဓာတ်ရှစ်ပါးပါပဲ၊ အသားမျက်စေ့နဲ့ မြင်နေရတဲ့ ပုံသဏ္ဌာန်ပညတ်ဟာ မရှိပါလား၊ တကယ့် အရှိတရားက ရုပ်ဓာတ်

http://www.dhammadownload.com



ရှစ်ပါးပါလား၊ ရှိတဲ့ ရုပ်ဓာတ်ရှစ်ပါးကလည်း အမှုန်အမွှားရယ်လို့ မဟုတ် ပဲ မာသဘော ပျော့သဘောစတဲ့ သဘောတရားပါလားလို့ နားလည်သွားရင် အကြမ်းစား "ဃန" တော့ ပျောက်သွားလောက်ပါပြီ။

ရုပ်ဓာတ်ရှစ်ပါးထဲက ပထဝီဓာတ်တစ်လုံးကို အသေးစိတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တဆင်ခြင်ပုံ၊ ဒုက္ခသစ္စာအနက်လေးချက်ကို ပိုင်ပိုင်နိုင် နိုင်သိသွားပုံ၊ ဒုက္ခသစ္စာကို သိလိုက်တာနဲ့ ကျန်သစ္စာသုံးပါး တစ်ခါတည်း သိသွားပုံကို ပြောပြပါ့မယ်၊ တရားဆိုတာ အကုန်သိမှ မဟုတ်ပါဘူး၊ "ဧကော ဓမ္မော" ဆိုတဲ့အတိုင်း တစ်လုံးသိရင် ကိစ္စအကုန် ပြီးတာပါပဲ၊ ဒါ့ကြောင့် မူလပဏ္ဏာသ အဋ္ဌကထာမှာ-

*စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏာန္တိ။*

"ပထဝီစသော ဓာတ်ကြီးလေးပါးတို့တွင် တစ်ပါးပါးကို ဃနပျောက်အောင် သုံးသပ်ဆင်ခြင်နိုင်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်၏"

လို့ ဖွင့်ပြထားတာ မဟုတ်လား၊ သောတာပတ္တိမဂ်လောက်တော့ ပြော မနေပါနဲ့တော့၊ အရဟတ္တဖိုလ်ရပြီး နိဗ္ဗာန်တောင် ရောက်နိုင်တယ်လို့ ဆိုထားပါတယ်၊ မယ်တော်တို့တစ်ကိုယ်လုံး ဦးခေါင်းကစပြီး ခြေမတိုင် အောင် လက်နဲ့ စမ်းကြည့်လိုက်ရင် အရိုးလိုနေရာ စမ်းမိရင် မာတဲ့ သဘော၊ အသားလိုနေရာ စမ်းမိရင် ပျော့တဲ့သဘောလေး တွေ့ရလိမ့် မယ်၊ ဉာဏ်နဲ့ သေချာစိုက်ပြီး ဆင်ခြင်ကြည့်ပါ။

ဒီ မာမှု၊ ပျော့မှုသဘောလေးမှာ အလုံး၊ အပြား၊ အရှည်၊ အတို စတဲ့ သဏ္ဌာန်ဆိုတာ မရှိပါဘူး၊ တစ်ခါ ဒီ မာမှု၊ ပျော့မှုသဘော လေးကို ဦးခေါင်းခေါ်သလား၊ နဖူးခေါ်သလား၊ တတောင်ဆစ်ခေါ် သလားလို့ တစ်ခုချင်း မေးခဲ့ရင် မဟုတ်ဘူးချည်း ဖြေရမှာပဲ၊ ဟုတ်မှ မဟုတ်ဘဲကိုး။

http://www.dhammadownload.com



## ပထဝီဓာတ်ဖောက်ပြန်ပုံ

ဒါ့ကြောင့် မာသဘော၊ ပျော့သဘောဆိုတဲ့ ပထဝီဓာတ် ရုပ်ပရမတ်သည်သာ အဟုတ်ရှိဖြစ်ပြီး၊ ခေါင်း၊ နဖူး၊ မေးစေ့၊ တတောင်ဆစ်စတဲ့ နာမည်တွေဟာ တကယ်ရှိတာ မဟုတ်ဘဲ အများက ခေါ်လို့ ပြောလို့ရ အောင် နာမည်တပ်ပြီး သမုတ်ထားတဲ့ အတွက် သမုတ်ရှိလို့ပဲ ခေါ်တယ်၊ သမုတ်ရှိဆိုတာ ပညတ်ကို နာမည်တစ်မျိုး ပေးလိုက်တာပဲ၊ ဒီပထဝီဓာတ်ကိုပဲ အအေးနဲ့တွေ့ရင် တစ်မျိုး၊ အပူနဲ့ တွေ့ရင် တစ်မျိုး၊ ဖောက်ပြန်တတ်သောကြောင့် ရုပ်လို့ခေါ်ပြန်တယ်။

သံ၊ ခဲ၊ ဘော်၊ ရွှေ၊ ကြေးတုံးတွေကို စမ်းကြည့်ရင် မာတဲ့ သဘောလေးကိုတွေ့လိမ့်မယ်၊ ဒီ မာသဘောလေး အပူကြောင့် ဖောက်ပြန်သွား ပုံကို ပြမယ်၊ ဒီ သံ၊ ခဲ၊ ဘော် စတာတွေကို လုံထဲထည့်ပြီး မီးပြင်းပြင်းနဲ့ ဖိုထိုးလိုက်ရင် အရည်တွေဖြစ်သွားတယ်၊ အရည် တွေဖြစ်သွားတာနဲ့ မာတဲ့သဘောတွေပျောက်ပြီး ပျော့တဲ့သဘောဆီ ရောက်သွားတယ်၊ အဲဒီလို မာတဲ့သဘောကနေ ပျော့တဲ့သဘောကို ပြောင်းသွားတာကိုပဲ ဖောက်ပြန်တယ်လို့ ပြောတာ။

ဒါက အပူကြောင့် မာတဲ့သဘောကနေ ပျော့တဲ့သဘောကို ဖောက်ပြန်သွားပုံပေါ့၊ နောက်တစ်ခါ အအေးကြောင့် ပျော့တဲ့သဘော ကနေ မာတဲ့သဘောကို ဖောက်ပြန်သွားတာတွေ့ချင်ရင် အဲဒီ ဘော် ရည်၊ ကြေးရည်တွေကို အေးနေတဲ့ရေထဲ လောင်းထည့်လိုက်ပါလား၊ ချက်ချင်း ပြန်ပြီး မာကျောသွားလိမ့်မယ်၊ အဲဒီလို အပူစသော ဆန့်ကျင် ဘက်အကြောင်းများကြောင့် မာလိုက်၊ ပျော့လိုက်(ပထဝီဓာတ်)၊ ဖွဲ့စည်း လိုက်၊ ယိုစီးလိုက်(အာပေါဓာတ်)၊ ပူလိုက်၊ အေးလိုက်(တေဇောဓာတ်)၊ ထောက်ကန်လိုက်၊ လှုပ်ရှားလိုက်(ဝါယောဓာတ်)နဲ့ အမြဲ ဖောက်ပြန်နေ တတ်လို့ ဒီတရားတွေကို ရုပ်လို့ခေါ်ရတာပဲ။

http://www.dhammadownload.com



ခန္ဓာမှာရှိတဲ့ ပထဝီဓာတ်ရဲ့ဖောက်ပြန်ပုံကိုလည်း ဉာဏ်နဲ့ဆင်ခြင်ကြည့်ပါ။ ဆောင်းရာသီ အအေးဓာတ်နဲ့တွေ့တဲ့အခါ အသားအရေတွေခြောက်ပြီး ခက်မာတဲ့သဘောတွေ ဖြစ်နေတယ်။ နွေရာသီ အပူဓာတ်နဲ့တွေ့ပြန်တော့ ချွေးထွက်ပြီး အသားအရေတွေဟာ နူးညံ့မှုသဘောကို ပြောင်းသွားပြန်တယ်။ မာတဲ့သဘောကနေ ပျော့တဲ့သဘောဆီ ပြောင်းသွားတာကို ဖောက်ပြန်တယ်လို့ခေါ်သလို မမြဲဘူးလို့လည်း ခေါ်တယ်။ ဒီတော့ အနိစ္စပေါ့။ တစ်ခါ ဒီမာမှုပျော့မှုသဘောဟာ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေပေါင်းထောင်ကျော် ဖြစ်ပျက်နေတဲ့အတွက်လည်း အနိစ္စပါပဲ။

အဲဒီလို မမြဲတဲ့အတွက် ဖောက်ပြန်နေတဲ့အတွက် ခဏိကမရဏအားဖြင့် ပရမတ်ရုပ်နာမ်တွေဟာ ခဏတိုင်း သေနေရသလို၊ ကံကုန်သက်တမ်းကုန်ပြီဆိုရင် သမုတိမရဏအားဖြင့်လည်း အိုရာက နာ၊ နာရာကနေ သေသွားရပြန်တယ်။ ဒီမမြဲမှု၊ ဖောက်ပြန်မှုဟာ အိုအောင်၊ နာအောင်၊ သေအောင် နှိပ်စက်နေတာပါပဲ။ ဒီလို အနှိပ်စက်ခံနေရရင်လည်း ဒုက္ခလို့ခေါ်ပါတယ်။

ဒီ ပထဝီဓာတ်ကို မဖောက်ပြန်အောင်၊ မြဲအောင် ဘယ်သူမှ အမိန့်ပေး တားမြစ်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် အနတ္တလို့ခေါ်ပါတယ်။ အနတ္တက သိပ်အရေးကြီးလို့ အနတ္တသဘောကို ဗုဒ္ဓက ခြောက်မျိုးလောက်ထိ ဟောထားပါတယ်။

## အနတ္တအနက် ၆ မျိုး

မာသဘော၊ ပျော့သဘော ပထဝီဓာတ် ချုပ်ပျောက်ပျက်စီးသွားတဲ့အခါ မယ်တော်တို့အတွက် ရစရာ၊ ယူစရာအနှစ်အသားဘာတစ်ခုမှ မကျန်ခဲ့ပါဘူး။ တောက်နေတဲ့မီး ငြိမ်းသွားတဲ့အခါ ဘာတစ်ခုမှ မကျန် သလိုပါပဲ။ ဒါကြောင့် အသာရကတ္ထေန- ယူစရာ၊

http://www.dhammadownload.com



ဖြစ်ရာ၊ ရစရာ အနှစ်အသားဟူ၍ ဘာမျှမရှိခြင်းအနက်သဘော ကြောင့် အနတ္တာ- အနတ္တ မည်၏-လို့ ဗုဒ္ဓက ဟောတော်မူခဲ့တာပါ။

မာသဘော၊ ပျော့သဘော ပထဝီဓာတ်ကြီးဖောက်ပြန်မသွား အောင် ချုပ်ပျက်မသွားအောင်၊ မြဲအောင် စေခိုင်းနိုင်သူ၊ အမိန့်ပေးနိုင်သူ တစ်ယောက်မှမရှိပါဘူး။ ဒါ့ကြောင့် အသာမိကတွေက- စိုးသူ၊ ပိုင်သူ၊ စေခိုင်းသူ မရှိသော အနက်သဘောကြောင့် အနတ္တာ- အနတ္တမည်၏ လို့ ဟောကြားတော်မူခဲ့တာပါ။

မာသဘော၊ ပျော့သဘော ပထဝီဓာတ်ကြီးဟာ ကံ၊ စိတ်၊ ဥတု (အပူအအေး)၊ အာဟာရဆိုတဲ့ အထောက်အပံ့ကိုမရပဲ မိမိဖြစ်စေချင်တဲ့ အလိုဆန္ဒအတိုင်း မဖြစ်ပါဘူး။ ဒါ့ကြောင့် အဝသဝ- တ္တနတွေက- မိမိအလို သို့ မလိုက်၊ အကြိုက်သို့ မပါသော ကြောင့် အနတ္တာ- အနတ္တမည်၏လို့ ဟောတော်မူခဲ့တာပါ။

မာသဘော၊ ပျော့သဘော ပထဝီဓာတ်ကြီးဟာ အထက်ကပြခဲ့ သလို အကြောင်းလေးပါးကြောင့်သာ ဖြစ်နေရတာပါ။ မာအောင်ပျော့ အောင်လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ရယ်လို့မရှိပါဘူး။ ဒါ့ကြောင့် သုညတ- တွေက၊ အတ္တသတ္တိ၊ ကာရကသတ္တိ၊ ဝေဒကသတ္တိတို့မှ ကင်းဆိတ်ခြင်း အနက်ကြောင့်၊ အနတ္တာ- အနတ္တမည်၏လို့ ဟောတော်မူခဲ့တာပါ။

မာသဘော၊ ပျော့သဘော ပထဝီဓာတ်ဟာ အကြောင်းလေး ပါးရဲ့ အထောက်အပံ့ကိုမရရင် မိမိက ဖြစ်စေချင်ပေမယ့် မဖြစ်ပါဘူး၊ အကြောင်းလေးပါး ထောက်ပံ့လိုက်ပါက မိမိကမဖြစ်စေချင်လည်း ဖြစ်မှာပါပဲ။ ဒီတော့ မာသဘော၊ ပျော့သဘောဟာ ဘယ်သူ့မျက်နှာကိုမှ မထောက် ပဲ သူ့သဘောအတိုင်းသူ ဖြစ်နေတာပါ။ ဒါကြောင့် ဗုဒ္ဓက ပရတွေက- ပြင်ပသူစိမ်းကဲ့သို့ သူ့သဘောအတိုင်းသာ သူဖြစ်၍ နေသောကြောင့် အနတ္တာ- အနတ္တမည်၏လို့ ဟောတော်မူခဲ့တာပါ။

http://www.dhammadownload.com



မာသဘော၊ ပျော့သဘော ပထဝီဓာတ်ကြီးမှာ အမြဲတည်တဲ့ နိစ္စသဘောလည်း မရှိဘူး။ ဇာတိမီး၊ ဇရာမီး၊ မရဏမီးတို့မှ အေးငြိမ်းခြင်း သုခသဘောလည်း မရှိဘူး။ ကိုးပေါက်သောဒွါရကနေ နေ့စဉ် အညစ်အကြေးအပုပ်ရည်တွေ ယိုစီးခြင်းမှကင်းတဲ့ သုဘ သဘောလည်း မရှိဘူး။ ဒါ့ကြောင့် တုဋ္ဌတ္တေန၊ နိစ္စ၊ သုခ၊ သုဘဟု ဆိုအပ်သော ကောင်းမြတ်သော တရားတို့မှ အချည်းအနှီးဟူသော အနက်သဘောကြောင့် အနတ္တာ- အနတ္တမည်၏လို့ ဗုဒ္ဓက ဟောတော် မူခဲ့တာပါ။

## ဒုက္ခသစ္စာအနက်လေးချက်နှင့်ကိုက်ညီသော ပထဝီဓာတ်

အနတ္တအနက်(၆)မျိုးကို ပြပြီးတော့ ပထဝီဓာတ်ရဲ့ဒုက္ခသစ္စာ အနက်လေးချက်ကို ပြဦးမယ်။ ဖယောင်း၊ သံ၊ ကြေး၊ ခဲ၊ ဘော်၊ ရွှေတို့ဟာ အပူနဲ့တွေ့တဲ့အခါ ပျော့သွားပြီး အအေးနဲ့တွေ့တဲ့အခါကျတော့ မာပြန် တယ်။ မြေကြီးကျတော့ အအေးနဲ့တွေ့ရင် ပျော့ပြီး အပူနဲ့တွေ့ရင် မာတယ်။ ထို့အတူ မယ်တော်တို့ခန္ဓာမှာရှိတဲ့ ပထဝီဓာတ်ဟာလည်း ပြခဲ့တဲ့ ဗဟိဒ္ဓမှာရှိတဲ့ ပထဝီဓာတ်တို့ကဲ့သို့ အပူအအေးပြုသလို မာရပျော့ရတာ ပါပဲ။ အဲဒီလို အကြောင်းတရားတို့ ပြုသလိုပြင်သလိုသာ ဖြစ်ရပြီး မိမိ သဘောအတိုင်း မဖြစ်နိုင်တာကို သင်္ခတသဘောလို့ ခေါ်တယ်။

မာလိုက်ပျော့လိုက်နဲ့ ဖောက်ပြန်နေတာကို၊ တစ်နည်း ဖြစ်သ ဘောမှ ပျက်သဘောသို့ ပြောင်းလဲသွားတာကို ဝိပရိဏာမသဘောလို့ ခေါ်တယ်။ ဖောက်ပြန်တတ်တဲ့ဘေးရှိနေတဲ့အတွက် အိုမှု၊ နာမှု၊ သေမှု ကို ပူနေရတာကို သန္တာပသဘောလို့ ခေါ်တယ်။ တစ်နည်းအားဖြင့် ဒီရုပ်ကို အကြောင်းပြုပြီး လောဘ၊ ဒေါသစတဲ့ ကိလေသာတွေရဲ့ ပူ လောင်မှုကို သန္တာပသဘောလို့ ခေါ်တယ်။

http://www.dhammadownload.com



ဘယ်လိုပင် ပူလောင်သော်လည်း မရ၊ နောက်ဆုံး ဖောက်ပြန်မှု နှိပ်စက်သဖြင့် အိုကြရ၊ နာကြရ၊ သေကြရပါတယ်။ အဲဒါကိုပဲ ပီဠနသဘောလို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် ဒီရုပ်ကြီး တည်မြဲနေအောင် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးအတွက် ရှာဖွေရတဲ့ ဒုက္ခ၊ စား သောက်ရတဲ့ဒုက္ခ၊ နေ့စဉ် အညစ်အကြေးစွန့်ရတဲ့ဒုက္ခ၊ ဒီရုပ်ကို အကြောင်းပြုပြီး ရောဂါမျိုးစုံဖြစ်ရတဲ့ဒုက္ခတို့နဲ့ နှိပ်စက်တာကိုလည်း ပီဠနသဘောလို့ ဆိုနိုင်ပါတယ်။

ပထဝီဓာတ်ရဲ့ မမြဲတဲ့သဘောကို သိလိုက်တာဟာ ဒုက္ခသစ္စာကို သိလိုက်တာနဲ့ အတူတူပါပဲ။ ဘာကြောင့်လဲဆိုတော့ အဖြစ်အပျက်နဲ့ အမြဲနှိပ်စက်ခံရပြီးဆင်းရဲနေတာကိုပဲ ဒုက္ခသစ္စာ လို့ခေါ်တာမဟုတ်လား။ ရုပ်ကို ဆင်းရဲလို့ သိလိုက်တာနဲ့ ရုပ်ကိုလိုချင်တဲ့ တဏှာကို ပယ်သတ်ပြီး သားဖြစ်သွားတယ်။ အဲဒါ သမုဒယသစ္စာကို ပယ်သတ်တာပဲ။ သမုဒယသစ္စာဖြစ်တဲ့ တဏှာကို ပယ်သတ်ဆိုတဲ့ နေရာမှာ တဏှာဟာ အကောင် အထည်အနေနဲ့ရှိတဲ့ အရှိတရားမှ မဟုတ်ပဲ၊ အာရုံ(၆)ပါးနဲ့တိုက်ဆိုင်တဲ့ အချိန်မှာ ခဏပေါ်လာတဲ့ အဖြစ်တရားပဲ။ ဒါ့ကြောင့် သတ္တဝါတစ် ကောင်ကို လိုက်သတ်သလိုမျိုး သတ်ရမှာမဟုတ်ဘူး။ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို ဆင်းရဲရာ အမှန်(ဒုက္ခသစ္စာ)လို့ သိပေးတာဟာ တဏှာကို ပယ်သတ်နေတာပါပဲ။

ရုပ်ပေါ်မှာတပ်မက်တဲ့ တဏှာကို ပယ်သတ်လိုက်တာနဲ့ သဟဇာတပစ္စည်းအနေနဲ့ တကွဖြစ်ဘက်နာမ်တရားကိုလည်း ပယ်သတ်ပြီးသား ဖြစ်သွားပါတယ်။ ရုပ်နာမ်အပေါ်မှာ တပ်မက်တဲ့ တဏှာငြိမ်းပြီး နောက်ထပ် ရုပ်နာမ်ခန္ဓာသစ် သိမ်းတဲ့အချိန်ဟာ နိရောဓသစ္စာလို့ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အချိန်ပါပဲ။ မိုးကုတ်ဆရာတော်ကြီးစကားနဲ့ဆိုရင် ဖြစ်ပျက်ဆုံးနေတဲ့အချိန်ပေါ့။

http://www.dhammadownload.com



ဒီလို ရုပ်နာမ်ရဲ့မမြဲမှုကို နာကြား ရှုပွားနေတာကိုက မဂ္ဂသစ္စာကို ပွားနေတာပါပဲ။ ဒါဆိုရင် ဒုက္ခသစ္စာတစ်ပါးကို သေချာသိလိုက်တာနဲ့ ကျန်သစ္စာသုံးပါး တစ်ပြိုင်နက် ဝင်သွားပုံကို မယ်တော်တို့သဘောပေါက်လောက်ပါပြီ။ ရုပ်တရား ရူပက္ခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်မြင်ပုံ၊ ဒုက္ခသစ္စာအနက်လေးချက် ထင်ရှားပုံတို့ကို ပြပြီးတဲ့နောက် နာမ်ခန္ဓာလေးပါးထဲက ကြားသိစိတ် ဝိညာဏက္ခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်မြင်ပုံ၊ ဒုက္ခသစ္စာ အနက်လေးချက်ထင်ရှားပုံကို ဆက်ပြပါ့မယ်။

ကြားသိစိတ် ဝိညာဏက္ခန္ဓာဟာ အသံနဲ့နားနဲ့ တိုက်ဆိုင်မိချိန်ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ ညှိသည်စိတ်ကလေးပါ။ နားအကြည်ရုပ်ပေါ်မှာ ကြားသိစိတ်ကလေးဖြစ်ပြီး ပျက်သွားတာကို သိတာဟာ ဝိညာဏက္ခန္ဓာရဲ့ အနိစ္စကိုသိတာပါပဲ။ ကြားသိစိတ်လို့ပဲ ပြောပြော၊ ဝိညာဏက္ခန္ဓာလို့ပဲ ပြောပြော အတူတူလို့မှတ်ပါ။ ဒီမှာ အလျဉ်းသင့်သလို ပြောပါ့မယ်။ အဖြစ်အပျက်နဲ့ အမြဲနှိပ်စက်နေတာကို သိတာဟာ ဒုက္ခကို သိတာပါ။ ကြားသိစိတ်လေး ပျက်တာကို မပျက်အောင်တားမရတာငါ မဟုတ်မှန်းသိသွားတာဟာ အနတ္တကို သိတာပါပဲ။ ကြားသိစိတ်ရဲ့ ဒုက္ခ- သစ္စာအနက် လေးချက်ကို ဆက်ပြပါ့မယ်။

ကြားသိစိတ်သည် ကိုယ်ဖြစ်ချင်သလို ဖြစ်လို့မရတဲ့ နားရယ်၊ အသံရယ်၊ ဟင်းလင်းပြင်ရယ်၊ နားထောင်ဦးမယ်ဆိုတဲ့ နှလုံးသွင်းရယ်၊ ဒီလေးချက်က ထောက်ပံ့ပေးမှသာ ဖြစ်ရတာပါ။ ဒီလေးချက် တစ်ချက်ချို့ယွင်းသွားတာနဲ့ ကြားသိစိတ်ဟာ မဖြစ်နိုင်တော့ပါဘူး။ ဒီလေးချက်ဟာလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးနဲ့ အတူတူပါပဲ။

နားအကြည်ရုပ်ဟာ ကံရယ်၊ အာဟာရရယ်ကြောင့် ဖြစ်ရတာပါ။ အသံဟာ ဥတုကြောင့် ဖြစ်ရတာပါ။ နှလုံးသွင်း မနသိကာရဆိုတာလည်း စိတ်ပါပဲ။ ဒါကြောင့် ကြားသိစိတ်သည် အကြောင်းလေးချက်

http://www.dhammadownload.com



တိုက်ဆိုင်ပေးမှသာ ဖြစ်နိုင်သောကြောင့် သခ်တတ္တအနက်သဘောရှိတယ်။ ကြားသိစိတ်ဟာ အဖြစ်မှအပျက်သို့ အမြဲပြောင်းလဲနေသောကြောင့် ဝိပရိဏာမတ္တ အနက်သဘောရှိတယ်။

ဒီလို ခဏိကမရဏနဲ့ ဖြစ်ပျက်နေတာဟာ သမ္မုတိမရဏနဲ့ အို၊ နာ၊ သေဖို့အတွက်ပါ။ ဒီလို အို၊ နာ၊ သေအတွက် ပူနေရတာဟာ သန္တာပတ္ထ အနက်သဘောပါပဲ။ တစ်နည်းအားဖြင့် ဒီနာမ်တရားကို အကြောင်း ပြုပြီး လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ ပူလောင်နေရတာဟာ သန္တာပတ္ထ အနက်သဘောပါပဲ။ ဘယ်လိုပင် ပူနေသော်လည်း နောက်ဆုံးတော့ အို၊ နာ၊ သေနဲ့ နှိပ်စက်တာပါပဲ။ အဲဒါကို ပီဠနတ္ထ အနက်သဘောလို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့် ဒီနာမ်တရားရဲ့ ခိုင်းစေချက်အတိုင်း ထဆိုထရ၊ ထိုင်ဆို- ထိုင်ရ၊ သွားဆို- သွားရ၊ လျှောင်းဆို- လျှောင်းရ၊ စားဆို- စားရ၊ သောက်ဆို- သောက်ရ၊ ပေါက်ဆို- ပေါက်ရ၊ ယိုဆို- ယိုရ၊ ရိုက်ဆို- ရိုက်ရ၊ ဆဲဆို- ဆဲရ၊ ရှာဆို- ရှာရ၊ စောင့်ရှောက်ဆိုစောင့်ရှောက်ရ၊ သောကဖြစ်ဆို- သောကဖြစ်ရ၊ လောဘဖြစ်ဆိုလောဘဖြစ်ရတာတွေဟာလည်း ပီဠနတ္ထအနက်သဘောလို့ပဲ မှတ်နိုင်ပါတယ်။

## ပညတ်ခန္ဓာနှင့်ပရမတ်ခန္ဓာ (သို့) ဝိပါက်ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ

အာရုံ(၆)ပါးနဲ့တိုက်ဆိုင်တိုင်း သူ့သဘောနဲ့သူဖြစ်ပြီး သူ့သဘော နဲ့သူပျက်သွားတဲ့ ပရမတ်ခန္ဓာငါးပါးခေါ် ဥပါဒါနက္ခန္ဓာငါးပါးကို ငါလို့စွဲ ယူရင် မဲ့သေရပုံ၊ ငါလို့မစွဲရင် ပြုံးသေရပုံ လက်တွေ့သာဓကနှစ်ခုကို ထုတ်ပြပြီးရင် ဒီစာကိုနိဂုံးချုပ်တော့မှာပါ။ ကိုင်လို့ ပြလို့ရတဲ့ လူတိုင်းမြင် နေရတဲ့ ဒီရုပ်ကြမ်းခန္ဓာကြီးကိုတော့ ဝိပါကက္ခန္ဓာအကျိုးခန္ဓာကောင်ကြီးလို့ ခေါ်တယ်။ ပညတ်ခန္ဓာလို့လည်း

http://www.dhammadownload.com



ခေါ်တယ်။ သူ့ကို ဝိပဿနာရှုရမှာ မဟုတ်ဘူး မယ်တော်။ အတိုက်ခာတ်နဲ့ အခံခာတ် တိုက်ဆိုင်တဲ့အချိန်လေးမှာ ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ ပရမတ်ခန္ဓာခေါ် ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှုရမှာ ဆိုတာကိုတော့ မယ်တော်သဘောပေါက်လောက် ပါပြီ။

အခုလည်း အဲဒီပရမတ်ခန္ဓာငါးပါးကို မယ်တော်သဘောပေါက်အောင် လောကီဥပမာတစ်ခုနဲ့ ပြောပြချင်တယ်။ ပညာရှိတဲ့လူတစ် ယောက်နဲ့ ပညာမရှိတဲ့လူတစ်ယောက်တို့ဟာ အတူခရီးသွားရင်း မြို့တစ် မြို့ဝင်ခါနီးမှာ အလွန်ကြီးမားတဲ့ ရေကန်ကြီးတစ်ကန်ကို တွေ့ကြရတယ်။ကန်ထဲမှာလည်း အရောင်အမျိုးမျိုးနဲ့ တောဘဲတွေဟာ စားသောက်ကူးခတ် ပျော်ပါးနေကြတယ်။ အရိပ်အာဝါသလည်း ကောင်း၊ လူသံသူသံ လည်း တိတ်ဆိတ်တော့ သူတို့နှစ်ယောက်ဟာ ရေကန်နားမှာ ဘဲတွေကို စိတ်ဝင်တစားကြည့်ရင်း ခဏနားကြတယ်။

ဒီတောဘဲတွေဟာ အမှန်တော့ ပိုင်ရှင်မရှိပါဘူး။ တောထဲက ခဏလာပြီး ကူးခတ်ပျော်ပါးနေကြတာပါ။ ပညာမရှိတဲ့လူဟာ တောဘဲတွေကို တစ်စုံတစ်ယောက်က စနစ်တကျမွေးထားတဲ့ မြို့ဘဲတွေလို့ပဲ ထင်နေတယ်။ ပညာရှိတဲ့လူကတော့ တောထဲက ခဏလာတဲ့ တောဘဲတွေဆိုတာကို ဆင်ခြင်ကြည့်လိုက်တာနဲ့ သိတယ်။ ဒီအချိန်မှာ မြို့သားလူလည်တစ်ယောက် ရောက်လာပြီး သူ့ဘဲတွေ လျှော့ဈေးနဲ့ဝယ်ဖို့ လိမ်ပြီး ရောင်းတယ်။ ပညာရှိတဲ့လူက မဝယ်ဘူး။ သူ့မိတ်ဆွေကိုလည်း မဝယ် ဖို့တားတယ်။

ပညာမဲ့တဲ့သူကတော့ တစ်ဝက်ဈေးနဲ့ရတာ ပွတာပဲဆိုပြီး အကုန်ဝယ်လိုက်တယ်။ လူလည်ကတော့ ငွေထုတ်ပိုက်ပြီး အသာထွက်သွား တာပေါ့။ ပညာမဲ့သူဟာ ဝမ်းသာရွှင်မြူးစွာနဲ့ ကန်ဘေးမှာ လှည့်ပတ်လျှောက်ရင်း တောဘဲတွေကို လိုက်ကြည့်နေတယ်။

http://www.dhammadownload.com



တစ်ကောင်ကို ဘယ်ဈေးနဲ့ရောင်းရင် ဘယ်လောက်ရမယ်ဆိုပြီး တွက်ရေးနဲ့စက်သူဌေး လုပ် နေတာပေါ့။

ဗိုက်ဝလို့ အချိန်တန်တဲ့အခါကျတော့ တောဘဲတွေဟာ အားလုံးတောထဲ ပြန်သွားကြတာ ရေကန်ထဲမှာ တစ်ကောင်မှမကျန်တော့ဘူး၊ ဒီအခါကျမှ ပညာမဲ့သူဟာ ခြံးပွဲချင့်ကြွေးပြီး ပူဆွေးသောကရောက်ရရှာတယ်။ ပညာရှိတဲ့လူကတော့ တောဘဲတွေဆိုတာ ကိုယ်ပိုင်ဝယ်ထားလို့ မရဘူးဆိုတာကိုသိတော့ မဝယ်ဘူးလေ။ မဝယ်တော့ ဘဲတွေအပေါ် ငါ့ဟာဆိုတဲ့ စွဲလန်းမှုလည်း မရှိတော့ဘူးပေါ့။

ဒါက သိလွယ်အောင်ပြလိုက်တဲ့ ဥပမာပါ။ အခုပြောချင်တဲ့ ဥပမေယျနဲ့ ထပ်ပြပါ့မယ်။ ခရီးသွားနှစ်ယောက်မှာ ပညာရှိတဲ့လူဆိုတာ တရားသိတဲ့ပုဂ္ဂိုလ်ကို ပြောတာပါ။ စူဠသောတာပန် ပုထုဇဉ်ဖြစ်စေ၊ မဟာသောတာပန်ဖြစ်စေ တစ်ယောက်ယောက်ပေါ့။ ပညာမရှိတဲ့လူဆိုတာကတော့ ဝိပဿနာဉာဏ်အမြင်တွေ ကန်းနေတဲ့ အန္ဓပုထုဇဉ်ကို ပြောတာပါ။

## တောဘဲများနှင့်တူသော ခန္ဓာငါးပါး

ရေကန်ထဲက တောဘဲတွေဆိုတာ အာရုံခြောက်ပါးနဲ့တွေ့ဆုံတိုင်း တရစပ်ဖြစ်ပျက်နေတဲ့ ပရမတ်ခန္ဓာငါးပါးကို ပြောတာပါ။ မြို့သား လူလည်ဆိုတာက အခုလူ့ဘဝ ဝိပါက်ခန္ဓာကောင်ကြီးဖြစ်အောင် လုပ် ပေးလိုက်တဲ့ အတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ကံ သုံးပါးကို ပြောတာပါ။ အဝိဇ္ဇာက ခန္ဓာဒုက္ခတွေကို မသိအောင် ဖုံးလွှမ်းပေးတယ်။ တဏှာက ခန္ဓာသစ်ကို လိုချင်တယ်။ ကံက လူ့ဘဝဆုတောင်းပြီး ကုသိုလ်ပြုတယ်။ ဒီတရားသုံးပါးကြောင့် အခုလူ့ဘဝခန္ဓာကြီးကို ရလာတာပါ။ ဘယ်တန်ခိုး ရှင်ကမှ ဖန်ဆင်းတာမဟုတ်ပါဘူး။

http://www.dhammadownload.com



အာရုံခြောက်ပါးနဲ့တွေ့ဆုံတိုင်း ဖြစ်ပျက်သွားတဲ့ ပရမတ်ခန္ဓာငါးပါးကို အန္ဓပုထုဇဉ်က ငါလို့စွဲယူထားပါတယ်။ စူဠသောတာပန်ပုထု-ဇဉ်က ငါမဟုတ်ဘူးလို့ ဉာဏ်နဲ့ သိထားပါတယ်။ ငါဆိုတဲ့ အယူမှားရှိတဲ့သူဟာ နေရတဲ့အချိန်မှာရော၊ သေရတဲ့အချိန်မှာပါ စိတ်ဆင်းရဲရပါတယ်၊ ငါ့အတွက် ငါ့မယားအတွက်၊ ငါအဆင့်အတန်းမြင့်ဖို့၊ ငါ့သားမယား အဆင့်အတန်းမြင့်ဖို့ ဆိုတဲ့ အတ္တလောဘကြီးဦးဆောင်ပြီး တရားတဲ့ နည်းရော၊ မတရားတဲ့နည်းပါသုံးပြီး စီးပွားဥစ္စာကို ရှာဖွေရတာလည်း ဆင်းရဲပါတယ်။

စီးပွားရေးအောင်မြင်တဲ့အခါ လောဘမီး အလောင်ခံရသလို၊ မအောင်မြင်တဲ့အခါ ဒေါသ(သောက)မီး အလောင်ခံရပြန်တယ်။ ဒီဘဝ မှာ သမုတိမရဏနဲ့ သေရပြီဆိုတော့လည်း အယူမှား အစွဲလန်းမှားတွေကြောင့် မဲ့ပြီး သေရပြန်တယ်။ ဒီခန္ဓာငါးပါးဟာ ငါမဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်တုန်း ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ မမြဲတဲ့တရားလို့ သေချာဉာဏ်နဲ့သိထားတဲ့ စူဠသောတာပန်ပုထုဇဉ်ကျတော့ ခန္ဓာရှိနေလို့၊ သမုတိသစ္စာ အရ ရှိနေတဲ့သားမယားကို လင့်ဝတ္တရား အရ ကျွေးမွေးချင် လို့ဆိုတဲ့ သမလောဘစိတ်နဲ့ပဲ ရှာဖွေပါတယ်။

မတရားရတဲ့နည်းနဲ့ မရှာဖွေပါဘူး။ အတ္တဆန်တဲ့ လောဘကြီးကင်းနေတဲ့အတွက် ရှာဖွေချိန်မှာလည်း အေးချမ်းပါတယ်။ စီးပွားရေးအောင်မြင်လာရင်လည်း သူတစ်ပါးကို ထောက်ပံ့နိုင်ဖို့ဆိုတဲ့ စိတ်က အရင်ကတည်းက ရှိပြီးသားဆိုတော့ ဘဝင်မြင့်တဲ့ လောဘမီးလည်း မ လောင်ပါဘူး။ အခန့်မသင့်လို့ စီးပွားပျက်သွားရင်လည်း ကံရှိသလောက်ပေါ့။ ခန္ဓာတောင် မမြဲသေးတာ၊ ဥစ္စာစည်းစိမ်က ပိုမမြဲတာပေါ့လို့ ဖြေတတ်တဲ့အတွက် ဒေါသ(သောက)မီး မလောင်ပါဘူး။

http://www.dhammadownload.com



သေချိန်ကျလို့ သမုတိမရဏနဲ့ သေရပြီဆိုတော့လည်း ပြုံးပြီးသေရပါတယ်။

လောကမှာ အစွဲလန်းအတပ်မက်ဆုံးတရားဟာ ခန္ဓာငါးပါး၊ ဒီခန္ဓာငါးပါးအပေါ် မှာမှ မစွဲလန်းတဲ့သူဟာ ကျန်တဲ့သက်ရှိသက်မဲ့ ဘာကို မှ မစွဲလန်းတော့ပါဘူး။ ဒီခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေနဲ့ ဝိပဿနာရှုခိုင်းရခြင်းရဲ့ ရည်ရွယ်ချက်က သံသရာကို ချဲ့ထွင်တတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားဆိုးတွေ ကုန်ခန်းသွားစေချင်လို့ပဲ ဖြစ်ပါ တယ်။ ခန္ဓာငါးပါးကို ငါလို့ အယူမှားတဲ့ ဒိဋ္ဌိကိလေသာ ကုန်ခန်းသွားပြီး တဏှာနဲ့မာနက အတော်အတန်ပါးသွားပြီးဖြစ်လို့ တရားသိသူဟာ တည်ငြိမ်အေးချမ်းစွာ ပြုံးပြီးသေနိုင်တာပါ။

တရားသိသူဖြစ်ဖြစ်၊ မသိသူဖြစ်ဖြစ် သေပြီဆိုတာနဲ့ သေလောက်အောင်ခံစားရတဲ့ ဝေဒနာချင်းကတော့ အတူတူပါပဲ။ တရားမသိ သူဆိုပြီးတော့ သေရမယ့်ဝေဒနာက ပိုမလာပါဘူး။ တရားသိသူဆိုပြီး တော့လည်း သေရမယ့်ဝေဒနာက လျော့မပေးပါဘူး။ ဒီလို ဝေဒနာတူရဲ့သားနဲ့ ဘာကြောင့် သေတာမတူရတာလဲဆိုတဲ့ အမေးရဲ့အဖြေကို သေချာရှင်းပြချင်ပါတယ်။ သေချာဖတ်ပါ မယ်တော်။ မယ်တော်ရဲ့ မွေးကျေး လူ၊ ကျွေးကျေးလူတွေကို တရားနဲ့ ပြန်ပြီးဆပ်နေတာပါ။

ပထမဆုံး မဲ့သေတဲ့ ဒကာကြီးတစ်ယောက်အကြောင်းကို ပြောပြချင်တယ်။ သူက ရွှေပြည်သာကပါ။ ဒကာကြီးက တရားကို လုံးလုံး ဝါသနာမပါဘူး။ ငါတို့က သူတစ်ပါးအပေါ် မတရားလုပ်နေတာမှ မဟုတ်ဘဲ၊ ဘာတရားမှ မလိုပါဘူးဆိုပြီး ဒီအတိုင်းပဲ နေတယ်။ သူ့အနေနဲ့ လောကီကုသိုလ်လေးရှိရုံနဲ့ လုံလောက်ပြီလို့ ထင်နေတာနေမှာပေါ့။

http://www.dhammadownload.com



ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဒီကုသိုလ်လေးမျိုးအနက် ဒါန၊ သီလ၊ သမထဆိုတဲ့ ကုသိုလ်များကတော့ ဘုရားမပွင့်တဲ့ သာသနာပမှာလည်း ရှိတယ်။ ဘုရားပွင့်တဲ့ သာသနာတွင်းမှာလည်း ရှိတယ်။ ဝိပဿနာလို့ခေါ်တဲ့ သစ္စာတရားကတော့ ဘုရားပွင့်တဲ့ သာသနာတွင်းကာလမှာပဲ ရှိတယ်။ သာသနာပကာလမှာ မရှိဘူး။ ဒါ့ကြောင့် ဘုရားသာသနာ နဲ့ ကြုံကြိုက်နေချိန်မှာ မယ်တော်တို့အနေနဲ့ သစ္စာတရားကိုရဖို့ နံပါတ် တစ်နေရာက ထားပါ။ ဒါန၊ သီလ၊ သမထ ကုသိုလ်တရားတွေရဖို့ကတော့ နံပါတ်နှစ်နေရာက ထားရမှာပေါ့။

ခုတော့ ရွှေပြည်သာက ဒကာကြီးဟာ နံပါတ်ရှေ့နောက်လွဲနေတာပါ။ သူ့အသက်(၅၈)နှစ်အရွယ်မှာပဲ သေမယ့်ရောဂါတစ်ခု ကျရောက် လာတယ်။ သေခါနီးမှာ ဦးပဉ္ဇင်းကို လာပင့်ကြတယ်။ တရားဟောပေး ရအောင်ပါပဲ။ ဉာဏ်တို့၊ သတိတို့၊ သမာဓိတို့ အားကောင်းမှသာ သိနိုင်တဲ့ ဝိပဿနာတရားကို ဉာဏ်အား သတိအား သမာဓိအား မကောင်းတော့တဲ့ သေခါနီးအချိန်ကျမှ နာကြားလို့က တော့ နားလည် သဘောပေါက်ဖို့ မလွယ်လှပါဘူး။

ဒီကြားထဲ မသိတတ်တဲ့ဒကာကြီးရဲ့ သမီးတစ်ယောက်က လည်း အနားလာပြီးလူးလိမ့် ငိုကြွေးနေတော့ တရားဟောဖို့မပြောနဲ့ သီလတောင် ဖြောင့်အောင်မပေးနိုင်ပါဘူး။ သေခါနီးချိန်မှာမှထွက်လာ တဲ့ တခြားသောသူများရဲ့ ငိုကြွေးသံဟာ အပါယ်လေးပါးပို့ပေးရုံမှ တစ်ပါး တခြားဘာမှ အကျိုးမရှိပါဘူး။ ဒီအချက်ကို သားသမီးတိုင်း အထူးဂရုပြု သင့်ပါတယ်။ တရားဟောမရတဲ့အတူတူ နောက်ဆုံး အချိန်မှာ ခံစားရတဲ့ လူသားတစ်ယောက်ရဲ့ ဝေဒနာကို တရားသဘောနဲ့ ဆင်ခြင်ပြီး သေချာ ကြည့်နေမိတယ်။

"မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ- သေခြင်းထက်ပိုလွန်

http://www.dhammadownload.com



သော ဆင်းရဲမည်သည် မရှိ"ဆိုတဲ့ ဒေသနာအတိုင်း ဆင်းရဲဒုက္ခထဲမှာ သေရတဲ့ဆင်းရဲဒုက္ခဟာ အပြင်းထန်ဆုံးပါ။ တစ်ခြားရောဂါဝေဒနာတွေက ဘယ်လောက်ပြင်းထန်တယ်ပြောပြော မသေပါဘူး။ အခု မရဏာဆိုတဲ့ဝေဒနာကတော့ သေတောင်သွားရတာဆိုတော့ အပြင်းထန်ဆုံးနဲ့ အဆင်းရဲဆုံးဆိုတာ အသေအချာပဲပေါ့။ ရုပ်တွေက သေလောက်အောင် ကို ဖောက်ပြန်လာပြီဆိုတော့ ဒုက္ခဝေဒနာတွေဟာ တအားပြင်းထန်တယ်။ အော်ဟစ်ငြီးငြူဖို့လည်း အားက မရှိဘူး။ ဒီတော့ အော်ဟစ်မယ့်အစား မျက်ရည်ပဲ ကျလာနိုင်တယ်။

## သေခါနီးမှာကျတတ်သော မျက်ရည်နှစ်မျိုး

သေခါနီးမှာ မျက်ရည်ဟာ နှစ်မျိုးကျတယ်။ အခု ပထမကျတဲ့ မျက်ရည်က သေရမယ့် ဝေဒနာကို မခံစားနိုင်လွန်းလို့ အော်ဟစ်ငြီးငြူမယ့်အစား ကျလာတဲ့ မျက်ရည်တွေပါ။ အသံနဲ့ အော်မငိုနိုင်လို့ မျက်ရည်နဲ့ အော်ငိုတဲ့သဘောပါ။ ဒီဝေဒနာကို ခံစားရပြီဆိုတာနဲ့ သေရတော့မယ်။ ဒီခန္ဓာကို စွန့်ရတော့မယ်ဆိုတာကို သေချာသိသွားတယ်။ အတ္တ သမံ ပေမံ နတ္ထိ- မိမိကိုယ်နှင့်တူသော ချစ်ခြင်း မည်သည် မရှိဆိုတဲ့ ဒေသနာအတိုင်း ဘယ်သူ့ကို ဘယ်လောက်ချစ်ပါတယ် ပြောပြော မိမိကိုယ်လောက်တော့ ဘယ်သူမှ မချစ်ကြပါဘူး။

မိမိအစွဲလန်းအချစ်ခင်ဆုံး ခန္ဓာကြီးကို ထားခဲ့ရတော့မယ်လို့ သေချာသိလိုက်တာနဲ့ ပူလောင်ပြင်းပြတဲ့ ဒေါမနဿဝေဒနာကို မချိမဆန့် ခံစားရပြန်တယ်။ ဒီအတွက်လည်း မျက်ရည်ကျရပြန်တယ်။ ဒါက ဒုတိယမြောက်ကျတဲ့မျက်ရည်ပေါ့။ ရုပ်ဖောက်ပြန်မှုကြောင့် ခန္ဓာကိုယ်မှာ ခံစားရတဲ့ဝေဒနာက ဒုက္ခဝေဒနာပေါ့။ ဒီဒုက္ခဝေဒနာကြောင့်လည်း မျက်ရည်ကျရတယ်။ ဒီခန္ဓာကိုယ်ကြီး ထားပစ်ခဲ့ရမှာကို တွေးပူတဲ့ ဒေါမနဿ ဝေဒနာက စိတ်မှာဖြစ်တယ်။ ဒီ ဒေါမနဿ

http://www.dhammadownload.com



ဝေဒနာကြောင့်လည်း မျက်ရည်ကျရတယ်။

အတော်ကြာတော့ ချွဲတွေက လေပြွန်ချောင်းမှာ ပိတ်လာတဲ့ အတွက် အသက်ရှူသံ ထွက်မလာတော့ဘဲ ချွဲသံတွေသာထွက်လာတယ်၊ တစ်ကိုယ်လုံးလည်း အငြိမ်မနေတော့ဘဲ လှုပ်ရှားရုန်းကန်လာတယ်။ ပြင်း ထန်တဲ့ဝေဒနာရဲ့ အရိပ်အယောင်တွေက မျက်နှာကို လာဟပ် တော့ မဲ့ရွဲ့နေတာပေါ့။ ခဏကြာတော့ ငြိမ်သတ်သွားတယ်။ ငြိမ်သက် သွားတယ်ဆိုတာ ဝေဒနာ သက်သာတာကို ပြောတာ မဟုတ်ပါဘူး။ ရုပ်နာမ်ချုပ်ပြီး သမုတိ မရဏနဲ့ သေသွားတာကို ပြောတာပါ။

ဒီဒကာကြီး သေတာနဲ့ပက်သက်ပြီး သံဝေဂဉာဏ်သုံးမျိုး ရမိ တယ်။ ပထမသံဝေဂဉာဏ်က ပုထုဇဉ်တွေဟာ ဒီလိုမချိမဆန့် ဒုက္ခဝေဒ နာကို ခံစားပြီး သေရမယ်ဆိုတာ သေချာမသိကြလို့သာ ဒီလူ့ဘဝခန္ဓာ ကြီးကို လိုချင်နေကြတာ။ သေချာသိသွားရင် လိုချင်စရာမကောင်း ပါလား လို့ တွေးမိတာပါပဲ။

ဒုတိယ သံဝေဂဉာဏ်က လူ့ဘဝနဲ့တကွ (၃၁)ဘုံ ဘဝတွေ အားလုံးဟာ နေရတဲ့အချိန်မှာလည်း ဒုက္ခပဲရှိတယ်။ သေရတဲ့အချိန်မှာ လည်း ဒုက္ခပဲရှိတယ်ဆိုတဲ့ အတွေးလေးပါ။ အခု ကိုယ်ရောက်နေတဲ့ လူ့ဘဝဒုက္ခကိုပဲ မယ်တော်တို့ကို နည်းနည်းပြောပြချင်ပါတယ်။ ပိုထင်ရှားအောင် ဥပမာလေးတစ်ခုက စပြောမယ်။ လူတစ်ယောက် ဟာ တောထဲ မှာ မျက်စိလည်လမ်းမှားနေတုန်း ကျားကြီးတစ်ကောင်က လိုက်ကိုက်တဲ့ အတွက် အသက်စွန့်ပြီး ထွက်ပြေးတယ်။

ချောက်ကမ်းပါးတစ်ခု ရောက်တဲ့အခါမှာတော့ ဆက်ပြေးစရာ မြေမရှိတော့ဘူး။ ချောက်ကမ်းပါးအောက်မှာတော့ ချောင်းရေတွေရှိနေ တယ်။ ဒီအချိန်မှာပဲ ကျားကြီးက အနားရောက်လာတော့ ချောင်းထဲမှာ အန္တရာယ်ရှိ/မရှိဆိုတာတောင် သေချာမကြည့်နိုင်တော့ဘဲ ကြောက်

http://www.dhammadownload.com



လန့်တကြား ချောက်ထဲကို ဖင်ထိုင်ရက်လျှောချလိုက်တယ်။ လျှောချရင်းက ချောက်ကမ်းပါးတစ်ဝက်လောက်ရောက်မှ ချောင်းထဲမှာ မိချောင်းကြီး တစ်ကောင်ပါးစပ်ကြီးဖြဲပြီး သူ့ကိုမျိုချဖို့ အသင့်စောင့်နေတာကို တွေ့ လိုက်ရတယ်။

ဒီတော့မှ လူသားဟာ ကြောက်လန့်တကြား ချောက်ကမ်းပါးနံရံက ခြုံပုတ်တစ်ခုကို လှမ်းဆွဲလိုက်တယ်။ ဒီတော့ ခြုံပုတ်ကိုဆွဲရင်း ချောက် ကမ်းပါးအလယ်ခေါင်မှာ တန်းလန်းကြီး ဖြစ်နေတာပေါ့။ အထက်ကို မရမက ပြန်တက်ရင်လည်း ချောက် ကမ်းပါးထိပ်က ထိုင်စောင့်နေတဲ့ ကျားကြီးက ကိုက်သတ်စားမယ်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ချောက်ထဲလျှော ဆင်းလိုက်ရင်လဲ မိချောင်းကြီး ပါးစပ်ထဲ တစ်ခါတည်း ရောက်သွားမယ်။

ဒီတော့ လူသားဟာ ဆွဲမိထားတဲ့ ခြုံပုတ်လေးကို မလွှတ်ရဲပဲ အားကိုးတကြီး ပိုမြဲအောင် ဆုပ်ကိုင်ထားတယ်။ လူသားရဲ့အလေးချိန်က များတော့ ခြုံပုတ်ရဲ့အမြစ်ဟာ ဒဏ်မခံနိုင်ပဲ တဖြည်းဖြည်းချင်း မြေကြီး ထဲကနေပြုတ်ထွက်နေတယ်။ အမြစ်သေး အမြစ်မွှာလေးတွေဟာ တ ဖြည်းဖြည်းချင်းနဲ့ အကုန်ပြုတ်ထွက်သွားပြီး ရေသောက်မြစ်ကြီး တစ်ခုပဲ ကျန်တော့တယ်။ ခြုံပုတ်ဘေးနားကပ်လျက်မှာ ကြွက်တွင်းနှစ်တွင်းရှိတယ်။ တစ်တွင်းမှာ ကြွက်နက်တစ်ကောင်ရှိပြီး နောက်တစ်တွင်းမှာ ကြွက်ဖြူတစ်ကောင်ရှိတယ်။

ဒီခြုံပုတ်ရဲ့အမြစ်ဟာ ကြွက်တွေကြိုက်တဲ့ ရသဓာတ်တစ်ခုရှိနေ တော့ ကြွက်နှစ်ကောင်ဟာ အမြစ်ကို တစ်ဖက်တစ်ချက်စီ ကိုက်စားနေကြတယ်။ ကြာရင် အမြစ်ရဲ့အသားတွေဟာကုန်ပြီး ပြတ်ကျမှာ သေချာနေတာပေါ့။ ဒီအချိန်မှာ ခြုံပုတ်မှာစွဲထားတဲ့ ပျားအုံက ပျားရည်စက်အချို့ဟာ ခြုံပုတ်မှာပါတဲ့ သစ်ရွက်တွေက

http://www.dhammadownload.com



တစ်ဆင့် အောက်ကို တစ်စက်ခြင်း စီးကျနေပါတယ်။ ဒီအချိန်မှာ လူသားရဲ့ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်း ရဲခြင်းဒုက္ခတွေကို ကြည့်လိုက်စမ်းပါ။

အပေါ်ပြန်တက်ရင် ကျားစားခံရမယ့်ဒုက္ခ၊ အောက်ဆင်းရင် မိချောင်းစားခံရမယ့်ဒုက္ခ၊ အောက်ကျမသွားဖို့ လက်အံသေအောင် မလွှတ်တမ်းဆွဲထားရတဲ့ဒုက္ခ၊ အမြစ်ကို ကြွက်နှစ်ကောင်က ကိုက်စားနေတဲ့အတွက် တစ်ခဏအတွင်း အမြစ်ပြတ်ကျပြီး ဧကန်မုချသေရမယ့် ဒုက္ခ၊ သေချာတွေးကြည့်ရင် ဒုက္ခတွေချည်းပါပဲ။ ဒီလောက်ဒုက္ခတွေကြား ထဲက လူသားဟာ ဒုက္ခကလွတ်မြောက်ဖို့တော့ မကြိုးစားဘဲ ဘာလုပ်နေ သလဲဆိုတော့ သစ်ရွက်ပေါ်မှာ စီးကျနေတဲ့ ပျားရည်ကို အငမ်းမရ လျက်နေလေရဲ့။

## ကျားနဲ့မိချောင်းအလယ်က လူ့ဘဝ

မယ်တော်တို့ရဲ့ ရထားတဲ့ လူ့ဘဝဟာလည်း ချောက်ကမ်းပါး အလယ်က ခြုံပုတ်ကို မလွှတ်တမ်းဆွဲထားရတဲ့ လူသားနဲ့ အတူတူပါပဲ။ ချောက်ကမ်းပါးပေါ်က ကျားကြီးဆိုတာ စားရေးအတွက် ရှာဖွေရ တဲ့ဒုက္ခ၊ ဝတ်ရေးအတွက် ရှာဖွေရတဲ့ဒုက္ခ၊ နေရေးအတွက် ရှာဖွေရ တဲ့ဒုက္ခ၊ သားရေး သမီးရေးအတွက် စီမံခန့်ခွဲရတဲ့ဒုက္ခ၊ ဆွေးရေးမျိုးရေး ရပ်ရေးရွာရေး အတွက် ပူပန်ရတဲ့ဒုက္ခ၊ မီးရေးထင်းရေး ကစပြီး ရန်သူမျိုးငါးပါးအတွက် စိုးရိမ်နေရတဲ့ဒုက္ခတွေကို ပြောတာပါ။

ချောင်းထဲက စောင့်နေတဲ့ မိချောင်းကြီးဆိုတာကျတော့ အခု ရွှေပြည်သာက ဒကာကြီးလို မချိမဆန့် ဝေဒနာကိုခံစားပြီး သေရ မယ့်ဒုက္ခကို ပြောတာပါ။ ခြုံပုတ်က တစ်ချောင်းတည်းကျန်နေတဲ့ ရေသောက်မြစ်ဆိုတာက လူ့ဘဝမှာ တစ်ခဏတာနေရတဲ့ အချိန်ကို ပြောတာပါ။ ကြွက်ဖြူ နဲ့ကြွက်နက်ဆိုတာ နေ့နဲ့ညကို ပြောတာပါ။

http://www.dhammadownload.com



နေ့နဲ့ညဆိုတဲ့ ကြွက်ဖြူနဲ့ ကြွက်နက်က စားပစ်လို့ အချိန်တွေဟာ တဖြည်းဖြည်းကုန်လာပြီး သေဖို့ ရာ နီးလာရတာမဟုတ်လား။

သစ်ရွက်ပေါ်က ပျားရည်စက်ဆိုတာက အာရုံ(၅)ပါးကို ပြောတာပါ။ လူသားတွေဟာ ဒီလောက်များတဲ့ ဒုက္ခတွေကိုတော့ မြင်အောင်မကြည့်နိုင်ဘဲ တစ်ခဏတာခံစားရတဲ့ အာရုံချောက်ပါးရဲ့ အရသာလေးကို ခံစားပြီး တရားရှာဖို့ မေ့လျော့နေကြတာဟာ ချောက်ကမ်းပါးအလယ်က ခြုံပုတ်ကို ဆွဲထားတဲ့လူသားနဲ့တူတယ်လို့ပဲ ပြောလိုက်ချင်ပါတယ်။ ဒါက ရွှေပြည်သာက မဲ့သေသွားတဲ့ဒကာကြီးကိုကြည့်ပြီး ဒုတိယမြောက်ရရှိတဲ့ ခမ္ဘာသံဝေဂပါ။

တတိယမြောက်ရရှိတဲ့ သံဝေဂဉာဏ်က-

“ရန်သူဝိုင်းထား
ထိုယောက်ျားကား
ပြေးသွားဖို့ရာ
လမ်းပေါက်သာလျက်
ပြေးမထွက်
လမ်းတွက်မဟုတ်ချေ”

မယ်တော်တို့ ဦးပဥ္စင်းတို့ရဲ့ ကျင်လည်ခဲ့ရတဲ့ ဘဝတွေဟာ မရေနိုင်မတွက်နိုင်အောင် များပြားလွန်းလှပါတယ်မယ်တော်။ ဗုဒ္ဓကတော့ အနမတဂ္ဂသဒ္ဒါ နဲ့ဟောခဲ့တယ်။ သတ္တဝါတစ်ယောက်ဟာ ဘယ်ဘဝက စခဲ့တယ်ဆိုတာကို မသိနိုင်လောက်အောင် ဘဝတွေက များပြားလွန်းလှတယ်တဲ့။ များပြားစွာကျင်လည်ခဲ့ရတဲ့ဘဝတွေမှာ ကောင်းတဲ့ဘဝနဲ့ မကောင်းတဲ့ဘဝ၊ ဘယ်ဘဝက များခဲ့သလဲလို့ မေးခွန်းထုတ်ခဲ့ရင် မကောင်းတဲ့ဘဝက များတယ်လို့ပဲ ဖြေရမှာပါ။

ဘယ်လိုလုပ်သိသလဲဆိုရင် ကိုယ့်စိတ်ကိုယ်စစ်ကြည့်လို့ သိရ

http://www.dhammadownload.com



တာပါ။ ကုသိုလ်ရမယ့် အလုပ်၊ မင်္ဂလာဖိုလ်ရမယ့် အလုပ်ဆိုရင် စိတ်က မပါဘူး။ ဝိပဿနာတရားလေး မှန်မှန်ကန်ကန် ရှုပွားတတ်ဖို့တောင် တရားကို တော်တော်များများ နာယူရတယ်။ ဆရာကောင်းကို ဆည်းကပ်ပြီး အတော်ကြာကြာ မေးမြန်းဆွေးနွေးရတယ်။ ဝိပဿနာစာအုပ်ပေါင်းများစွာကို နှစ်များစွာအချိန်ယူပြီး ဖတ်ရတယ်။ ကဲ- ကြည့်စမ်းပါ၊ ကုသိုလ်အလုပ်ကျတော့ စိတ်ကမပါတဲ့အပြင် နားလည်တတ်ကျွမ်းအောင်လည်း မနည်းနာယူလေ့ကျင့်ရတယ်။

ဒါ ဘာကြောင့်လဲဆိုရင် ကျင်လည်ခဲ့ရတဲ့ ဘဝအဆက်ဆက် တုန်းက ကောင်းတဲ့ သူတော်စင်ဘဝဆိုတာ မရှိသလောက်နည်းခဲ့လို့ဆိုတာ ထင်ရှားနေတာပေါ့။ ဒီစိတ်ဟာ ကောင်းတဲ့အလုပ်သာ စိတ်မပါတာ၊ မကောင်းတဲ့အလုပ်ကျတော့ ပါမှပါပဲ။ ပြီးတော့ တတ်ကျွမ်းနားလည်အောင်လည်း သေချာသင်ကြားစရာ မလိုပါဘူး။ အပျော်အပါးလိုက်စားသူတွေ၊ လောင်းကစားသမားတွေ၊ အရက်သမားတွေဟာ အလိုလိုစိတ်ပါပြီး အလိုလို တတ်ကျွမ်းသွားကြတဲ့သူတွေချည်းပါ။

## အဘိဓမ္မာသင်တန်းသာရှိပြီး အရက်သောက်နည်းသင်တန်း မရှိခြင်းအကြောင်း

အဘိဓမ္မာသင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်း၊ ဝိပဿနာသင်တန်း လို့သာ ရှိတာပါ။ အရက်သောက်သင်တန်း၊ လောင်းကစားသင်တန်း၊ အပျော်အပါးလိုက်စားနည်းသင်တန်းလို့ ဘယ်မှာမှမရှိခဲ့ဘူး မဟုတ်လား။ ဒုစရိုက်အလုပ်တွေ၊ အပါယ်ကျမယ့်အလုပ်တွေကျတော့ စိတ်က အလိုလို ပါပြီး အလိုလို တတ်ကျွမ်းနေတာကို ထောက်သောအားဖြင့် ပုထုဇဉ်တွေဟာ ကျင်လည်ခဲ့ရတဲ့ ဘဝအဆက်ဆက် ကာလတုန်းက မကောင်းတဲ့ ဘဝတွေသာ များခဲ့တယ်ဆိုတာ သေချာပါတယ်။

http://www.dhammadownload.com



အဲဒီလို ဘဝများစွာက ပြုခဲ့တဲ့အကုသိုလ်ကံတွေဟာ အခုဘဝမှာ သေရင် အပါယ်ဆွဲချရအောင် လာစောင့်နေတဲ့ ရန်သူတွေပါပဲ။ ယောက်ျားတစ်ယောက်ဟာ အိမ်တစ်လုံးအတွင်းမှာနေရင်း သူ့ကိုသတ်ဖြတ်မယ့် ရန်သူတွေရဲ့ ဝိုင်းထားခြင်းကို ခံလိုက်ရတယ်။ ရန်သူတွေမသိအောင် ဖောက်ထားတဲ့ လမ်းကြောင်းတစ်ခုလည်း ရှိတယ်။ ဒီလမ်းက ထွက်ပြေးရင် ရန်သူတွေရဲ့လက်က ဧကန်မုချလွတ်မယ်။

သူဟာ ထွက်မပြေးဘဲ ရန်သူတွေရဲ့ အသတ်ခံလိုက်ရတယ်ဆိုရင် လမ်းရဲ့အပြစ်မဟုတ်ပါဘူး။ ထွက်မပြေးတဲ့ ယောက်ျားရဲ့အပြစ်ပါ။ ဒီဥပမာအတိုင်းပဲ ပုထုဇဉ်တွေမှာလည်း အတိတ်ဘဝများစွာကပြုခဲ့တဲ့ အကုသိုလ် ရန်သူတွေဟာ အပါယ်ဆွဲချရအောင် အသင့်စောင့်နေကြတယ်။ အပါယ်ဆွဲချမယ့် အကုသိုလ်ရန်သူတွေက လွတ်မယ့်လမ်းကတော့ ဝိပဿနာမဂ္ဂင်လမ်းပဲ ဖြစ်ပါတယ်။

ဝိပဿနာမဂ္ဂင်လမ်းကြီး ရှိပါလျက် ထွက်မပြေးခဲ့ဘူးဆိုရင် ဝိပဿနာမဂ္ဂင်လမ်းရဲ့အပြစ် မဟုတ်ပါဘူး။ ထွက်မပြေးတဲ့သူရဲ့အပြစ်ပါ။ ရွှေပြည်သာက ဒကာကြီးဟာ ဝိပဿနာမဂ္ဂင်လမ်းကြီးရှိပါလျက် ထွက်မပြေးဘဲ အကုသိုလ် ကိလေသာရန်သူတွေရဲ့ သတ်ဖြတ်မှုကို ခံလိုက်ရတာပါ။

"ဟစ်အော်ငိုကြီး၊ ရောဂါသည်းလျက်
လူလည်းဗျာဓိ၊ နာမချိသော်
တတ်သိမြင်မျှော်၊ သမားတော်၌
ဆေးကျော်ရှိလျက်၊ မစားခက်
ဆေးတွက်မဟုတ်ပေ"

လူနာတစ်ယောက်ဟာ ရောဂါဒဏ်ကို မချိမဆန့်ခံစားရလို့ လူး လိမ့်အော်ဟစ်ပြီး ငိုညည်းနေတယ်။ သူ့နားမှာလည်း တစ်ခါ

http://www.dhammadownload.com



သောက်လိုက်ရုံနဲ့ ရောဂါကို အမြစ်ပြတ်ပျောက်သွားစေမယ့် ဆေးကောင်းတစ်လက်ကလည်း အသင့်ရှိနေတယ်။ ဒါတောင်မှ အသင့်ရှိနေတဲ့ ဆေးကို မစားဘဲ ငိုညည်းမြဲ ငိုညည်းနေမယ်ဆိုရင် ဆေးရဲ့အပြစ် မဟုတ်ပါဘူး။ မစားတဲ့သူရဲ့ အပြစ်ပါ။

ဒီဥပမာအတိုင်းပဲ၊ ပုထုဇဉ်တွေမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အကျဉ်းဆယ်ပါး၊ အကျယ် ထောင့်ငါးရာသော ကိလေသာရောဂါတွေဟာ အပြည့်ရှိနေပါတယ်။ ဒီခန္ဓာငါးပါးကို ငါလို့ အယူမှားတဲ့ ဒိဋ္ဌိကိလေသာရောဂါကြောင့် အပါယ်လေးဘုံရောက်ပြီး ငရဲဆိုရင် နှိပ်စက်ညှဉ်းဆဲခံရတဲ့ ဆင်းရဲဒုက္ခ၊ ကျန် သုံးဘုံဆိုရင် ဝတ်ပြတ် ဆာလောင်မွတ်သိပ်တဲ့ ဆင်းရဲဒုက္ခတွေကို ခံရတာပါ။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဆိုတဲ့ အာရုံခြောက်ပါးအပေါ်မှာ စွဲလန်းတပ်မက်တဲ့ ကာမတဏှာ ကိလေသာရောဂါကြောင့် လူ့ဘုံ၊ နတ်ဘုံရောက်ပြီး အို၊ နာ၊ သေဆင်းရဲကို ခံရတာပါ။ သုဒ္ဓါဝါသဗြဟ္မာဘုံမှာ ဖြစ်ချင်သေးတဲ့ ဘဝတဏှာ ကိလေသာ ရောဂါကြောင့် ဗြဟ္မာဘုံရောက်ပြီး အို၊ နာ၊ သေ ဆင်းရဲကို ခံရတာပါ။

ဒီကိလေသာရောဂါတွေကို ပျောက်ကင်းစေမယ့် ဝိပဿနာဆေး မင်္ဂဆေးတွေ အသင့်ရှိနေပါလျက်နဲ့ မသောက်ဘူးဆိုရင် ဝိပဿနာ ဆေးရဲ့ အပြစ်မဟုတ်ပါဘူး။ မသောက်တဲ့လူရဲ့ အပြစ်ပါ။ ရွှေပြည်သာက ဒကာကြီးဟာ ဝိပဿနာဆေး မင်္ဂဆေးတွေ မသောက်တဲ့အတွက် ကိလေသာရောဂါတွေရဲ့ဒုက္ခကို ငိုယိုညည်းတွားခံစားရင်း သေဆုံးခဲ့ရတာပါ။

"မစင်လူးလျှင်
အေးကြည်လင်သည့်

http://www.dhammadownload.com



ရေစင်ရှိလျက်
မဆေးခက်
ကန်တွက်မဟုတ်ပေ"

မစင်အညစ်အကြေးတွေ ခြေထောက်မှာလူးသွားတဲ့သူဟာ အသင့်ဆေးကြောစရာ ရေကန်ကြီးရှိပါလျက် မဆေးကြောဘူးဆိုရင် ရေကန်ရဲ့ အပြစ်မဟုတ်ပါဘူး။ မဆေးကြောတဲ့သူရဲ့ အပြစ်ပါ။ ထို့အတူ ကိလေသာအညစ်အကြေးတွေ ဆေးကြောဖို့ မဂ်ရေစင်တွေရှိပါလျက် မဆေးကြောဘူးဆိုရင် မဂ်ရေစင်ရဲ့ အပြစ်မဟုတ်ပါဘူး။ မဆေးကြောသူရဲ့အပြစ်ပါ။ ရွှေပြည်သာက ဒကာကြီးဟာ ကိလေသာအညစ်အကြေးတွေကို မဂ်ရေစင်နဲ့မဆေးကြောဘဲ သေခဲ့ရတာပါ။

## ရွှေတောင်ပေါ်က ရွှေရောင်ငှက်များ

လူသူမရောက်တဲ့ ဟိမဝန္တာတောထဲမှာ ရွှေတောင်ကြီးတစ်တောင် ရှိတယ်။ ဒီရွှေတောင်ပေါ်မှာ လာနားကြတဲ့ ငှက်မှန်သမျှဟာ ရွှေတောင်ကအရောင်တွေဟပ်ပြီး ရွှေရောင်ငှက်တွေချည်း ဖြစ်ကုန်ကြတယ်။ ရွှေတောင်ရဲ့အရောင်ကို သူတို့ကိုယ်ပိုင် အရောင်ထင်ပြီး ရောက်လာသမျှငှက်တွေဟာ ဘဝင်မြင့်ကြတယ်။ ဒါပေမယ့် ရွှေတောင်ကနေ တစ်ခြားနေရာကို ပြန်သွားကြတာနဲ့ ရွှေရောင်တွေ ပျောက်သွားပြီး ကျီးကလည်း ကျီးရဲ့အရောင် ဗျိုင်းကလည်း ဗျိုင်းရဲ့အရောင် ဋင်းတကလည်း ဋင်းတရဲ့အရောင် ပြန်ဖြစ်သွားတယ်။

ဒီဥပမာအတိုင်းပါပဲ။ ဗုဒ္ဓဘာသာဝင်မှန်သမျှဟာ မသေခင်မှာတော့ သူကြည့်လည်း ဗုဒ္ဓဘာသာ၊ ငါကြည့်လည်း ဗုဒ္ဓဘာသာဆိုတော့ ဗုဒ္ဓဘာသာ အရောင်တွေတောက်ပြီး ငါဟာ အကောင်းဆုံး၊ အမြတ်ဆုံး ဘာသာဝင် ဖြစ်ရတယ်ဆိုတဲ့ အယူအဆနဲ့ ဘဝင်မြင့်ကြတာပေါ့။ အားကိုးစရာတရားမရှိဘဲ သေကြတော့ အပါယ်လားကြရတယ်။ ဒီအခါကျ

တော့မှ ဗုဒ္ဓဘာသာဆိုတဲ့ ရွှေတောင်က ရွှေရောင်တွေပျောက်ပြီး မိမိရဲ့ မူရင်းအရောင်ဖြစ်တဲ့ တိရစ္ဆာန်ရောင်၊ ငရဲရောင်၊ ပြိတ္တာရောင်တွေ ပြန်ဖြစ်ကုန်တာပေါ့။

ရေကန်ကြီးတစ်ကန်မှာ လှပမွှေးကြိုင်တဲ့ ကြာပွင့်ကြီးတစ်ပွင့် ပွင့်နေတယ်။ ကြာပင်ရဲ့ ခြေရင်းမှာ ဖားကြီးတစ်ကောင်နေတယ်။ ဟို အဝေးမှာနေတဲ့ ပျားကောင်တစ်ကောင်က ကြာပန်းမှာရှိတဲ့ ဝတ်ရည်ရဲ့ ချိုမြိန်တဲ့အရသာတွေကို တစ်ဝကြီးလာပြီး စုပ်ယူတယ်။ ပြီးတော့ သူ့လို ရာကို ပြန်သွားတယ်။ ကန်ထဲက ဖားကြီးကတော့ ဝတ်ရည်ရဲ့ ချိုမြိန်တဲ့ အရသာကို မခံစားတတ်တော့ ဒီအတိုင်းပဲနေပြီး ဒီအတိုင်းပဲ သေသွား တယ်။

ဒီဥပမာအတိုင်းပါပဲ။ ပျားနဲ့တူတဲ့ နိုင်ငံခြားက ဗုဒ္ဓဘာသာဝင် တွေကတော့ မြန်မာပြည်ကို အရောက်လာပြီး ဝိပဿနာပန်းဝတ်ရည်ရဲ့ ချိုမြိန်တဲ့ အရသာတွေကို တစ်ဝကြီးသောက်သုံးကြတယ်။ ဖားနဲ့တူတဲ့ မြန်မာဗုဒ္ဓဘာသာ အများစုကတော့ ဝိပဿနာရဲ့အရသာကို မခံစားရ ဘဲ ဒါန၊ သီလ၊ သမထလောက်နဲ့ သေသွားရတာဟာ အင်မတန်မှ နှစ်နာလှ ပါတယ်။ အခု ရွှေပြည်သာက ဒကာကြီးဟာ ဖားအဖြစ်နဲ့ သေခဲ့တာပါပဲ။

မဲ့သေသွားတဲ့ ဒကာကြီးကိုကြည့်ပြီး ပေါ်လာတဲ့သံဝေဂတွေကို ပြောပြပြီးတဲ့နောက် ပြုံးသေသွားတဲ့ ဒါယိကာမကြီးတစ်ယောက်အ ကြောင်းကိုလည်း ပြောပြပါမယ်။ ဒီ ဒါယိကာမကြီးကတော့ တောင် ဥက္ကလာ မှာနေပါတယ်။ သူဟာ သိတတ်တဲ့အရွယ်ကစပြီး ဘုံဆိုင်ဥစ္စာ၊ ကိုယ် ပိုင်ဥစ္စာနှစ်မျိုးလုံးကို မျှတစွာရှာဖွေခဲ့တယ်။ ဘုံဆိုင်ဥစ္စာဆိုတာက ထာဝ- ရဥစ္စာ၊ ဇင်္ဂမဥစ္စာ၊ အင်္ဂသမဥစ္စာတို့ပါပဲ။ ကိုယ်ပိုင်ဥစ္စာဆိုတာ ကတော့ အနုဂါမိကဥစ္စာပေါ့။ ထာဝရဥစ္စာဆိုတာ မရွေ့ပြောင်းနိုင်တဲ့

http://www.dhammadownload.com



တိုက်တာ ခြံမြေ လယ်ယာဥယျာဉ်တို့ကို ပြောတာပါ။

ဇင်္ဂမဥစ္စာဆိုတာက ရွှေ့ပြောင်းနိုင်တဲ့ ဆင် မြင်း ကျွဲ နွား ရွှေငွေစတာတွေကို ပြောတာပါ။ အင်္ဂသမဥစ္စာဆိုတာက အသက်မွေးဝမ်းကျောင်းဖို့အတွက် တတ်မြောက်ထားတဲ့ စီးပွားရေးအတတ်ပညာမျိုးစုံကို ပြောတာပါ။ အခုဘဝ၊ အခုခန္ဓာကိုယ်နဲ့ သားတွေ မယားတွေရှိနေတဲ့အတွက် ဒီဥစ္စာသုံးမျိုးကိုလဲ သမ္မာအာဇီဝကျစွာနဲ့ ရှာဖွေနေကြရမှာပါ။ ဘာ့ကြောင့် ဘုံဆိုင်ဥစ္စာလို့ ပြောရသလဲဆိုတော့ မိမိသေရင် အားလုံး ထားပစ်ခဲ့ရပြီး ကျန်ရစ်ခဲ့သူအားလုံးက ပိုင်ဆိုင်တဲ့အတွက် ဘုံဆိုင်ဥစ္စာလို့ ပြောရတာပါ။

အနုဂါမိကဥစ္စာဆိုတာ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ဥစ္စာကို ပြောတာပါ။ ကုသိုလ် တစ်ခုခုလုပ်ပြီးရင် ဒီကုသိုလ်ကို မီး၊ မင်း၊ ရေ၊ ခိုးသူ၊ အမွေခံဆိုး ဆိုတဲ့ ရန်သူမျိုးငါးပါးဟာ ဘယ်လိုမှ မဖျက်ဆီး နိုင်တော့တဲ့အတွက် အခုဘဝမှာလည်း ကုသိုလ်တရားဟာ မိမိရဲ့ကိုယ် ပိုင်ဥစ္စာ အစစ်ပါ။ မိမိသေသွားရင်လည်း အရိပ်ပမာ နောက်ကလိုက်ပါပြီး ကောင်းကျိုးပေးမယ့်အတွက် ကုသိုလ်တရားဟာ သံသရာထိ မိမိ ကိုယ်ပိုင်ဥစ္စာ ဖြစ်နေတာပါ။

မယ်တော် လက်တွေ့သံဝေဂရအောင် ဓနုဖြူနယ်ဘက်က မိသားစုသုံးယောက်အကြောင်းကို ပြောပြချင်တယ်။ သူတို့မှာ လင်မယား နှစ်ယောက်ရယ်၊ သမီးအပျိုကြီးတစ်ယောက်ရယ်ပဲ ရှိတယ်။ သူတို့ မိသား စုဟာ ဘုံဆိုင်ဥစ္စာတွေပဲ စုတယ်။ ကိုယ်ပိုင်ဥစ္စကိုတော့ တစ်ခုမှ မစုဘူး။ မလှူရက်၊ မတမ်းရက်၊ မစားရက်၊ မသောက်ရက် စုတာဆိုတော့ ဥစ္စာ စည်းစိမ်တော့ ပေါများချမ်းသာပါရဲ့၊ ဒါပေမယ့် ဘာတရားအသိမှ မရှိ ကြတော့ ကိုယ်ကျင့်သီလ စာရိတ္တကျတော့ ဆင်းရဲလိုက်တာ ကုန်း ကောက်စရာတောင် မရှိဘူးလို့ ပြောရမှာဘဲ။

http://www.dhammadownload.com



မိဘနှစ်ပါးက ဆန်အရောင်းအဝယ် လုပ်တယ်။ သမီးက ရွှေအရောင်းအဝယ် လုပ်တယ်။ သူတို့က ဆန်ကိုဝယ်တဲ့အခါ တစ်ပြည်ပိုဝင်တဲ့ တင်းတောင်းနဲ့ ချင်ယူတယ်။ သူတို့ ပြန်ရောင်းတဲ့အခါ တစ်ပြည် လျော့နေတဲ့ တင်းတောင်းနဲ့ ပြန်ရောင်းတယ်။ ပြည်တောင်းဆိုရင်လဲ သူတို့ဝယ်ရင် တစ်လုံးပိုဝင်တဲ့ ပြည်တောင်း ကိုသုံးပြီး သူတို့ပြန်ရောင်းတဲ့ အခါကျတော့ တစ်ဗူးလျော့နေတဲ့ ပြည်တောင်းကိုသုံးတယ်။

သူ့သမီးကလည်း ရွှေကိုဝယ်တဲ့အခါ ဆီစိမ်ထားတဲ့ ရွှေးစေ့နဲ့ ချိန်ပြီး ဝယ်သတဲ့။ ပြန်ရောင်းတဲ့ အခါကျတော့ ဆီမစိမ်တဲ့ ရွှေးစေ့နဲ့ချိန်ပေးသတဲ့။ ဆီစိမ်တော့ အလေးချိန်က ပိုလေးလာတာကိုး။ ဒီခိုးနည်းတွေ ခိုးခြင်း(၂၅)ပါးမှာ ထေယျာဝဟာရ လိမ်ညာလှည့်ပတ်၍ ခိုးခြင်းလို့ ခေါ်တယ်။ အကုသိုလ်ဆိုတာ အသေးလေးကစပြီး ရှောင်မှ အကြီးကြီးတွေပါ မလုပ်ဖြစ်တော့တာ။ အသေးလေးပဲ မဖြစ်လောက်ပါဘူးဆိုပြီး ကျူးလွန် ပြီဆိုရင်တော့ နောင်တစ်ချိန်မှာ အကြီးကြီးတွေထိကျူးလွန်မိတော့တာပဲ။

## အပြစ်အကြီးဆုံးခိုးမှု

သူတို့မိသားစုဟာ ဝမ်းရေးအတွက် အသေးလေးကစပြီး ခိုးရာကနေ လက်ရဲလာပြီး ခြံချင်းကပ်က သူတစ်ပါးမြေကိုပါ ခိုးလာကြတယ်။ သူတို့ရဲ့ ခြံချင်းကပ်အိမ်က အရင်မိဘတွေလက်ထက်ကတည်းက ရင်းနှီးလာကြတော့ ခြံစည်းရိုး ကာမထားဘူး။ နောက်တော့ တစ်ဘက်ခြံက မိဘတွေ ဆုံးကုန်ကြတော့ ရိုးသားအေးဆေးတဲ့ ညီအစ်ကိုမောင်နှမတွေ ပဲကျန်တယ်။ ပေါက်ပေါက်ရောက်ရောက် ပြောရဲဆိုရဲ လူကြီးမရှိမှန်းသိတော့ သူခိုးမိသားစုသုံးယောက်ဟာ အကြီးမြန်တဲ့ လဲပင်တွေကို ခြံစည်းရိုးနေရာမှာ တန်းစီပြီး စိုက်လိုက်တယ်။

http://www.dhammadownload.com



ဒီလိုစိုက်တဲ့အခါမှာ သူတို့ဘက်မှာ မြေငါးပေလောက် ခိုးထားလိုက်တယ်။ ဟိုဘက်ခြံက မောင်နှမတွေက အေးဆေးသူတွေလဲဖြစ်၊ အရင်တုန်းကတည်းက သိက္ခာမဲ့လာသူတွေဆိုတော့ ဘာမှမပြောကြဘူး။ ဘာမှမပြောမှန်းသိတော့ သူတို့မိသားစုက ပိုလက်ရဲလာတယ်။ နောက်ထပ် ငါးပေလောက်တိုးပြီး လဲပင်တွေကို စိုက်ပြန်တယ်။ ခြံကျယ်ကြီးတွေဆိုတော့ ဒီလိုနည်းနည်းချင်း မရိုးမသားခိုးတာကို ဘေးကလူတွေကတော့ မသိနိုင်ဘူးပေါ့။ အခိုးခံရတဲ့ ကာယကံရှင်ပဲ သိတယ်။

ခိုးခြင်းမျိုးစုံထဲမှာ မြေခိုးတာဟာ အပြစ်အကြီးဆုံးပါပဲ။ ဘာကြောင့်လဲဆိုတော့ အပေါ်ယံကြည့်ရင်သာ နှစ်ပေသုံးပေမို့ မများဘူးထင်ရပေမယ့် အောက်အဝီစိရောက်အောင် တိုင်းကြည့်လိုက်ရင် ဘယ်နည်းမှာလဲ။ ဒါကြောင့် မြေခိုးတဲ့အပြစ်ဟာ အကြီးဆုံးလို့ ပြောတာ။ အကုသိုလ် လုပ်တိုင်းလုပ်တိုင်း ဇော(၇)ချက်စောတယ်။ ဇောဆိုတာ စေတနာပါပဲ။ ကောင်းတဲ့စေတနာက ကောင်းကျိုးပေးသလို မကောင်းတဲ့စေတနာက မကောင်းကျိုးပေးတယ်။

ခိုးတာဆိုရင် အကုသိုလ်စေတနာဇောပေါ့။ ဒီဇော(၇)ချက်ထဲက ပထမဇောက ဒီဘဝမှာ မကောင်းကျိုးပေးတယ်။ သတ္တမဇောက ဒုတိယဘဝမှာ မကောင်းကျိုးပေးတယ်။ ဒီဇောနှစ်မျိုးက အားမကောင်းရင် အကျိုးမပေးနိုင်ပဲ အဟောသိကံ ဖြစ်သွားတာလည်း ရှိတယ်။ ဒါ့ကြောင့် မကောင်းတာလုပ်ပြီး ချမ်းသာသူတစ်ချို့ ရှိသလို ကောင်းတာလုပ်နေတဲ့ ကြားထဲက ဆင်းရဲဒုက္ခရောက်နေသူတွေလဲ ရှိတာပါ။

မကောင်းတာလုပ်ပြီး ကြီးပွားနေတာကိုတွေ့ရရင် အကုသိုလ်ကို အထင်မကြီးလိုက်ပါနဲ့။ အကုသိုလ်မှန်သမျှဟာ မကောင်းကျိုးပဲပေးပါတယ်။ ဘယ်တော့မှ ကောင်းကျိုးကို မပေးပါဘူး။ အခုကောင်းကျိုး ခံစားနေရတယ်ဆိုတာ တစ်ခြားဘဝက ပြုခဲ့တဲ့ကုသိုလ်က

http://www.dhammadownload.com



အရင် အကျိုးပေးနေတာပါ။ အကုသိုလ်ကံက သူ့အလှည့်ကို စောင့်တုန်းပါ။ အကုသိုလ်ကံက သူ့အလှည့်ကျလာပြီဆိုရင်တော့ မကောင်းကျိုးကိုသာ ပေးမှာပါ။

ကောင်းတာလုပ်ပြီး ဆင်းရဲနေတာကိုတွေ့ရင် ကုသိုလ်ကို အ ထင်မသေးလိုက်ပါနဲ့။ ကုသိုလ်မှန်သမျှဟာ ကောင်းကျိုးပဲပေးပါ တယ်။ ဘယ်တော့မှ မကောင်းကျိုးကို မပေးပါဘူး။ အခုဆင်းရဲပြီး မကောင်းကျိုး ခံစားနေရတာက တစ်ခြားဘဝက ပြုခဲ့တဲ့အကုသိုလ်ကံ က အရင်လာပြီး အကျိုးပေးနေတာပါ။ ကုသိုလ်ကံက သူ့အလှည့်ကို စောင့်နေတုန်းပါ။ ကုသိုလ်ကံက သူ့အလှည့်ကျလာပြီဆိုရင်တော့ ကောင်းကျိုးကိုသာ ပေးမှာပါ။

ဒီမိသားစုသုံးယောက်ဟာ နည်းမျိုးစုံနဲ့ ခိုးနေတဲ့ကြားထဲက ကြီး ပွားချမ်းသာနေတော့ ခိုးတဲ့အကုသိုလ်ဟာ ကောင်းကျိုးပေးသလို ဖြစ်နေတာပေါ့။ မဟုတ်ပါဘူး။ ကြီးပွားတာက အရင်ကပြုလုပ်ခဲ့တဲ့ ကောင်းမှု ကြောင့်ပါ။ ခိုးတဲ့ အကုသိုလ်ကတော့ မကောင်းကျိုးကိုသာ ပေးရမှာပါ။ တစ်နေ့တော့ သူတို့လုပ်တဲ့ အကုသိုလ်ကံတွေ မကောင်းကျိုး ပေးဖို့ အချိန်ကျလာတယ်။ ခိုးမှုထဲမှာ ပထမခေါင်းဆောင်ဖြစ်တဲ့ အဖေက သွေးအန်ပြီး ပွဲချင်းပြီးသေတယ်။

ဒီလို အန်တဲ့အခါ သွေးဟာ အနီရောင်တွေသာမကဘူး။ အ နက်ရောင်တွေပါ ပါတယ်။ နောက် လပိုင်းအကြာမှာပဲ ဒုတိယသူခိုး ခေါင်းဆောင်ဖြစ်တဲ့ မိခင်က ဈေးဝယ်ရင်း ဦးနှောက်သွေးကြောပြတ်ပြီး လမ်းမှာပဲ အသက်ဆုံးသွားတယ်။ နောက်ထပ် လပိုင်းအကြာမှာပဲ သမီး အပျိုကြီးကလဲ အိမ်ပေါ်မှာပဲ ကြိုးဆွဲချပြီးသေသွားတယ်။ ဒါက သူတို့ပြု တဲ့ အကုသိုလ်ကံတွေရဲ့ ပထမဇောစေတနာက ပေးတဲ့ဆိုးကျိုးတွေပါ။ သတ္တမဇောစေတနာက နောက် ဒုတိယဘဝမှာ အပါယ်ကို ဆွဲချ

http://www.dhammadownload.com



ပါလိမ့်မယ်။

အလယ်ဇောင်းချက်စေတနာကတော့ သူတို့တစ်တွေကို တတိယဘဝကစပြီး မွဲအောင်၊ ဝတ်အောင်၊ ရလာတဲ့ဥစ္စာစည်းစိမ်တွေကို ရန် သူမျိုးငါးပါးဖျက်ဆီးအောင်၊ မကောင်းကျိုးတွေ လိုက်ပေးမှာပါ။

ဒါကြောင့်-

ပါပေါပိ ပဿတိ ဘဒြံ၊
ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊
အထ ပါပေါ ပါပါနိ ပဿတိ။ (ဓမ္မပဒ)

"မကောင်းမှုကို ပြုလုပ်သောသူသည် ထိုမကောင်းမှု အကျိုးမပေးခင် ကောင်းသောအကျိုးကို တွေ့မြင်ခံစားရ၏။ ပြုခဲ့သော မကောင်းမှု အကျိုးပေးချိန် ရောက်လျှင်ကား မကောင်းမှုကိုပြုသောသူသည် မကောင်းသောအကျိုးကိုသာ တွေ့မြင်ခံစား ရတော့၏"

ဘဒြောပိ ပဿတိ ပါပံ၊
ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊
အထ ဘဒြော ဘဒြာနိ ပဿတိ။ (ဓမ္မပဒ)

"ကောင်းမှုကို ပြုလုပ်သောသူသည် ထိုကောင်းမှုအကျိုး မပေးခင်၊ မကောင်းသော အကျိုးကို တွေ့မြင်ခံစားရ၏။ပြုခဲ့သောကောင်းမှု အကျိုးပေးချိန်ရောက်လျှင်ကား ကောင်းမှုကိုပြုသောသူသည် ကောင်း

http://www.dhammadownload.com



သောအကျိုးကိုသာ တွေ့မြင်ခံစားရတော့၏”

လို့ ဟောတော်မူခဲ့တာပါ။ သူတို့မိသားစုလည်းသေရော ကျန်ခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို ဆွေမျိုးသားချင်းတွေကပဲ ခွဲဝေယူလိုက်ကြတယ်။ ခိုးထားတဲ့ ခြံမြေကိုတော့ တစ်ဘက်ခြံက မောင်နှမတွေကို ပြန်ပေးလိုက်ကြပါတယ်။ သူတို့ကိုယ်ပိုင်လို့ ထင်ထားတဲ့ ဥစ္စာတွေဟာ သူတို့နောက်ကို တစ်ခုမှ လိုက်မလာပါဘူး။ သူတို့ကိုယ်ပိုင်လို့ ထင်မထားတဲ့ သူတို့ပြုခဲ့တဲ့ အကုသိုလ်ကံတွေသာ သူတို့နောက်ကို ထပ်ချပ်မကွာ လိုက်သွားပါတယ်။ ဒါ့ကြောင့် ရှေ့ဥစ္စာသုံးမျိုးကို ဘုံဆိုင်လို့ ပြောတာပါ။ ဒီလိုဖြစ်ရပ်မျိုးတွေကို ကြည့်ပြီး တတိယမြောက် တိပိဋကဓရ ပြည်ဆရာတော်က-

“အထုပ်ကလေးတပြင်ပြင်
အထုပ်ရှင်သေလို့သွား
ကျန်တဲ့သူတွေ ဝေကာစား
အထုပ်ရှင်မှာ အလကား
ဘာကမှလည်း ပါမသွား
သေရွာကျတော့ အပါယ်လား
နိဗ္ဗာန်ရောက်ဖို့ အခက်သား”

လို့ စပ်ဆို သတိပေးတော်မူခဲ့တာ ဖြစ်ပါလိမ့်မယ်။ တောင်ဥက္ကလာပက ဒါယိကာမကြီးဟာ အသက်အရွယ်ရလာတာနဲ့အမျှ ဝိပဿနာတရား နာကြားအားထုတ်မှုဘက်ကို အလေးပေးလာတယ်။ တရားတန်ခိုးကြောင့် အသက်(၇၅)နှစ်သာရှိလာတယ်၊ သတိလည်း ကောင်း၊ ကျန်းမာရေးလည်း ကောင်းတယ်။ တစ်ခါတော့ ရိပ်သာ တစ်ခုမှာ ဆယ်ရက်တရားစခန်း ဝင်နေရင်းကငါးရက်အရမှာ ဒါယိ ကာမကြီးက ရိပ်သာက ပဓာနနာယက ဆရာတော်ကို လျှောက်တယ်။

http://www.dhammadownload.com



## သေမည့်အချိန်ကို ကြိုသိသူ

တပည့်တော်မ ဒီနေ့ညနေ ငါးနာရီတိတိမှာ ဆုံးမှာဖြစ်လို့ ဆရာ တော်ရဲ့တရားစခန်း အလုပ်မပျက်အောင် အိမ်ကို ပြန်ခွင့်ပြုပါ ဘုရားတဲ့။ ဆရာတော်ကိုယ်တိုင်ကလည်း တရားသမားဆိုတော့ ဒါတွေ နားလည် ပြီးသားပါ။ ဒါကြောင့် အေးအေးသက်သာပဲ ခွင့်ပြုလိုက်တယ်။ အာနာ- ပါနသမာဓိကနေ ဝိပဿနာကိုတက်ကြတဲ့ ယောဂီတစ်ချို့ဟာ အခုလိုပဲ မိမိသေမယ့်ရက်ကို ကြိုသိနေတတ်ပါတယ်။ ဒါဟာ အာနာ ပါနသမာဓိ စွမ်းအားကြောင့် သိရတာပါ။ ယောဂီတိုင်းတော့ မသိနိုင် ပါဘူး။

သေတယ်ဆိုတာဟာ တရားမသိတဲ့သူတွေအတွက် အထူးအ ဆန်း ဖြစ်နေပေမယ့် တရားသိတဲ့သူတွေအတွက်ကတော့ အထူးအဆန်း မဟုတ်တော့ပါဘူး။ ပရမတ်ရုပ်နာမ်တွေရဲ့ ခဏတိုင်းသေနေမှု(ခဏိက- မရဏ)ကို အမြဲကြည့်နေတဲ့ ယောဂီအတွက် အများကသမုတ်ထားတဲ့ တစ်ခါတစ်ရံ သေမှု(သမုတိမရဏ)ဟာ အထူးအဆန်း မဟုတ်တော့ဘူး ဆိုတာ သဘာဝကျပါတယ်။

ဒါယိကာမကြီးဟာ သမီးအငယ်ဆုံးအိမ်မှာ သေဖို့နေရာ ရွေး လိုက်တယ်။ အထုပ်အပိုးတွေနဲ့ ပြန်လာတဲ့ အမေကိုတွေ့ရတော့ သမီး ငယ်က တရားစခန်းမပြီးသေးဘဲ ဘာကြောင့် ပြန်ထွက်လာခဲ့တာလဲလို့ မေးတော့ ‘အမေ ဒီနေ့ညနေ ငါးနာရီမှာဆုံးမှာ၊ သမီးအမေ့ကို နောက်ဆုံး ပြုစုခွင့်ရအောင် သမီးအိမ်ကို ရွေးလိုက်တာ’တဲ့။ အသက်ဖုတ်လှိုက်ဖုတ် လှိုက်ဖြစ်နေတဲ့သူမျိုးက ပြောရမယ့်စကားကို ကောင်းကောင်းမွန်မွန် မာမာကျန်းကျန်းနဲ့ မိခင်ကပြောနေတာ ဆိုတော့ သမီးငယ်က မယုံဘူး။ ဒါကြောင့် သူ့အကိုတွေ အစ်မတွေကို တောင် သွားပြီးအကြောင်းမကြားဘူး။

http://www.dhammadownload.com



မိခင်ရဲ့စကားကို မယုံပေမယ့် အမေစိတ်ချမ်းသာရင် ပြီးရော ဆိုပြီး လိုအပ်တာတွေ အကုန်ပြုစုပေးတယ်။ ရေးမိုးချိုး ခေါင်းပါလျှော်ပြီးတာနဲ့ ညနေ(၄)နာရီလောက်မှာ ညနေစာ စားတယ်။ စားသောက်ပြီးတာနဲ့ ကုတင်တစ်လုံးကို ပြင်ခိုင်းတယ်။ ကုတင်ပေါ် ထိုင်ပြီးတာနဲ့ ဝိပဿနာတရားကို နာကြားအားထုတ်သင့်တဲ့အကြောင်း သမီးကို ရှင်းပြတယ်။ မှတ်သားစရာ အကောင်းဆုံး စကားတစ်ခွန်းကတော့-

"သမီးရေ- တစ်ချို့က နောက်ပွင့်မယ့် အရိမေတ္တေယျ ဘုရားရှင်ကို ဆီမီးငါးတိုင်၊ ကြာငါးခိုင်နဲ့ လက်ဦးဖူးတွေ့ ပူဇော်ရပါလို၏လို့ ဆု တောင်းလေ့ရှိကြတယ်။ ဒါပေမယ့် အခုဘဝမှာတော့ ဝိပဿနာ တရားကို နာကြားရကောင်းမှန်း ရှုပွားရကောင်းမှန်း မသိကြဘူး။ ဝိပဿနာနဲ့ပတ် သက်လို့ ရုပ်နာမ်ရဲ့ အဓိပ္ပါယ်ကိုတောင် ကျကျနန မသိခဲ့သူတွေဟာ အရိမေတ္တေယျဘုရားနဲ့တွေ့လည်း တရားရဖို့နေနေ သာသာ ဘုရားမှန်း တောင် သိမှာမဟုတ်ပါဘူး။

တကယ်တော့ သမီးရယ်- တရားကိုမြင်မှ ဘုရားကိုမြင်တာပါ။ တရားကို မမြင်ရင် ဘုရားကို မမြင်ပါဘူး။ ဂေါတမမြတ်စွာဘုရား ဘုရား ဖြစ်တော်မူစက ပဉ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရားဦး ဟောရအောင် မိဂဒါဝုန်တောကို တစ်ပါးတည်းကြွလာတယ်။ လမ်းမှာ ဥပကအမည်ရှိတဲ့ တက္ကတွန်းတစ်ယောက်နဲ့တွေ့တယ်။ ကိလေသာ ကင်းစင်သူတွေရဲ့ တင့်တယ်သပ္ပါယ်မှုဟာ သေးလူတွေအနေနဲ့ ကြည်ညို လို့မဝနိုင်ပါဘူး။

ဒါ့ကြောင့် ဘုရားကိုမြင်မြင်ချင်း ဥပကဟာ အလွန်ကြည်ညို လေးစားသွားတယ်။ ဒါ့ကြောင့် ဘယ်အမည်ရှိတယ်။ ဘယ်ဆရာထံနည်း ခံပြီး တရားကျင့်တယ်ဆိုတာကို မေးမြန်းတယ်။ ဒီတော့ ဘုရားရှင်က

http://www.dhammadownload.com



မာရ်ငါးပါးကို အောင်မြင်တော်မူပြီးဖြစ်လို့ ငါ့အမည်ကို "ဇိန"လို့ ခေါ်တယ်။ ငါ့မှာ ဆရာမရှိ၊ ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိမြင်တော်မူတယ်လို့ မိန့်တော်မူပါတယ်။ ဒီအခါမှာ ဥပကက ခေါင်းလေးတစ်ငြိမ့်ငြိမ့်နဲ့ ဇိနဆိုတာ ဟုတ်လောက်ပါတယ်လို့ မှတ်ချက်ချရင်း ဘုရားရှင် အနားကခွာသွားတယ်။

ဘာတရားမှ နာမသွားခဲ့ဘူး။ ဥပကတက္ကတွန်းဟာ ဘုရားရှင်ကို မျက်စိနဲ့ ကြောင်ကြောင်ကြီး မြင်ရပါတယ်။ ဒါပေမယ့် ဘုရားမှန်းမသိဘူး။ တစ်ခါ ဘုရားရှင်က ငါဟာ မာရ်ငါးပါးကို အောင်မြင်ပြီးတဲ့ ဘုရားရှင်ဖြစ်တယ်လို့ ပြောတာတောင် ဘုရားမှန်းမသိဘဲ အနားကခွာသွားခဲ့တယ်။ ဥပကဟာ ဘုရားနဲ့တွေ့ပေမယ့် အဲဒီအချိန်က ဘာတရားမှ ယူမသွားနိုင်ခဲ့ဘူး။ သူလည်း အရင် ကဿပဘုရားသာသနာ နောက်ပိုင်း ကာလတုန်းက ဝိပဿနာတရားကို နာကြားရှုပွားခြင်းမရှိပဲ နောက်ပွင့်မယ့် ဂေါတမဘုရားကို သူများထက်အရင် ဖူးတွေ့ရပါလို၏လို့ ဆုတောင်းခဲ့ဖူးလိမ့်မယ်။ ဟော- အခု သူ့ဆုတောင်းအတိုင်း ဂေါတမဘုရား ရှင်ကို သူတစ်ပါးထက် အရင်ဖူးတွေ့ရပါတယ်။ ဒါပေမယ့် အရင်ဘဝ ကတည်းက တရားကိုမြင်အောင် မကြိုးစားတော့ အခုဘဝမှာ ဘုရားကို မြင်တွေ့ရသော်လည်း တရားရဖို့နေနေသာသာ ဘုရားမှန်းတောင် မသိခဲ့ပါဘူး။ ဒါကြောင့် သမီးလည်း ဘုရားကို တကယ်မြင်ချင်ရင် အခုဘဝ ကတည်းက တရားကို တကယ်မြင်အောင် ဝိပဿနာတရားကို နာကြားအားထုတ်ပါ"တဲ့။

ဒီစကားလေးကို ပြောပြီး ညနေငါးနာရီထိုးတိတိမှာပဲ ခေါင်းအုံး ပေါ် အသာအယာလှဲချပြီး ပြုံးပြုံးလေး ရုပ်နာမ်ချုပ်သွားခဲ့ပါတယ်။ ပြုံးတယ်ဆိုတာကတော့ မမဲ့တာကို ပြောင်းပြန်ပြန်ပြီး

http://www.dhammadownload.com



ပြောနေကြတာပါ။ အမှန်ကတော့ ကြည်လင်သန့်ရှင်းတဲ့မျက်နှာနဲ့ တည်တည်ကြည်ကြည် ရုပ်နာမ်ချုပ်သွားတယ်လို့ ဆိုလိုတာပါ။ သေမယ့်ဝေဒနာခံစားရတာချင်း တူရဲ့သားနဲ့ ရွှေပြည်သာက ဒကာကြီးဟာ မဲ့သေ သေရပြီး တောင်ဥက္ကလာပက ဒါယိကာမကြီးက ပြုံးသေသေရတာ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းတစ်ခု ထွက်လာတယ်။

## ပြုံး၍သေရခြင်းအကြောင်းနှင့် မဲ့၍သေရခြင်းအကြောင်း

ဒီမေးခွန်းရဲ့အဖြေကို လွန်ခဲ့တဲ့ ၂၅၄၈-ခုနှစ်ကျော်က တည်းက ဗုဒ္ဓက သံယုတ်ပါဠိတော် နကုလပိတုသုတ်မှာ ဟောတော်မူပြီးသားပါ။ ဗုဒ္ဓ ဟောတော်မူချက်အတိုင်း ရှင်းပြပါ့မယ်။ တစ်ခါတော့ မြတ်စွာဘုရား သာသနာပြု တရားဟောကြွတော်မူရင်း သုသုမာရဂိရမြို့ကို ရောက်သွားတယ်။ သုသုမာရဂိရဆိုတာ မိချောင်းအော်သံတွေကြားရတဲ့မြို့လို့ အဓိပ္ပါယ်ရတယ်။ ဗုဒ္ဓ ဒီမြို့ကိုရောက်တာနဲ့ နကုလပိတာနဲ့ နကုလမာတာလို့ အမည်ရတဲ့ အသက်(၇၀)ကျော် အဖိုးကြီးနဲ့ အဖွားကြီး နှစ်ယောက်ဟာ ဗုဒ္ဓကို သားအရင်းတစ်ယောက်လို ရင်းနှီးစွာ ဆက်ဆံပြောဆိုကြတယ်။

"သားရယ်- အဖေနဲ့အမေကိုထားခဲ့ပြီး ဒီလောက်အကြာကြီး ခရီးသွားရသလား။ အဖေနဲ့အမေမှာ သားကိုမတွေ့ရလို့ စားလို့မဝင်၊ အိပ်လို့ မပျော်ဖြစ်ရတယ်" စသည်ဖြင့် ပြောကြတော့ ဘုရားနဲ့ပါလာတဲ့ သံဃာတွေက မဟုတ်တမ်းစကားတွေကို ပတ်ချွဲ၊ နပ်ချွဲပြောတယ်ဆိုပြီး ကဲ့ရဲ့ကြတယ်။ ဒီအခါကျမှ ဘုရားရှင်က ရှင်းပြတယ်။

"ချစ်သားတို့- အဖိုးနဲ့အဖွားကို မကဲ့ရဲ့ကြနဲ့ သူတို့နှစ်ယောက်ဟာ ငါဘုရားရဲ့မိခင်ဖခင်အဖြစ် ဘဝပေါင်းတစ်ထောင်စီ ဖြစ်ခဲ့ကြတယ်။ ဒါ့ကြောင့် အခုဘဝမှာလည်း တကယ့်သားအရင်းလို စွဲထင်

http://www.dhammadownload.com



နေကြခြင်း ဖြစ်တယ်" လို့ ရှင်းပြတော်မူရတယ်။ တစ်နေ့တော့ နကုလ ပိတာအဖိုးဟာ ကျောင်းကို တစ်ယောက်တည်းရောက်လာပြီး အခုလို လျှောက်တယ်။

"မြတ်စွာဘုရား- တပည့်တော်တို့အရွယ်ဟာ အသက်ကြီးရင့် လာပြီဖြစ်လို့ ခန္ဓာကိုယ်ဟာ အမြဲတမ်းနာကျင်နေပါတယ်။ ဒါကြောင့် တပည့်တော်တို့ အသက်ကြီးရင့်သူများနဲ့ ကိုက်ညီတဲ့တရား ကျင့်စဉ် တစ်ခု ကို ချီးမြှင့်တော်မူပါ"

ဒီတော့ မြတ်စွာဘုရားက အတိုဆုံး အကျဉ်းဆုံးတရားတစ်ပုဒ် ကို ချီးမြှင့်လိုက်တယ်။

"ကိုယ်နာသော်လည်း စိတ်မနာပါစေနဲ့" တဲ့။

ဒီတရားကို နကုလပိတာ သိပ်နှစ်သက်တယ်။ ဒါ့ကြောင့် မြတ် စွာဘုရားကို အကျယ်ရှင်းပြခိုင်းဖို့တောင် သတိမရတော့ဘဲ ဝမ်းသာ အားရ ဘုရားကိုဦးချပြီး ပြန်လာတယ်။ ကျောင်းဝိုင်းထဲက ထွက်ခါနီး ကျမှ အရှင်သာရိပုတ္တရာကို သတိရတာနဲ့ သွားဦးချရှိခိုးတယ်။ အရှင် သာရိပုတ္တရာက နကုလပိတာရဲ့ ကြည်လင်နေတဲ့ မျက်နှာကို ကြည့်ပြီး အခုလို မေးလိုက်တယ်။

"နကုလပိတာဒကာကြီး သင့်ရဲ့မျက်နှာဟာ အထူးကြည်လင် လှပေတယ်။ မြတ်စွာဘုရားထံက ထူးမြတ်တဲ့တရားကို နာခဲ့ရဟန် တူတယ်"

ဒီတော့ နကုလပိတာက-

"မှန်ပါတယ်ဘုရား၊ ဗုဒ္ဓက ကိုယ်ပင်နာသော်လည်း စိတ်မနာ ပါစေနဲ့လို့ ဟောလိုက်တဲ့တရားကို တပည့်တော် အလွန်အားရနှစ်သက် တဲ့အတွက်ကြောင့် မျက်နှာကြည်လင်နေရတာပါ" လို့ပြန်လျှောက်တယ်။

http://www.dhammadownload.com



ဒီတော့ အရှင်သာရိပုတ္တရာက-

"ကိုယ်ပင် နာသော်လည်း စိတ်မနာပါစေနဲ့ဆိုတဲ့ တရားရဲ့ အဓိပ္ပါယ် အကျယ်ကို ဒကာကြီးသိပါသလား"လို့ မေးလိုက်တော့ နကုလပိတာက ပြန်လျှောက်တယ်။

"အကျယ်ကိုတော့ မသိပါဘုရား၊ ဖြစ်နိုင်ရင် အရှင်မြတ်ကပဲ အကျယ်ချဲ့ဟောပေးပါ" လို့ တောင်းပန်တယ်။

အရှင်သာရိပုတ္တရာက အကျယ်ချဲ့ပြီးဟောပေးပါတယ်။ အရှင်- သာရိပုတ္တရာ ဟောတာဖြစ်ပေမယ့် မြတ်စွာဘုရားဟောတာနဲ့ အတူတူ ပါပဲ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓကိုယ်တော်တိုင်က ငါဘုရား ဟောရင်လဲ ဒီအတိုင်းပဲဖြစ်မှာလို့ ထောက်ခံချက် ပေးထားတဲ့အတွက် ကြောင့်ပါ။ ဥပမာအားဖြင့် အတွင်းရေးမှူးရေးထားတဲ့ အမိန့် ထုတ်ပြန်ချက်ကို ဥက္ကဋ္ဌက လက်မှတ်ထိုးလိုက်တာနဲ့ ဥက္ကဋ္ဌအာဘော် အမိန့်ဖြစ်သွားသလိုပါပဲ။ တခြားရဟန္တာတွေဟောတဲ့ သုတ်မှန်သမျှကို လည်း အခုလိုပဲ မှတ်ကြရ မှာပါ။

အရှင်သာရိပုတ္တရာဟောတဲ့ တရားအနှစ်ချုပ်ကို မယ်တော် နားလည်မယ့် စကားလုံးနဲ့ ပြန်ပြောပါ့မယ်။ ခန္ဓာတစ်ပါးမှာ ငါစွဲ သက္ကာယဒိဋ္ဌိဟာ လေးမျိုးရှိပါတယ်။ ဖောက်ပြန်တဲ့ သဘောတရား သာရှိတဲ့ ရူပက္ခန္ဓာအပေါ်မှာ-

"ရူပက္ခန္ဓာသည် ငါဟုတ်၏
ငါသည် ရူပက္ခန္ဓာဟုတ်၏
ရူပက္ခန္ဓာထဲ၌ ငါရှိ၏
ငါထဲ၌ ရူပက္ခန္ဓာရှိ၏"

လို့ အယူစွဲ ဒိဋ္ဌိ လေးမျိုးရှိတယ်။ ဒီလို ရူပက္ခန္ဓာအပေါ်မှာ

http://www.dhammadownload.com



ငါလို့ အစွဲအယူမှားနေရင် ရူပက္ခန္ဓာကြီးပျက်တဲ့အခါ (သေတဲ့အခါ) ကိုယ်လည်း နာပါတယ်။ စိတ်လည်း နာပါတယ်။ ဒါကြောင့် မဲ့သေ သေရတာ ပါ။ ဝိပဿနာတရားကို နာကြားရှုပွားတဲ့အတွက်-

"ရူပက္ခန္ဓာသည် ငါ မဟုတ်
ငါသည် ရူပက္ခန္ဓာ မဟုတ်
ရူပက္ခန္ဓာထဲ၌ ငါ မရှိ
ငါထဲ၌ ရူပက္ခန္ဓာ မရှိ"

ဖောက်ပြန်သော သဘောတရား ရူပက္ခန္ဓာသာရှိတယ်။ ငါဆို တာ မရှိလို့ ပြတ်သားစွာ သိသွားတဲ့သူကြတော့ ရူပက္ခန္ဓာကြီးပျက်စီးတဲ့ အခါ (သေတဲ့အခါ) ကိုယ်သာ နာပါတယ်။ စိတ် မနာပါဘူး။ ဒါကြောင့် တောင်ဥက္ကလာပက ဒါယိကာမကြီးဟာ ပြုံးသေ သေရတာပါ။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံတို့ရဲ့အရ သာကို ခံစားခြင်းသဘောတရား ဝေဒနာက္ခန္ဓာအပေါ်မှာ တရားမသိသူ က-

"ဝေဒနာက္ခန္ဓာသည် ငါဟုတ်၏
ငါသည် ဝေဒနာက္ခန္ဓာဟုတ်၏
ဝေဒနာက္ခန္ဓာထဲ၌ ငါရှိ၏
ငါထဲ၌ ဝေဒနာက္ခန္ဓာရှိ၏"

လို့ အယူမှားတယ်။ ရှင်းအောင်ပြောရရင် ဝေဒနာကို ငါလို့ အယူ မှားတာပဲ။ ဒီလို အယူမှားရင် ခန္ဓာကြီးပျက်စီးတဲ့အခါ (သေတဲ့ အခါ) ကိုယ်လည်း နာပါတယ်။ စိတ်လည်း နာပါတယ်။ သေခါနီးမှာ ရုပ်က သေလောက်အောင် ဓာတ်ကြီးလေးပါး မမျှမတဖြစ်ပြီး ဖောက်ပြန် ပါတယ်။ ဖောက်ပြန်တဲ့ဒဏ်ကို ဝေဒနာက္ခန္ဓာက

http://www.dhammadownload.com



ခံစားပါတယ်။ ရွှေပြည်သာက ဒကာကြီးက ဖောက်ပြန်တဲ့ သဘော တရား ရူပက္ခန္ဓာကိုလည်း ငါလို့ စွဲယူတယ်။ ခံစားတဲ့ ဝေဒနာက္ခန္ဓာ ကိုလည်း ငါလို့ စွဲယူတယ်။ ဒါကြောင့် ကိုယ်လည်း နာ၊ စိတ်လည်း နာပြီး မွဲသေ သေရတာပါ။

တရားသိသွားတဲ့ တောင်ဥက္ကလာပက ဒါယိကာမကြီးကျ တော့-

"ခံစားခြင်းသဘောတရား ဝေဒနာက္ခန္ဓာသည် ငါ မဟုတ်
ငါသည် ဝေဒနာက္ခန္ဓာ မဟုတ်
ဝေဒနာက္ခန္ဓာထဲ၌ ငါ မရှိ
ငါထဲ၌ ဝေဒနာက္ခန္ဓာ မရှိ"

လို့ ပြတ်ပြတ်သားသား ပညာနဲ့သိထားပါတယ်။ ဒါကြောင့် သေ ခါနီးရုပ်တွေက မခံနိုင်လောက်အောင် ဖောက်ပြန်လာတဲ့အခါ ဝေဒနာကို မချိမဆန့် ခံစားလာရတဲ့အခါ ဖောက်ပြန်တဲ့သဘောတရား ရူပက္ခန္ဓာ ကလည်း ငါမဟုတ်ဘူး။ မမြဲတဲ့ ရုပ်တရား ခံစားတဲ့သဘောတ ရား ဝေဒနာက္ခန္ဓာကလည်း ငါမဟုတ်ဘူး။ မမြဲတဲ့ဝေဒနာပဲလို့ ဝိပဿနာ ပညာနဲ့သိတဲ့အတွက် ခံနိုင်ရည်ရှိပြီး ပြုံးသေ သေနိုင်တာပါ။ ကျန်ခန္ဓာ သုံးပါးမှာလည်း မယ်တော်ကြီးတို့ နည်းမှီပြီး သိနိုင်ပါပြီ။ ဒီတရားအဆုံးမှာ နကုလပိတာအဖို့ တရားရသွားသလို မယ်တော်ကြီး နဲ့တကွ မိသားစုအားလုံးလည်း တရားရကြပါစေ။

## မင်္ဂိုလ်ရအောင် တရားနာနည်း

အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ပုဏ္ဏိယသုတ်မှ ဗုဒ္ဓနှင့် ရှင်- ပုဏ္ဏိယတို့၏ အမေးအဖြေများ ဖြစ်သည်။

"မြတ်စွာဘုရား လူတိုင်းတရားဉာဏ်ပေါက်ရောက်နိုင်ပါ

http://www.dhammadownload.com



သလားဘုရား"

"လူတိုင်း တရားဉာဏ်မပေါက်ရောက်နိုင်ဘူး ချစ်သား"

"တရားဉာဏ်ပေါက်ရောက်နိုင်ရန် ဘယ်အချက်ပေါ်မှာ တည်ပါသလဲဘုရား"

"ယုံကြည်မှု ရှိခြင်း၊ မရှိခြင်း အပေါ်မှာ တည်တယ် ချစ်သား၊ ယုံကြည်မှု ရှိလာလျှင် သူတော်ကောင်းတို့ထံ၌ ဆည်းကပ်နိုင်တယ်"

"သူတော်ကောင်းထံ ဆည်းကပ်တိုင်း တရားသိနိုင်ပါသလား"

"မသိနိုင်ဘူး ချစ်သား၊ ထို သူတော်ကောင်းနှင့် ဆွေးနွေးခြင်း၊ မဆွေးနွေးခြင်း အပေါ်မှာတည်ဘယ်"

"ဆွေးနွေးလျှင်ကော တရားသိနိုင်ပါသလားဘုရား"

"ဆွေးနွေးတိုင်းလည်း မသိနိုင်ဘူး ချစ်သား၊ ကောင်းစွာ နားထောင်ခြင်း၊ နားမထောင်ခြင်း အပေါ်မှာ တည်တယ်"

**မှတ်ချက်။** ။ သူတော်ကောင်းနှင့်တွေ့ရစဉ် တရားကို သေချာ နာယူဖို့ အရေးမစိုက်ဘဲ ကိုယ်သိတာတွေချည်း ရှောက်ပြောနေတတ်သူများ တရားရဖို့ ခဲယဉ်းကြောင်း ဤအချက်က မီးမောင်းထိုးပြ၏။

"ကောင်းစွာ နားထောင်တိုင်း တရားရပါသလားဘုရား"

"နားထောင်တိုင်း တရားမရနိုင်ဘူး ချစ်သား၊ မှတ်သားမှု ရှိခြင်း၊ မရှိခြင်း အပေါ်မှာ တည်နေပြန်တယ်"

"မှတ်သားမှု ရှိလျှင်ကော တရားရနိုင်ပါမည်လားဘုရား"

"မရနိုင်ဘူး ချစ်သား၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်မှု၊ မဆင်ခြင်မှု အပေါ်၌ တည်ပြန်တယ် ချစ်သား"

"ဆင်ခြင်မှု ရှိလျှင်ကော တရားပေါက်ပြီးလား ဘုရား"

http://www.dhammadownload.com



"တရားမနပါက်သေးဘူး ချစ်သား၊ လက်တွေ့ ကျင့်သုံးမှ သာလျှင် တရားပေါက်ရောက်နိုင်တယ် ချစ်သား"

## ပန်းကုံးအသွင် ဉာဏ်စဉ်ဆယ်ပါး

မေး။ ။ ဒကာကြီး သိချင်တယ်ဆိုတာ ဘာလဲ။

ဖြေ။ ။ ဥဒယဗ္ဗယဉာဏ်စတဲ့ ဉာဏ်စဉ်ဆယ်ပါးနဲ့ "ထိသိ" နဲ့ဟာ ဘယ်လိုများ အဆက်အသွယ် အကူးအသန်းရှိတယ် ဆိုတာကို မသိ လို့ပါဘုရား။

မေး။ ။ အခု သိသော/ မသိသော လုပ်မနေနဲ့ ပန်းပွင့်တွေ ဟာ သီကုံးထားတယ်ဆိုပါတော့ဗျ။ ဒီလို သီကုံးထားလို့ရှိရင် ဒကာကြီး ပန်းကုံးပေးပါလို့ဆိုရင် ဘယ်ကယူမလဲ။ တစ်နေရာက သာသာလေးယူ လိုက်ရင် ဘယ်နှယ့်လဲ။

ဖြေ။ ။ တစ်နေရာက ကြိုးကလေးကို ဆွဲလိုက်ရင် အကုန် လုံး ပါပါတယ်ဘုရား။

မေး။ ။ ပန်းပွင့်ပေါင်း ဘယ်လောက်ကုံးထားထား ပါ မလား။

ဖြေ။ ။ ပန်းပွင့်ပေါင်း ကြိုးရှည် ရှည်သလောက် ပါပါတယ် ဘုရား။

မေး။ ။ အခုလဲပဲ ဒကာကြီးဉာဏ်စဉ်က ဘယ်လောက်လဲ။

ဖြေ။ ။ ဆယ်ပါးပါဘုရား။

မေး။ ။ အဲဒါ သီကုံးထားတာနဲ့ မတူဘူးလား။ ဒီတော့ အခုနက ဟာလေး အစဖြစ်တယ်။ အဲဒီကသာ ဆွဲလိုက်ပါ။ ဘယ်ဟာမှ ပြုတ်ကျမှာ မဟုတ်ဘူး။

ဖြေ။ ။ အကုန်ပါမှာလားဘုရား။

မေး။ ။ ပါ/မပါ ဆွဲကြည့်ပါလား။ ဒါလည်း သီကုံးထား

http://www.dhammadownload.com



တာပဲ။

ဖြေ။ ။ တပည့်တော်တို့ ပန်းလည်း မကုံးတတ်သေးဘူး ဘုရား။ ဘယ်နေရာက ကုံးရမှန်းလည်း မသိဘူးဘုရား။

မေး။ ။ ဒါက ဒကာကြီး သီကုံးရတာမဟုတ်ဘူး။ ဘုရားရှင်က သီကုံးတော်မူထားတာ။

ဖြေ။ ။ ဘယ်နေရာက စဆွဲရမှန်း မသိလို့ပါဘုရား။

မေး။ ။ အဲဒါ မလွှတ်နဲ့၊ အဲဒါ အစဘဲ၊ မှတ်ထား၊ ကြားလား၊ အဲဒီကနေသာ ဆွဲ၊ အကုန်လုံး ပါလိမ့်မယ် ဟုတ်ပါရဲ့လားဗျာ။

ဖြေ။ ။ ဟုတ်ပါ့ဘုရား၊ ဒါဖြင့် "ထိသိ"နေရာလေးက ကြိုးဆွဲပါတော့မယ် ဘုရား။

မေး။ ။ အားစိုက်လို့သာ ဆွဲကြည့်ပါဗျ၊ ကုံးပြီး သီပြီးသားတွေပဲဗျ။

(ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး- ၁၉၅၅ ခုနှစ်၊ မေလ- ၃၁ ရက် နေ့ညရန်ကုန်တက္ကသိုလ်မှာရုံ၌ ဟောကြားသော "အပ္ပမာဒေန သမ္ပာဒေထ" တရားတော်မှ)

**မှတ်ချက်**။ ။ လေထွက်သောအခါ နှာသီးဝကို ထိ၍ ထွက်ရ၏။ ဝင်သောအခါ နှာသီးဝကိုထိ၍ ဝင်ရ၏။ ထိုကဲ့သို့ ထိတာကို စိတ်က သိပေးနေရမည်။ ဤသည်ကိုပင် "အဲဒီကနေသာ ဆွဲ၊ အကုန်လုံး ပါလိမ့်မယ်" ဟု ဆိုခြင်း ဖြစ်၏။

တရားတော်၌ "ထိသိ"ဟု ဟော၏။ ထိသဘောသည် ရုပ်၊ သိ သဘောသည် နာမ်။ ထို ရုပ်နာမ်၏ မမြဲမှုကို သိနေလျှင် ဉာဏ်စဉ်ဆယ်ပါး အလိုလို ပါသွားပြီး မဂ်ဖိုလ်ရမည်ဟု ဆိုလိုခြင်း ဖြစ်၏။

http://www.dhammadownload.com



ဤတရားတော်ကို ထောက်၍ 'ဖြစ်ပျက်'ကို ရှုသည်ဖြစ်စေ၊ 'ဖောင်းပိန်' ကို ရှုသည်ဖြစ်စေ၊ 'ထိသိ'ကို ရှုသည်ဖြစ်စေ ၊ ခန္ဓာငါးပါး အနိစ္စကို ရှုသည်ဖြစ်စေ၊ သဘောတရားသာရှိသော ရုပ်နာမ်၏ အဖြစ် အပျက်အပေါ် ဉာဏ်စိုက်နိုင်လျှင် ဉာဏ်စဉ်ဆယ်ပါး အလိုလို ဝင်၍ မဂ်ဖိုလ်ရမည် ဖြစ်ကြောင်းကို မှတ်သားအပ်၏။

(မယ်တော်ကြီးထံ ဝိပဿနာပေးစာပြီး၏)။

မေတ္တာရှင်(ရွှေပြည်သာ)

* * *

http://www.dhammadownload.com

# မေတ္တာရှင်(ရွှေပြည်သာ) ၏ စာအုပ်များ

## စာအုပ်အမည်


၁။ မျက်ရည်မကျခင်သိစေချင်
၂။ ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း(၁)
၃။ ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း(၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်းအံ့မခန်း
၆။ သီလအစွမ်းအံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မဂ်တားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစာစုများ(မင်းဟိန်းထိဝ်နှင့်အတူ)
၁၁။ မြန်မာတို့၏အသက်
၁၂။ အရှုံးမရှိသောဒဿန
၁၃။ မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင်(အိတ်)
၁၄။ တကယ့်ဗုဒ္ဓဘာသာနှင့်သစ္စာလေးပါး(အိတ်ဆောင်)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ(၁+၂)
၁၆။ ကျောင်းအစ်မနတ်သမီးအလှူကြီး
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသောအတွေးအမြင်များ(၁)
၁၉။ ဆရာကောင်းကို ရှာဖွေခြင်း
၂၀။ စုန်လမ်းနှင့်ဆန်လမ်း(အိတ်ဆောင်)
၂၁။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ(၃+၄)
၂၂။ ဘဝနှင့်ရင်းရသောအတွေးအမြင်များ(၂)

http://www.dhammadownload.com

၂၃။ အသေမြတ်ချင်သေနည်းသင်(အိတ်ဆောင်)
၂၄။ မေတ္တာဖြင့် စီးပွားရှာခြင်း
၂၅။ သညာသိနှင့်ပညာသိ(သုဒ္ဓဝိပဿနာကျင့်စဉ်)
ယခု----
၂၆။ မဂ်ဖိုလ်ရမည့်သမာဓိအဆင့်ဆင့်(မယ်တော်ကြီးထံ ဝိပဿနာပေးစာ)

* * *